# မြဝတီ

နေ့စဉ်

ပြည်သူ့လက်ဝယ် အချိန်မီရောက်မည် မြဝတီ


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

နေမင်းသည် နေ့၌တောက်ပ၏။ လဝန်းသည် ညဥ့်၌ထွန်းလင်း၏။ မင်းသည် ချပ်ဝတ်တန်ဆာဆင်သော် တောက်ပ၏။ ဗြာဟ္မဏသည် ဈာန်ဝင်စားသော် တောက်ပ၏။ ဗုဒ္ဓဘုရားရှင်သည် နေ့ညဥ့်ပတ်လုံး တန်ခိုးတော်ဖြင့်တောက်ပ၏။ **ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**မှန်ကန်ရွေးချယ် မဲပေးမယ်**
**စတင်ရွေ့လှမ်း အနာဂတ်လမ်း။**


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၂၃၅)

၁၃၈၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅ ရက်
၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၉ ရက်၊ အင်္ဂါနေ့


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ကာတာနိုင်ငံ၏ အမျိုးသားနေ့အထိမ်းအမှတ် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်




နေပြည်တော် ဒီဇင်ဘာ ၈

ကာတာနိုင်ငံ၏အမျိုးသားနေ့အထိမ်းအမှတ်ညစာစားပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ Lotte Hotel ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့်ဇနီး တက်ရောက်သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် နိုင်ငံခြားသံရုံးများမှသံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများကို မြန်မာနိုင်ငံဆိုင်ရာ ကာတာနိုင်ငံ သံရုံးတာဝန်ခံ Mr.Ahmad Ali R.A. AL-Marri နှင့် တာဝန်ရှိသူများက ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သီချင်းနှင့် ကာတာနိုင်ငံတော်သီချင်းတို့ဖြင့်

**စာမျက်နှာ ၁၁ ကော်လံ ၁ ❍**

နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့်ဇနီး ကာတာနိုင်ငံ၏အမျိုးသားနေ့အထိမ်းအမှတ် ညစာစားပွဲအခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။



# ပြည်ပရောက်မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေး

နေပြည်တော် ဒီဇင်ဘာ ၈

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် ပြည်ပရောက်မြန်မာနိုင်ငံသားများကြိုတင်မဲပေးနိုင်ရန် မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊

**စာမျက်နှာ ၁၁ ကော်လံ ၁❒**

ကွာလာလမ်ပူမြို့ရှိ မြန်မာသံရုံးတွင် ပြည်ပရောက်မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေးနေမှုကိုတွေ့ရစဉ်။

## မြန်မာအီလက်ထရောနစ်မဲပေးစက် (Myanmar Electronic Voting Machine )အသုံးပြုခြင်းဖြင့် အဂတိလိုက်စားမှုကို တိုက်ဖျက်စို့

စာ - ၁၃ သို့




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၉ ရက်)

# ဖြောင့်မတ်တည်ကြည်သောအနာဂတ်သို့

၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့သည် (၂၂)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ဖြစ်သည်။ ယခုနှစ်အတွက်ဆောင်ပုဒ်မှာ **"ဖြောင့်မတ်တည်ကြည်သော အနာဂတ်ကိုဖော်ဆောင်ဖို့ အဂတိတိုက်ဖျက်လူငယ်များနှင့်လက်ချင်းဆက်ကြပါစို့"** ဖြစ်သည်။ ကုလသမဂ္ဂအဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်းကို ၂၀၀၃ ခုနှစ်တွင်ကျင်းပခဲ့ပြီး ကုလသမဂ္ဂအထွေထွေညီလာခံဆုံးဖြတ်ချက်အမှတ် ၅၈/၄ အရ အဂတိလိုက်စားမှုများကို ကမ္ဘာ့နိုင်ငံများစုပေါင်းစွမ်းအားဖြင့် တိုက်ဖျက်နိုင်ရေးသဘောတူညီခဲ့ကြသည်။ ကွန်ဗင်းရှင်းပါပြဋ္ဌာန်းချက်များကို ထိရောက်စွာအကောင်အထည်ဖော်နိုင်ရေးနှင့်အဂတိလိုက်စားမှုတိုက်ဖျက်ရေးတွင် အဖွဲ့ဝင်နိုင်ငံအချင်းချင်းပိုမိုနီးကပ်စွာပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ဒီဇင်ဘာလ ၉ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အဖြစ် သတ်မှတ်ခဲ့သည်။

မြန်မာနိုင်ငံသည် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ကွန်ဗင်းရှင်းသို့အဖွဲ့ဝင်အဖြစ်ဝင်ရောက်ခဲ့ပြီး နိုင်ငံတကာနှင့်လက်တွဲဆောင်ရွက်ခဲ့သည်။ ထို့နောက် ၂၀၁၃ ခုနှစ်တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကိုပြဋ္ဌာန်းခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကိုစတင်ဖွဲ့စည်းပြီး **"အဂတိပယ်ခွာ ပြည်သာယာ"** ဆောင်ပုဒ်ကိုလက်ကိုင်ထားလျက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိသည်။ အဂတိလိုက်စားမှုများကင်းဝေးပပျောက်မှသာ နိုင်ငံတော်သည်ပိုမိုကောင်းမွန်သာယာမည်ဖြစ်သည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ၏ရည်ရွယ်ချက်များမှာ "အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ဆောင်ရွက်ရန်၊ သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်ဖြစ်ထွန်းစေရန်၊ အများပြည်သူဆိုင်ရာ အုပ်ချုပ်ရေးတွင် ဂုဏ်သိက္ခာနှင့် တာဝန်ယူနိုင်မှုမြင့်မားတိုးတက်လာစေရန်၊ အဂတိလိုက်စားမှုများကြောင့် နိုင်ငံတော်ပိုင်ပစ္စည်းများ၊ လူ့အဖွဲ့အစည်းနှင့် နိုင်ငံသားများ၏အခွင့်အရေးနှင့် အကျိုးစီးပွားများကို ထိခိုက်မှုမရှိစေရေးအတွက် အကာအကွယ်ပေးရန်၊ အဂတိလိုက်စားမှုကျူးလွန်သူများအား ထိရောက်စွာအရေးယူရန်၊ တရားဥပဒေစိုးမိုးရေးနှင့် အုပ်ချုပ်ရေးကဏ္ဍများ၌ ပိုမိုပွင့်လင်းမြင်သာမှုရှိပြီး ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန်"ဖြစ်သည်။

အဂတိလိုက်စားမှုများတွင် အသေးစားအဂတိလိုက်စားမှုများလျော့နည်းကျဆင်းလာပြီး ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ၏အရည်အသွေးများ တိုးတက်ကောင်းမွန်လာစေရေးအတွက် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ အများပြည်သူဝန်ဆောင်မှုလုပ်ငန်းများအပေါ် ပြည်သူလူထု၏ယုံကြည်မှုပိုမိုတိုးတက်လာစေရေးအတွက် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကိုလည်း ဝန်ကြီးဌာန/အဖွဲ့အစည်း ၃၃ ခုနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့သုံးခုတို့တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ပြည်သူများအနေဖြင့် မိမိတို့ရယူသည့်ဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍ သဘောထားအကြံပြုချက်များကို Short Code နံပါတ် 1111 မှတစ်ဆင့် ပြန်လည်ဖော်ပြပေးပို့နိုင်ကြောင်းလည်းအသိပေးထားပြီးဖြစ်သည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုသည်မှာ လူတို့၏ကိုယ်ကျင့်သိက္ခာဖောက်ဖျက်မှုများကို ဥပဒေနှင့်အညီတည့်မတ်ပေးခြင်းသာဖြစ်သဖြင့် မျိုးဆက်သစ်လူငယ်များ ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေးဆောင်ရွက်ခြင်းသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေး၏အနှစ်သာရဖြစ်သည်။ အမျိုးသားစည်းကမ်းအစစာသင်ကျောင်းကဆိုသည့်အတိုင်း မျိုးဆက်သစ်များကို ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေးအတွက် ကျင့်ဝတ်လိုက်နာရေးဆိုင်ရာ အသိပညာပေးလှုပ်ရှားမှုများကိုဆောင်ရွက်လျက်ရှိသည်။ ၂၀၂၂ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ ကျောင်းသားလူငယ်ဖြောင့်မတ်တည်ကြည်ရေးအစီအစဉ်အဖြစ် အခြေခံပညာကျောင်း ၃၂၁ ကျောင်းတွင် ဆောင်ရွက်နိုင်ခဲ့သည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့်လူငယ်တို့၏အခန်းကဏ္ဍ စကားဝိုင်းဆွေးနွေးပွဲများကိုလည်း တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့်စာသင်ကျောင်း ၄၅ ခုတွင်ဆောင်ရွက်နိုင်ခဲ့သည်။

မျိုးဆက်သစ်လူငယ်များကို နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေးအတွက် ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန်ဆောင်ရွက်ရာတွင် စာရိတ္တဗလမှာအဓိကဖြစ်သည်။ အဂတိလိုက်စားမှုသည် စာရိတ္တဗလပျက်ယွင်းခြင်းဖြစ်သည်။ ထို့ကြောင့် မျိုးဆက်သစ်လူငယ်များကို ကျောင်းနေစဉ်အရွယ်မှစ၍ ဖြောင့်မတ်တည်ကြည်နေစေရန်မှာ ဆရာ၊ ဆရာမများ၏အခန်းကဏ္ဍသည်လည်းအထူးအရေးပါလှသည်။ ထို့ကြောင့် ဆရာ၊ ဆရာမများမွမ်းမံသင်တန်းများ၌ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာအသိပညာပေးသင်ခန်းစာဆွေးနွေးပို့ချခြင်းများကို၂၁၃ ကြိမ်အထိ ဆောင်ရွက်ခဲ့သည်။ လူငယ်မောင်မယ်၊ ကျောင်းသား၊ ကျောင်းသူများကို ငယ်ရွယ်စဉ်ကစပြီး အဂတိကင်းရှင်းစေရန်၊ စိတ်ထားဖြူစင်သန့်ရှင်းစေရန်၊ လူ့သိက္ခာနှင့်လူမှုကျင့်ဝတ်များကိုသွန်သင်ဆုံးမပေးရမည်ဖြစ်သည်။ သို့မှသာ **"ဖြောင့်မတ်တည်ကြည်သောအနာဂတ်ကိုဖော်ဆောင်ဖို့ အဂတိတိုက်ဖျက်လူငယ်များနှင့်လက်ချင်းဆက်ကြပါစို့"** ဆောင်ပုဒ်နှင့်အညီ ဖြောင့်မတ်တည်ကြည်သောအနာဂတ်ကိုဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း ယနေ့တွင်ကျရောက်သော အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ကို ဂုဏ်ပြုရေးသားလိုက်ရပေသည်။ ။

---

**၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ**

**ရွေးကောက်ပွဲကျင်းပရန် ၁၉ ရက် သာ လိုတော့သည်။**

**လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်**

---

# ကျေးလက်နေမိသားစုဝင်ငွေတိုးစီမံကိန်းဖြင့် လုပ်ငန်းထူထောင်ထားသူများအား ကွင်းဆင်းကြည့်ရှု

**ပြည် ဒီဇင်ဘာ ၈**

ပဲခူးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ကြီးကြပ်မှုအောက်ရှိ ပြည်ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း အသေးစားကုန်ထုတ်လုပ်ငန်းများဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ပေါင်းတည်မြို့နယ်ကြူတောကန်ကျေးရွာအုပ်စု နတ်ပုတီးကျေးရွာမှ လူသုံးကုန်လုပ်ငန်း ထူထောင်ထားသည့် လုပ်ငန်းရှင်ငါးဦးတို့၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ဒီဇင်ဘာလ ၈ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုသည်။

ထိုသို့ကွင်းဆင်းကြည့်ရှုရာတွင် ပြည်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဒေါ်ဖြိုးဖြိုးအောင်နှင့် တာဝန်ရှိသူများက လူသုံးကုန်ဆပ်ပြာဆီလုပ်ငန်း ထူထောင်ထားသည့် လုပ်ငန်းရှင်များ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ ၎င်းတို့၏ လုပ်ငန်းများအား အသေးစားစက်မှုလက်မှုလုပ်ငန်းမှတ်ပုံတင်များ လာရောက်လျှောက်ထားရာတွင် မှတ်ပုံတင်ပေးနိုင်ရေးအတွက် ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများက ကွင်းဆင်းကြည့်ရှု၍ လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးကြောင်း သိရသည်။

(၄၁၀)

---

# ညောင်ကုန်းကျေးရွာ၌ ကျေးရွာမတည်စီမံကိန်းရန်ပုံငွေထုတ်ချေး

**နောင်ချို ဒီဇင်ဘာ ၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာစေရန်အတွက် ရည်ရွယ်၍ နောင်ချိုမြို့နယ် ညောင်ကုန်းကျေးရွာ၌ ဒီဇင်ဘာလ ၈ ရက် နံနက်ပိုင်းတွင် ကျေးရွာမတည်စီမံကိန်းရန်ပုံငွေ စတုတ္ထအကြိမ်မြောက် ထုတ်ချေးခြင်းဆောင်ရွက်သည်။

ရှေးဦးစွာ နောင်ချိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်ထွေးဝင်းက စီမံကိန်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်နေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်များနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါအကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာမတည်စီမံကိန်းရန်ပုံငွေကျပ် ၁၃၆ သိန်းကို ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များက ညောင်ကုန်းကျေးရွာရှိစိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် စသည့်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများလုပ်ကိုင်သူ အသင်းသား၊ အသင်းသူစုစုပေါင်း ၃၀ ဦးကို ရန်ပုံငွေကျပ် ၁၃၆ သိန်းထုတ်ချေးပေးကြောင်း သိရသည်။ **မင်းမြင့်မိုရ်**

---

မြဝတီ နေ့စဉ်
the Myawady Daily

**စာတည်းမှူးချုပ်** - ဦးမျိုးဝင်းရှိန်
**စာတည်းမှူး(မြန်မာ)** - ဦးရာဇာအောင်
**စာတည်းမှူး(အင်္ဂလိပ်)** - ဦးရဲမင်းတင်
**စာတည်း(ကျွမ်းကျင်)အင်္ဂလိပ်** - ဦးတင်မောင်သန်း

**စာတည်းအဖွဲ့(မြန်မာ)** - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
**စာတည်းအဖွဲ့(အင်္ဂလိပ်)** - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
**သတင်းအဖွဲ့(နေပြည်တော်)** - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
**သတင်းအဖွဲ့(ရန်ကုန်)** - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁-၅၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

## (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့သည် အလိုအပ်ဆုံးနှင့်အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကိုဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လွတ်လပ်မှုနှင့်တရားမျှတမှုကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝအကောင်အထည်ဖော်ရေး။

၄။ ဒေသအလိုက် သဘာဝထွက်ကုန်များကိုအခြေခံကာ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို အားပေးမြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင်ဆောင်ရွက်ရေး။

## ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အတွက် ကုလသမဂ္ဂလူငယ်ရေးရာ လက်ထောက်အတွင်းရေးမှူးချုပ်၏ သဝဏ်လွှာ

၁။ အဂတိလိုက်စားမှုသည် အမြဲတမ်း သိသာမြင်သာသော ကိစ္စရပ်တစ်ခုမဟုတ်သော်လည်း ၎င်း၏အကျိုးသက်ရောက်မှုမှာ နေရာတိုင်းတွင်တည်ရှိနေပါသည်။ ၎င်းသည် အစိုးရအဖွဲ့အစည်းများကိုအားနည်းစေပြီး လူသားအားလုံးကိုထိခိုက်စေကာ မညီမျှမှုများကိုတိုးပွားစေပြီး အများပြည်သူ၏ယုံကြည်မှုကို တိုက်စားပျက်စီးစေပါသည်။ အဂတိလိုက်စားမှု ပျံ့နှံ့များပြားလာသောအခါ လူ့အဖွဲ့အစည်းအတွင်း တင်းမာမှုများ ပိုမိုနက်ရှိုင်းလာပြီး လူမှုအသိုက်အဝန်းသည်လည်း ပဋိပက္ခဖြစ်ပွားရန် ထိလွယ်ရှလွယ်ဖြစ်လာပါသည်။

၂။ ယခုအပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့တွင် ကမ္ဘာတစ်ဝန်းရှိလူငယ်များသည် ဤစိန်ခေါ်မှုများကို သိရှိနားလည်ပြီး အခြေအနေမှန်များကို ရှင်းရှင်းလင်းလင်း သိမြင်ကြောင်းကို ကျွန်ုပ်တို့ လက်ခံအသိအမှတ်ပြုပါသည်။ ၎င်းတို့သည် ပိုမိုပွင့်လင်းမြင်သာမှုရှိသော၊ တရားမျှတသော၊ တာဝန်ယူမှုရှိသော စနစ်များကို တောင်းဆိုနေကြပါသည်။ ၎င်းတို့၏ ဖြောင့်မတ်တည်ကြည်မှုအတွက် တောင်းဆိုချက်သည် တည်ငြိမ်မှု၊ အားလုံးပါဝင်မှုနှင့် ငြိမ်းချမ်းရေးအတွက် ပိုမိုကျယ်ပြန့်သော ရည်မှန်းချက်တစ်ခုဖြစ်ပါသည်။

၃။ ဤသတင်းစကားသည် ယခုအချိန်တွင် အလွန်ပင် သင့်လျော်သည့် သတင်းစကားတစ်ခုဖြစ်ပါသည်။ အကြောင်းမှာ ယခုနှစ် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့သည် လူငယ်၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက်၏ ၁၀ နှစ်မြောက်နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုကျင်းပသောကြောင့်ဖြစ်ပါသည်။ ထိုဆုံးဖြတ်ချက်သည် ပဋိပက္ခများကို တားဆီးကာကွယ်ခြင်းနှင့် ငြိမ်းချမ်းရေးကို ရေရှည်တည်တံ့စေခြင်းတို့တွင် လူငယ်များ၏အခန်းကဏ္ဍကို ချိတ်ဆက်အတည်ပြုပေးခဲ့သည့် မှတ်တိုင်တစ်ခုဖြစ်သည်။

၄။ ဆယ်စုနှစ်တစ်ခုအကြာတွင် အပြည်ပြည်ဆိုင်ရာ အသိုက်အဝန်းသည် "လူငယ်များ၏ ထိရောက်တက်ကြွသော ပါဝင်မှုမရှိပါက ငြိမ်းချမ်းရေးရရှိရန် မဖြစ်နိုင်ပါ။" ဟူသော ရိုးရှင်းသည့် အမှန်တရားတစ်ခုကို အသိအမှတ်ပြုခဲ့ပါသည်။ ယနေ့တွင် ၎င်းတို့၏အခန်းကဏ္ဍသည် ပိုမိုရှင်းလင်းမြင်သာလာပါသည်။ ရိုးသားဖြောင့်မတ်မှုနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးတို့သည် လူငယ်၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာမူဘောင်များအပေါ် တိုက်ရိုက်သက်ရောက်မှုရှိသော တည်ငြိမ်ရေးဆိုင်ရာအစီအစဉ်၏ ဗဟိုအချက်အချာဖြစ်ပါသည်။

၅။ လူငယ်များသည် ကျင့်ဝတ်နှင့်ညီသောခေါင်းဆောင်မှု၊ အားလုံးပါဝင်သော စီမံအုပ်ချုပ်မှုနှင့် ပိုမိုတရားမျှတသော အဖွဲ့အစည်းများဖြစ်ပေါ်စေရန် တွန်းအားပေးဆောင်ရွက်ခြင်းအားဖြင့် ပဋိပက္ခများမဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ရန် အထောက်အကူဖြစ်စေပါသည်။ လူငယ်များသည် ရေရှည်တည်တံ့သောငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့၏ အခြေခံအုတ်မြစ်များကို တည်ဆောက်နေကြပါသည်။ ရပ်ရွာအခြေပြုအစီအစဉ်များကို ဦးစီးဆောင်ရွက်ခြင်းမှစ၍ ပွင့်လင်းမြင်သာမှုအတွက် ဆန်းသစ်သောဒစ်ဂျစ်တယ်ကိရိယာများ ဖန်တီးခြင်းအထိ အများပြည်သူဘဝအတွက် လမ်းညွှန်မှုအခြေခံမှုများဖြစ်သည့် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှုရှိသော အနာဂတ်ကို လူငယ်များကပုံဖော်နေကြပါသည်။ ၎င်းတို့၏ဆောင်ရွက်ချက်များသည် "ဖြောင့်မတ်တည်ကြည်မှုမြင့်မားပါက ငြိမ်းချမ်းရေးရရှိနိုင်မှုမြင့်မားစေမည်" ဟူသည့်အချက်ကို ဖော်ပြနေခြင်းဖြစ်သည်။

၆။ သို့ရာတွင် ဤကဲ့သို့သောအနာဂတ်ကို ဖန်တီးပုံဖော်ခြင်းသည် လူငယ်များတွင်သာတာဝန်ရှိသည်မဟုတ်ဘဲ လူသားတိုင်း၏ တာဝန်ဖြစ်ပါသည်။ အနာဂတ်ကိုဖန်တီးရာတွင် ပွင့်လင်းမြင်သာသော ဆွေးနွေးညှိနှိုင်းမှု၊ ပူးပေါင်းဆောင်ရွက်မှု၊ မတူကွဲပြားသောအမြင်များကို လေးစားမှုနှင့် အပြန်အလှန်ယုံကြည်မှုတည်ဆောက်ရန် ကတိကဝတ်ပြုမှုတို့ လိုအပ်ပါသည်။ ဖြောင့်မတ်တည်ကြည်မှု၊ ပွင့်လင်းမြင်သာမှုနှင့် ကျင့်ဝတ်သိက္ခာရှိသော အပြုအမူကိုပံ့ပိုးခြင်းသည် လူတိုင်းအတွက် အကျိုးရှိစေမည်ဖြစ်ပါသည်။

၇။ ကျွန်ုပ်တို့သည် လူငယ်များနှင့်အတူရပ်တည်ပြီး ဤတန်ဖိုးများကို မြှင့်တင်ပေးခြင်းဖြင့် ယုံကြည်မှု၊ ခံနိုင်ရည်ရှိမှုနှင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးတို့ဖြင့် အခြေခံထားသော လူမှုအသိုက်အဝန်းများကို ဖန်တီးနိုင်မည်ဖြစ်ပါသည်။ ငြိမ်းချမ်းရေးရှိမှသာ လူငယ်လူရွယ်တိုင်း အောင်မြင်မှုပန်းတိုင်သို့ ရောက်ရှိနိုင်မည်ဖြစ်ပြီး ဂုဏ်သိက္ခာရှိစွာ ပြုမူနေထိုင်နိုင်သည့် ကမ္ဘာတစ်ခုအား ဖန်တီးနိုင်မည်ဖြစ်ပါသည်။

## ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း ကွင်းဆင်းကြည့်ရှု

**စစ်တွေ ဒီဇင်ဘာ ၈**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်တွေလေဆိပ်သို့ အလိုတော်ပြည့်ကျောင်းရှေ့မှ ဝင်ရောက်သည့်လမ်းအား မြေသားလမ်းအဖြစ်တိုးချဲ့ဖောက်လုပ်နေမှုနှင့် အနောက်စံပြရပ်ကွက် အမှတ်(၁) စီမံကိန်းရုံးဘေးလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းအတိုင်း ပြည့်မီအောင်ဆောင်ရွက်ရေး၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးနိုင်ရေး စနစ်တကျဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ကျင်းပသည့် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနား ကျင်းပနိုင်ရေး (၁/၂၀၂၅) ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

ယင်းနောက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ညွှန်ကြားရေးမှူးက (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပခဲ့မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး လုပ်ငန်းကော်မတီအတွင်းရေးမှူးများက အခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအမံများကိုရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ဖြည့်စွက်ဆွေးနွေးကြသည်။

ယမန်နေ့ညနေပိုင်းကလည်း ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စစ်တွေတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည့် (၅၁) နှစ်မြောက် ရခိုင်ပြည်နယ်နေ့အထိမ်းအမှတ် တက္ကသိုလ်ပေါင်းစုံ ဂီတပဒေသာကပွဲသို့ တက်ရောက်ကြည့်ရှုအားပေးကြသည်။

တက္ကသိုလ်ပေါင်းစုံ ဂီတပဒေသာကပွဲတွင် တက္ကသိုလ်အနုပညာအသင်းများက ယိမ်းအကများဖြင့်လည်းကောင်း၊ စစ်တွေတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်များမှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများက တေးသီချင်းများဖြင့် လည်းကောင်း၊ Integrated One Music Band မှ ကျောင်းသား၊ ကျောင်းသူများက တေးသီချင်းများဖြင့်လည်းကောင်း သီဆိုကပြဖျော်ဖြေကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

တင်ထွန်း( ပြန်/ဆက်)

ဓာတ်ပုံ - ဝင်းမင်းစိုး

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၁၆°c | / | ၃၀°c |
| ရန်ကုန် | ၂၀°c | / | ၃၂°c |
| မန္တလေး | ၁၆°c | / | ၃၀°c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

### ၈-၁၂-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၅,၉၉၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# အရိပ်

**မစန္ဒာ**

**ယမန်နေ့မှအဆက်**

'ဝါဝါဝင်းရွှေက အပြတ်အသတ်ပိုလှတယ်'

'ခင်ယုမေက ဆယ်ဆသာတာပေါ့၊ ရုပ်တင်မကဘူး၊ အသံလည်းကောင်းသေး'

'ဘာဖြစ်ဖြစ် ဝါဝါဝင်းရွှေပိုလှတာပဲ'

အမာညို၏အသံက ရုတ်တရက်ကျယ်လာသည်။ ထိုပြဿနာသည် မသေးလှချေ။ ယခင်က ခင်ယုမေကို အရမ်းကြိုက်သော အမာညိုသည် 'စိတ်'ဇာတ်ကားကို ကြည့်ပြီးတော့ ပို၍ငယ်သော ဝါဝါဘက်သို့ မသိမသာယိုင်သွားသည်။ သူနှင့်မျက်နှာကြောမတည့်လှသော မသန်းအေးက ခင်ယုမေမှ ခင်ယုမေဆိုတော့ အမာညိုက ဝါဝါဘက်မှ မားမားမတ်မတ်ရပ်မိတော့သည်။ သူတို့အတန်းထဲတွင်လည်း အော်ကြီးဟစ်ကျယ် ငြင်းခဲ့ပြီးဖြစ်သည်။ ဝါဝါ၏ဘက်တော်သား အမာညိုနှင့် မမမေ၏ဘက်တော်သား မသန်းအေးတို့ပင် တစ်ပတ်ခန့် မခေါ်နိုင် မပြောနိုင်ဖြစ်ခဲ့ရသေးသည်။

'ဝါဝါလှတယ်ဟ'

'ခင်ယုမေလှတယ်ဗျ'

'ဘယ်သူပိုလှလှ မင်းတို့အပူလားကွ၊ စာကျက်ပါဆို အေးအေးဆေးဆေးမကျက်ဘူး၊ ငါ စိတ်တိုလာပြီနော်'

စိတ်ပေါက်ပေါက်နှင့် ထအော်သော ကိုကို့အသံကြားသောအခါ အမာညိုရော ညီလင်းပါ ခေါင်းလေးများ ပုသွားကြသည်။ ဧည့်ခန်းတွင် ရေဒီယိုသတင်းနားထောင်နေသော ဖေဖေသည် သူ့သားကြီးအသံကြားလိုက်ဟန်တူသည်။ နေရာမှထလာပြီး စာကြည့်ခန်းတွင်းသို့ လှမ်းကြည့်သည်။ စာအုပ်နှင့်မျက်နှာအပ်မတတ်ကြိုးစားဟန်ပြုနေသော အငယ်နှစ်ဦးကို အကဲခတ်သလို ကြည့်နေသော်လည်း ဝင်ရောက်ဆူပူခြင်းမပြုပေ။ တော်ရုံတန်ရုံကိစ္စများကို မိဘကဝင်ရောက်ဖြေရှင်းလေ့မရှိပေ။ သားကြီးကိုသာ လွှဲထားလေ့ရှိသည်။ ထို့ကြောင့် အမာညိုရော ညီလင်းပါ အာဏာပိုင်ကိုကို့အား ကြောက်ကြရသည်။ ကိုကိုကလည်း သူ့အာဏာကို အလွဲသုံးစားပြုလေ့မရှိပေ။ ထို့ကြောင့် ညီလင်းနှင့် အမာညိုတို့နှစ်ဦးကြားတွင် မကြာခဏတက်လေ့ရှိသော ပြဿနာအသေးအဖွဲလေးများသည် ကိုကို့တရားခွင်တွင်ပင် ပြေငြိမ်းသွားလေ့ရှိသည်။ ဖေဖေ၊ မေမေတို့ဆီသို့ မရောက်တော့ပေ။

ဖေဖေပြန်ထွက်သွားသည်ကို မျက်လုံးထောင့်နှင့် လိုက်ကြည့်ပြီးသောအခါမှ သူတို့နှစ်ဦးခေါင်းမော်လာသည်။ တစ်ဦးနှင့်တစ်ဦး ရယ်ကျဲကျဲနှင့်လှမ်းကြည့်မိကြသည်။ သို့သော် ဆက်လက်ငြင်းခုန်ရန်ကား စိတ်မကူးရဲကြတော့ပေ။ မပြီးပြတ်သေးသောငြင်းပွဲကို ခေတ္တအားလပ်ချိန်ပေးထားလိုက်ရလေသည်။

ညီလင်းသည် အမာညိုကို နှာခေါင်းရှုံ့ပြကာ ကွန်ပါဘူးထဲမှ စက်ဝိုင်းခြမ်းသေးကို ထုတ်ယူလိုက်သည်။ အမာညိုကလည်း ညီလင်းကိုမကြည့်တော့ဘဲ သူ့ရှေ့မှ မှတ်စုစာအုပ်တွင်းသို့ စိတ်ကိုစိုက်ထားလိုက်သည်။

ညီလင်းတစ်ယောက် မျက်မှောင်တကုတ်ကုတ်နှင့် ဂျဲသြမေထရီပုံများဆွဲနေစဉ် အမာညိုသည် ကိုယ်ကိုရှေ့နောက်ယိမ်းရင်း အင်္ဂလိပ်စာကိုအသံထွက်၍ ကျက်မှတ်နေပြီဖြစ်သည်။ သူ့ဦးနှောက်တွင်းသို့ မှတ်စုတွင်းမှ ရေခဲဖုံးလွှမ်းသော အင်နာပူရနားတောင်ကြီးက ရောက်နေပြီဖြစ်လေသည်။

■ ■ ■ ■ ■

စုလှိုင်သည် မှတ်စုစာအုပ်ကလေးကို ပိတ်၍ နေရာမှထလိုက်သည်။ စာကျက်ရန် စိတ်မပါတော့၍ဖြစ်သည်။

စားပွဲတင်နာရီလေးမှလက်တံတိုသည် ကိုးဂဏန်းသို့ရောက်ရှိနေလေသည်။ ညကိုးနာရီရှိပေပြီ။ မြန်မာပိုင်းအစီအစဉ်များပြီး၍ အင်္ဂလိပ်ပိုင်းအစီအစဉ်များ စနေပြီဖြစ်သည်။

'စု'

အခန်းဝမှပေါ်လာသည်။ မအေးတင်ဖြစ်သည်။ စုလှိုင်သည် ငဲ့ကြည့်လိုက်ပြီး ခေါင်းတစ်ချက်ဆတ်ပြလိုက်သောအခါမှ ဝင်လာသည်။ သူ့လက်ထဲမှ ဗန်းလေးထဲတွင် နွားနို့တစ်ဖန်ခွက်နှင့် ကြက်ဥပြုတ်နှစ်လုံးကိုထည့်ထားသည်။

'မာမီပြန်လာပြီလား မအေးတင်'

'မလာသေးဘူး စုရဲ့'

'ဒက်ဒီကတော့ ပြန်အိပ်မယ်မထင်ဘူးနော်'

မအေးတင်သည် ဘာမျှအဖြေမပေးဘဲ လင်ပန်းလေးကိုသာ စားပွဲပေါ်သို့ အသာအယာချလိုက်သည်။ သူဖြေရန်မလိုပေ။ သူရော စုလှိုင်ရော ထိုအဖြေကိုသိပြီးဖြစ်သည်။ ဒက်ဒီ၏နံပါတ်နှစ်က သားယောကျ်ားလေးမွေးဖွားနေသည်ကို သူတို့သိထားသည်။ နံနက်က ဒက်ဒီနှင့်မာမီတို့ရန်ဖြစ်ကြသည်။ ထို့ကြောင့် ဒက်ဒီသည် သူ၏နံပါတ်နှစ်ထံတွင် သားငယ်ကိုသွားကြည့်ကာ နံပါတ်သုံး၏အိမ်တွင် အိပ်လိမ့်မည်ဖြစ်လေသည်။

'မာမီကြီးရော အိပ်ပြီလား'

'မအိပ်သေးဘူးစု၊ ဆရာမနဲ့စကားပြောနေတယ်'

'ရစ်ချတ်သခင်ကြီးအကြောင်း ပြောနေတာလားဟင်'

'မဟုတ်ပါဘူးစုရဲ့'

'ဒါဆို ငယ်ငယ်တုန်းက သူ့ကိုပိုးတဲ့ ဝန်ထောက်မင်း ဦးဘတင့်အကြောင်းပဲဖြစ်ရမယ်'

မအေးတင်သည် စုလှိုင်ကို အံ့သြသလို လှမ်းကြည့်ပြီး ရယ်လိုက်မိသည်။ စုလှိုင်ပြောသည့်အတိုင်းဖြစ်သည်။ ဝန်ထောက်မင်းပါးသော ချစ်သဝဏ်လွှာများကို အဘွားက ပြန်ရွတ်ပြနေသည်ကို မအေးတင် တစ်ဝက်တစ်ပျက်ကြားခဲ့ရသည်။ ကာရန်တွေ နဘေတွေနှင့်မို့ မအေးတင်နားမလည်ချေ။ ဆရာမလည်း နားလည်ပုံမရ။ သို့သော် တအင်းအင်းနှင့် အင်းလိုက်ကာ မျက်တောင်စင်း ငိုက်ပြီးနားထောင်နေရှာလေသည်။ မအေးတင်အမြင်အားဖြင့်မူ ဆရာမတွင် ဘာအလုပ်မျှမရှိပေ။ စကားများလှသောအဘွားကြီးကို အချိန်မှန်မှန်စောင့်ပြီး ဆေးတိုက်နေရုံသာ အလုပ်ရှိသည်။ ထိုကဲ့သို့သော သက်သက်သာသာအလုပ်ကလေးအတွက် လခကောင်းကောင်းရထားလေတော့လည်း ဆရာမခမျာ ဒီမျှလောက်တော့ သည်းခံရပေမည်ဟု စဉ်းစားနေမိသည်။

'စု အိပ်တော့မလား'

'ဟင့်အင်း အိပ်ချင်သေးဘူး၊ ကြက်ဥတွေ ပြန်ယူသွား မအေးတင် စု မစားချင်ဘူး၊ နွားနို့ပဲထားခဲ့'

ဘက်ရှိ အမှောင်ထုကို စိုက်ကြည့်နေမိသည်။ ဒက်ဒီအကြောင်း တွေးနေမိသည်။ ဒက်ဒီသည် စုလှိုင်ကို တစ်ခါမျှ 'သမီး'ဟု မခေါ်ဖူးပေ။ တစ်အိမ်လုံးခေါ်ကြသည့်အတိုင်း 'စု'ဟုသာခေါ်လေ့ရှိသည်။ တစ်ခါတစ်ရံ စိတ်မလိုသောအခါ၊ မကြည်သာသောအခါများတွင် အမည်ရင်းအတိုင်း 'စုစုလှိုင်'ဟုခေါ်တတ်လေသည်။

'သူ ဘယ်သူနဲ့များတူမလဲမသိဘူး'

> **"စုလှိုင်သည် ပူနွေးနေဆဲဖြစ်သော နွားနို့ဖြူဖြူကို ငေးကြည့်နေရင်း ဒက်ဒီ၏နံပါတ်နှစ်မှမွေးသော သားငယ်အကြောင်းကို တွေးနေမိလေသည်။ သူ့ထက် ဆယ့်ခြောက်နှစ်ကျော်ကျော်ငယ်သည့် သူ၏မောင်ငယ်ပင်ဖြစ်သည်။ မခေါ်ချင်လျှင်နေရမည်။ မတော်ချင်၍တော့မရပေ။ ဒက်ဒီ၏ရင်သွေးသည် သူ၏မောင်သာဖြစ်ရမည်. . ."**

မအေးတင်သည် ကြက်ဥပြုတ်ပန်းကန်ကို ပြန်ယူသွားသည်။ စုလှိုင်သည် ပူနွေးနေဆဲဖြစ်သော နွားနို့ဖြူဖြူကို ငေးကြည့်နေရင်း ဒက်ဒီ၏နံပါတ်နှစ်မှမွေးသော သားငယ်အကြောင်းကို တွေးနေမိလေသည်။ သူ့ထက် ဆယ့်ခြောက်နှစ်ကျော်ကျော်ငယ်သည့် သူ၏မောင်ငယ်ပင်ဖြစ်သည်။ မခေါ်ချင်လျှင်နေရမည်။ မတော်ချင်၍တော့မရပေ။ ဒက်ဒီ၏ရင်သွေးသည် သူ၏မောင်သာဖြစ်ရမည်။ စုလှိုင်သည် တွေးနေရင်း ရင်ထဲတွင် လှိုက်ခနဲဖြစ်သွားသည်။

စုလှိုင် 'စုလှိုင်ကိုယ်တိုင်ကတော့ ဒက်ဒီရဲ့သွေးစစ်ရဲ့လား'ဟု တွေးမိသည်။ မာမီနှင့်ဒက်ဒီလက်ထပ်ပြီး ခုနစ်လကျော်ကျော်နှင့်မွေးသော စုလှိုင်သည် သူ့ရင်သွေးမဟုတ်နိုင်ဟု ဒက်ဒီကိုယ်တိုင်က သင်္ကာမကင်းဖြစ်ခဲ့သေးသည်မဟုတ်ပါလော။

စုလှိုင်သည် နွားနို့ဖန်ခွက်ကလေးကို တင်းကျပ်စွာဆုပ်ကိုင်လိုက်မိရင်း အပြင်ဘက်ရှိ အမှောင်ထုကို ...

စုလှိုင်သည် တစ်ဦးတည်း အသံကလေးထွက်အောင် ပြောလိုက်မိသည်။ နံပါတ်နှစ်သည် အသားညို၍ နွဲ့နွဲ့နှောင်းနှောင်းရှိလေသည်။ နူးညံ့ပျော့ပျောင်းသော မျက်လုံးများကိုပိုင်ဆိုင်ပြီး စကားနည်းလေသည်။ မာမီလောက်မလှသော်လည်း သိမ်မွေ့နှိမ့်ချသောအမူအရာက ဒက်ဒီကို ဆွဲဆောင်ထားဟန်ရှိသည်။ သူက မွေးသော သူ့သားသည် သူ့လိုပင်ပျော့ပျောင်းနူးညံ့သော မျက်လုံးများပါလာလိမ့်မည်ထင်သည်။ ဒက်ဒီ၏မျက်နှာပေါ်တွင် ထိုမျက်လုံးလေးများတပ်ပေးလိုက်ပါက ချစ်ခင်စဖွယ်ကလေးငယ်လေးသာဖြစ်ပေလိမ့်မည်။

စုလှိုင်သည် မှန်တင်ခုံထဲမှ သူ့အရိပ်ကို သူလှမ်းကြည့်လိုက်မိသည်။ စုလှိုင်၏မျက်လုံးများသည်ကား ပျော့ပျောင်းဟန်လုံးဝမရှိပေ။ မာမီဆီမှ မာနနှင့် ဒက်ဒီဆီမှ သံသယများသည် စုလှိုင်၏မျက်လုံးအိမ်ကို ရစ်သိုင်းလွှမ်းခြုံထားကြလေသည်။ **ဆက်လက်ဖော်ပြပါမည်။**

---

## ဟသ်ာတမြို့နယ် ပဒေသာဈေးကြီး၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်



ဟသ်ာတ ဒီဇင်ဘာ ၈

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် ဟသ်ာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပဒေသာဈေးကြီး၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးသရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းကို ဒီဇင်ဘာလ ၇ ရက်က ဟသ်ာတခရိုင်မီးသတ်ဦးစီးဌာနမှူးကြီးမှူး၍ ခရိုင်/မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဟသ်ာတမြို့နယ်အတွင်းရှိ ဈေးများ၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှိုင်ထွန်းနှင့်ကော်မတီဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်မင်းနှင့် ကော်မတီဝင်များ၊ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးသက်အောင်နှင့်ဝန်ထမ်းများ၊ ခရိုင်မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးဟိန်းသူဟန်နှင့်တပ်ဖွဲ့ဝင်များ၊ ဈေးကော်မတီဥက္ကဋ္ဌ ဦးတင်ထွန်းနှင့်အဖွဲ့ဝင်များ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် အသင့်ပြင်ဆင်ထားရှိမှုများ၊ ဈေးအတွင်းရှိ မီးသတ်ရေလှောင်ကန်များ၊ မီးသတ်ပိုက်များ၊ ရေစုပ်စက်များ၊ ရေပိုက်ခေါင်းများ အသင့်ပြင်ဆင်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးဥက္ကာနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူးအသုံးပြုပုံကို ရှင်းလင်းပြောကြားပြီး ဆီမီးလောင်မှုအား မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်နည်းများ၊ အရေးပေါ်မီးငြိမ်းသတ်ခြင်းနည်းလမ်းများနှင့် မီးသတ်ပိုက်များအသုံးပြုပုံ၊ မီးသတ်ယာဉ်ဖြင့် မီးငြိမ်းသတ်မှုများကို တက်ရောက်လာသူများနှင့်အတူ လက်တွေ့သရုပ်ပြ ဇာတ်တိုက်လေ့ကျင့်ကြသည်။

အဆိုပါ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်ရာသို့ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှိုင်ထွန်းနှင့် ကော်မတီဝင်များ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဈေးသူဈေးသားများ ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ချမ်းမြေ့**

# ရှမ်းပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ကြည့်ရှုစစ်ဆေး




**နေပြည်တော် ဒီဇင်ဘာ ၈**

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်သည် ရှမ်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိန်ဝင်း၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မိုင်းဆတ်မြို့ရှိ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ ဝန်ထမ်းများ၊ နည်းပြများနှင့် သင်တန်းသူများအားတွေ့ဆုံ၍ ချီးမြှင့်ငွေများပေးအပ်ကာ လက်တွေ့လေ့ကျင့်သင်ကြားနေမှု၊ အိပ်ဆောင်၊ စားရိပ်သာ၊ ဂါလန်နှစ်သိန်းဆံ့ ရေသိုလှောင်ကန်နှင့် သင်တန်းကျောင်းမှဖွင့်လှစ်ထားသည့် အပ်ချုပ်ဆိုင်တို့ကိုလှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ဆက်လက်၍ပြည်ထောင်စုဝန်ကြီးသည် အဖွဲ့ဝင်များနှင့်အတူ မိုင်းဆတ်မြို့နယ် ဝမ်ဟုန်ကျေးရွာ ဝမ်ဟုန်- ဖာဖဲကျေးရွာ ချင်းဆက်လမ်းပေါ်၌ ပေ ၁၅၀ x ၁၃ ပေရှိ ကြိုးတံတားတည်ဆောက်နေမှုကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားကာ မိုင်းတုံမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၌ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် လင်းခေးမြို့နယ် နောင်လုံကျေးရွာအုပ်စု နောင်လုံကျေးရွာအဝင်လမ်း ၂ မိုင် ၂ ဖာလုံအနက် ၁ မိုင် ကျောက်ခင်းခြင်းလုပ်ငန်းနှင့် Box Culvert လေးစင်း တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင်ဆောင်ရွက်ရန်နှင့် လမ်းရေရှည်တည်တံ့ခိုင်မြဲစေရေး ဒေသခံပြည်သူများ အနေဖြင့် ဝိုင်းဝန်းထိန်းသိမ်းသွားကြရန် မှာကြားကာ ဒေသခံပြည်သူများ၏တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက်မိုးနဲ-ကင်တုံ-လုံစံကျေးရွာချင်းဆက်လမ်းတွင်ပေ ၃၀ x ၁၄ ပေ ကွန်ကရစ်တံတားတစ်စင်း တည်ဆောက်နေမှု၊ ချဉ်းကပ်လမ်းနှင့် ကျောက်စီမြေထိန်းနံရံ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **မြဝတီ**

# တာမွေမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် One Stop Service ဖြင့်ဆောင်ရွက်ပေးနေမှု ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် လှည့်လည်ကြည့်ရှု

**နေပြည်တော် ဒီဇင်ဘာ ၈**

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွန်းဦးနှင့်တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်သို့ သွားရောက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တာမွေမြို့နယ် ဦးစီးမှူးရုံး၌ ဝန်ထမ်းများက အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပျက်စီး/ ပျောက်ဆုံးသွားသည့် ဒေသခံပြည်သူများနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမရရှိသေးသူများအား ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့်ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးကာ လာရောက်ဆောင်ရွက်ကြသည့် ဒေသခံပြည်သူများ



အား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒေသခံပြည်သူများအား ပန်းခင်းစီမံချက်အဆင့် (၃) ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီစိစစ်၍ One Stop Service ဖြင့် လုပ်ငန်းစဉ်အဆင့်ဆင့် ဆောင်ရွက်နေမှုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိပြီးသူများအား e-ID စနစ်ဖြင့် Biographic/ Biometric ကောက်ယူကာ Unique ID နံပါတ် တစ်ပါတည်းဆောင်ရွက်ထုတ်ပေးနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် မြို့နယ်ရုံး၊ ရုံးခန်းများအတွင်း ရုံးစာရွက်စာတမ်းများနှင့် ရုံးသုံးပစ္စည်းများထိန်းသိမ်းထားရှိမှု၊ မှတ်တမ်းခန်းအတွင်း ကိုယ်ရေးမှတ်တမ်းများ စနစ်တကျထိန်းသိမ်းထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ စာရွက်စာတမ်းနှင့် စက်ပစ္စည်းကိရိယာများ လုံခြုံမှုရှိစေရေး၊ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဌာနနှင့်ပတ်သက်သည့် လက်ငင်းဦးစားပေးလုပ်ငန်းများ သတ်မှတ်ကာလအတွင်း ပြီးစီးရေးတို့အတွက် ဆက်စပ်ဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရေး မှာကြားကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးရုံးခန်း၌ ခရိုင်နှင့် မြို့နယ်အဆင့်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများအားတွေ့ဆုံကာ မကြာမီကျင်းပတော့မည့် ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်စာရင်း တိကျမှန်ကန်ရေးနှင့် ရွေးကောက်ပွဲအောင်မြင်ရေးတို့အတွက် ဆက်စပ်ဌာနအချင်းချင်း ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ကြရေးမှာကြားကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မြဝတီ**

# ၂၀၂၅-၂၀၂၆ ခုနှစ် ဆောင်းသီးနှံ (နေကြာ)မျိုးစေ့ချစက်ဖြင့် စိုက်ပျိုးခြင်း၊ နေကြာမျိုးစေ့နှင့် ဓာတ်မြေဩဇာနှင့် နွေစပါးသီးနှံအတွက် Drum Seeder များပေးအပ်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၈**

၂၀၂၅-၂၀၂၆ ခုနှစ်ဆောင်းသီးနှံ(နေကြာ) မျိုးစေ့ချစက်ဖြင့် စိုက်ပျိုးခြင်း၊ နေကြာမျိုးစေ့၊ ဓာတ်မြေဩဇာနှင့် နွေစပါးသီးနှံအတွက် Drum Seeder များပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ပုတ္တကျေးရွာအုပ်စု၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးစီးပွားရေးရာဝန်ကြီးတို့က အမှာစကားပြောကြားကြပြီး တိုက်ကြီးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက နေကြာစိုက်ပျိုးခြင်းနည်းလမ်းများကိုလည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက နွေစပါးစိုက်ပျိုးခြင်းနည်းလမ်းများကိုလည်းကောင်း၊ စက်မှုလယ်ယာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက တိုင်းဒေသကြီးအတွင်း Drum Seeder များ ဖြန့်ဝေအသုံးပြုမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများက တောင်သူများထံ နေကြာမျိုးစေ့များ၊ ဓာတ်မြေဩဇာများနှင့် Drum Seeder များကို ပေးအပ်ကြပြီး ပြသထားသည့် စပါးမျိုးစေ့နမူနာများ၊ ဓာတ်မြေဩဇာများ၊ နေကြာပျိုးပင်များ၊ ဝတ်မှုံကူးမည့် ပျားသေတ္တာခွံများ၊ Drum Seeder များ၊ ဆိုလာအနိမ့်တင်ရေတင်စက်များနှင့် ဆောင်းသီးနှံ(နေကြာ)အား နည်းလမ်း(၃)သွယ်ဖြင့် စိုက်ပျိုးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် တိုက်ကြီးမြို့နယ်လသာကုန်းကျေးရွာရှိလသာကုန်းအမြဲတမ်းပျိုးဥယျာဉ်၌ မြေနိမ့်ကော်ဖီ ရိုဘတ်စတာပျိုးပင်များ ပျိုးထောင်ထားရှိမှုအခြေအနေ၊ တိုက်ကြီးမြို့နယ် ချင်းကုန်းကျေးရွာအုပ်စု တိုက်ကြီးမွေးမြူရေးဇုန် အကွက်အမှတ် A27 ရှိ SUPER SEVEN STARS AGRI-TECH CO., LTD. မှ ကြက်မွေးမြူရေးခြံများ တည်ဆောက်နေမှုအခြေအနေနှင့် မွေးမြူရေးဇုန်အတွင်း လုပ်ကွက်အလိုက် မွေးမြူရေးဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ခွဲထက်ကို(ပြန်/ဆက်)**

# ရှမ်းပြည်နယ်(တောင်ပိုင်း)၌ ယခုဘဏ္ဍာနှစ်အတွင်း ကျေးရွာစီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှု ၉၀ ရာခိုင်နှုန်းခန့်ပြီးစီး

တောင်ကြီး ဒီဇင်ဘာ ၈

ရှမ်းပြည်နယ်(တောင်ပိုင်း)၌ ယခုဘဏ္ဍာနှစ်အတွင်း ကျေးရွာစီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှု ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန် ကျေးရွာစီမံကိန်းလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် နှစ်စဉ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုဘဏ္ဍာနှစ်တွင်လည်း ကျေးရွာပေါင်း ၁၃၀ ကျော်၌ ဆောင်ရွက်ရန်လျာထားကြောင်း သိရသည်။

"ရှမ်းပြည်နယ် (တောင်ပိုင်း)မှာ ဒီဘဏ္ဍာနှစ်အတွင်း ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းစီမံကိန်း(RBF)ကို ကျေးရွာ ၁၅ ရွာမှာ ဆောင်ရွက်ဖို့လျာထားပါတယ်။ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးရွာငါးရွာမှာ ဆောင်ရွက်ပါမယ်။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ကို ကျေးရွာပေါင်း ၁၁၀ ကျော်အထိ လျာထားဆောင်ရွက်ပါမယ်။ ဒါ့ပြင် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်း ၂၉ ကြိမ်ဖွင့်လှစ်ဖို့ လျာထားပါတယ်" ဟု ရှမ်းပြည်နယ် (တောင်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမင်းသန့်ကပြောသည်။

အဆိုပါ ကျေးရွာစီမံကိန်းများကို ပြည်နယ်ခွင့်ပြုငွေ ငွေကျပ် ၃ ဘီလီယံခန့်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ထိုစီမံကိန်းများသည် ကျေးရွာပေါင်း ၁၃၀ ကျော်မှ အိမ်ခြေပေါင်း ၁၃၀၀၀ ခန့်ကို အကျိုးပြုနိုင်မည်ဖြစ်သောကြောင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်ကြောင်း သိရသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ယခုဘဏ္ဍာနှစ်အတွင်း ကျေးရွာစီမံကိန်းလုပ်ငန်းများ လျာထားဆောင်ရွက်နေမှုသည် လက်ရှိတွင် ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကာ ယခုနှစ်အတွင်း စီမံကိန်းလုပ်ငန်းအားလုံး အပြီးဆောင်ရွက်ရန် စီစဉ်ထားကြောင်း သိရသည်။ **ဆောင်းဦး**

# ကြံခင်းမြို့၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပါရမီဓမ္မစကူးလ် သင်တန်းဆင်းပွဲနှင့် ဆုပေးပွဲကျင်းပ

ကြံခင်း ဒီဇင်ဘာ ၈




ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့ မြို့မရပ်ကွက်ရှိ စံရာတိုက် ထားဝယ်ကြီးကျောင်းတိုက်၌ ဖွင့်လှစ်သင်ကြားလျက်ရှိသော ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပါရမီဓမ္မစကူးလ်သင်တန်းဆင်းပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဒီဇင်ဘာလ ၇ ရက်က ကျင်းပရာ မြို့နယ်ဓမ္မစကူးလ်ကော်မတီဥက္ကဋ္ဌ ဆရာတော်နှင့် ကော်မတီဝင်ဆရာတော်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင်များ၊ မြို့နယ်ဥပဒေအရာရှိ၊ မြို့နယ်ပညာရေးမှူးရုံးမှ လက်ထောက်ပညာရေးမှူး၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ သင်တန်းနည်းပြဆရာများ၊ ကျောင်းသား၊ ကျောင်းသူများ၊ မိဘအုပ်ထိန်းသူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားကို ပင့်ဖိတ်ထားသော ဆရာတော်ကြီးများနှင့် ဧည့်ပရိသတ်များက နမောတဿသုံးကြိမ်ရွတ်ဆို၍ အခမ်းအနားဖွင့်လှစ်ပြီး မြို့နယ်ဓမ္မစကူးလ်ကော်မတီဥက္ကဋ္ဌ သရက်တစ်ပင်ကျောင်းဆရာတော်ဘဒ္ဒန္တကုမာရက ဩဝါဒစကားမြွက်ကြားသည်။ ဆက်လက်၍ အတန်းပြီးဆုံးကြောင်း ဂုဏ်ပြုလက်မှတ်နှင့် ထူးချွန်ဆုများကို တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများကို ပေးအပ်ကြပြီး ထားဝယ်ကြီးကျောင်းတိုက်ဆရာတော်က သင်တန်းနည်းပြဆရာများအား ဂုဏ်ပြုလက်မှတ်နှင့်ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ရာ ဆရာ၊ ဆရာမများက လက်ခံရယူကြသည်။

ထို့နောက် သင်တန်းကာလအတွင်း အာဟာရဒါနလှူဒါန်းကြသော အလှူရှင်မိသားစုတို့အား တာဝန်ရှိသူများက ဂုဏ်ပြုလက်မှတ်များ အသီးသီးပေးအပ်ပြီး ပါရမီဓမ္မစကူးလ်ကော်မတီဥက္ကဋ္ဌ ဦးအေးငြိမ်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယင်းနောက် ပင့်သံဃာဆရာတော်ကြီးများအား ဝတ္ထုငွေများဆက်ကပ်လှူဒါန်းကြပြီး ပါရမီဓမ္မစကူးလ်ကျောင်းသား၊ ကျောင်းသူများက ကပြဖျော်ဖြေကြကြောင်း သိရသည်။ **ဖြိုးဝေလင်း(ပြန်/ဆက်)**

# သထုံမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာအသိပညာပေးဟောပြော


သထုံ ဒီဇင်ဘာ ၈

မွန်ပြည်နယ် သထုံမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာလ ၈ ရက်တွင် အခြေခံပညာအထက်တန်းကျောင်း(သာယာကုန်း)၌ ကျင်းပသည်။

ရှေးဦးစွာ အခြေခံပညာအထက်တန်းကျောင်းခွဲ (သာယာကုန်း) မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခိုင်ခိုင်ဝင်းက လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကျင်းပရသည့်ရည်ရွယ်ချက်ကို ပြောကြားပြီး သထုံခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကျောင်းစာပညာရပ်များသာမက ပြင်ပစာအုပ်၊ စာပေတို့ကို လေ့လာခြင်းဖြင့် အသိပညာများဖွံ့ဖြိုးပြီး နိုင်ငံ့သားကောင်းလူငယ်များဖြစ်လာရေး၊ အကျင့်စာရိတ္တကောင်းမွန်ရေး၊ ယဉ်ကျေးလိမ္မာရေး၊ အနာဂတ်အတွက် ရည်မှန်းချက်ထားရှိကြရေး၊ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေနေတတ်စေရေး၊ အချိန်ကို စီမံခန့်ခွဲတတ်စေရေး စသည့် လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးဟောပြောရာ ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းသည်။

အဆိုပါအခမ်းအနားသို့ အခြေခံပညာအထက်တန်းကျောင်းခွဲ (သာယာကုန်း) မှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သိမှတ်ဖွယ်ရာ စာအုပ်စာပေများ၊ နံရံကပ်စာစောင်များကို ခင်းကျင်းပြသထားရာ တက်ရောက်လာကြသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြောင်း သိရသည်။ **ချမ်းမြေ့**

## မိုးလေဝသ သတင်း




# ပြည်မြို့၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲ နယ်လှည့်စာကြည့်တိုက်နှင့် နံရံကပ်စာစောင်ပြပွဲကျင်းပ

ပြည် ဒီဇင်ဘာ ၈

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် စားသုံးသူရေးရာဦးစီးဌာနတို့ပူးပေါင်း၍ ဒီဇင်ဘာလ ၈ ရက်က ပြည်မြို့ အခြေခံပညာမူလတန်းလွန်ကျောင်း (တေဇ)၌ စာဖတ်ရှိန်မြှင့်တင်ရေးအသိပညာပေးဟောပြောပွဲ၊ နယ်လှည့်စာကြည့်တိုက်နှင့် နံရံကပ်စာစောင်ပြပွဲ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ပြည်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ကိုသန့်က လူငယ်ကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးခေါင်းစဉ်ဖြင့် ပြင်ပဗဟုသုတရရှိစေမည့် စာအုပ်စာပေများဖတ်ရှုလေ့လာရေး၊ ပြည်ခရိုင် တိုင်းရင်းဆေးပညာဦးစီးဌာန ဦးစီးမှူး ဒေါ်ခိုင်ဝါဝါအောင်က တိုင်းရင်းဆေးဖြင့် ကျန်းမာစေကြောင်းနည်းလမ်းကောင်းများခေါင်းစဉ်ဖြင့် တိုင်းရင်းဆေးပညာသိမှတ်ဖွယ်ရာအကြောင်းများ၊ ပြည်မြို့နယ်စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဦးထွန်းနိုင်လင်းက စားသုံးသူတို့၏ အခွင့်အရေးနှင့်တာဝန်များခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နယ်လှည့်စာကြည့်တိုက်မော်တော်ယာဉ်ဖြင့် သုတ/ရသစာအုပ်စာစောင်များ၊ မူးယစ်ဆေးဝါးအန္တရာယ်သိမှတ်ဖွယ်ရာနှင့် ကလေးအလုပ်သမားပပျောက်ရေး၊ စာဖတ်ရှိန်မြှင့်တင်ရေးအသိပညာပေးနံရံကပ်စာစောင်များကို ခင်းကျင်းပြသထားရာ ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့လာကြောင်း သိရသည်။ **ကိုဆက်(ပြန်/ဆက်)**

# မဲပေးစက်ကိုင်တွယ်နည်း ထပ်မံရှင်းလင်းပြသခြင်းနှင့် မဲဆန္ဒရှင်စာရင်းများ ကွန်ပျူတာစာရင်းရေးသွင်းခြင်းလုပ်ငန်းဆောင်ရွက်



ပူတာအို ဒီဇင်ဘာ ၈

ကချင်ပြည်နယ် ပူတာအိုမြို့နယ်၌ ဒီဇင်ဘာလ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲပေးစက် ကိုင်တွယ်ထိန်းချုပ်မည့် မဲရုံတာဝန်ကျသူများအား မဲပေးစက်ကိုင်တွယ်နည်း ထပ်မံရှင်းလင်းပြသခြင်းနှင့် မဲစာရင်းများ ပြည့်စုံမှန်ကန်လာစေရေးအတွက် ဒုတိယအကြိမ် မဲစာရင်းကြေညာကပ်ထားရာတွင် မဲဆန္ဒရှင်များမှ ပုံစံများတွင် ဖြည့်စွက်လျှောက်ထားတောင်းဆိုသည့် စာရင်းများအား ကွန်ပျူတာစာရင်းရေးသွင်းခြင်းလုပ်ငန်းများကို ဒီဇင်ဘာလ ၈ ရက် နံနက်ပိုင်းတွင် ပူတာအိုခရိုင်/မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးထွန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်လွင်နှင့် အဖွဲ့ဝင်များက ခရိုင်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ မဲပေးစက်ထိန်းချုပ်သူ မဲရုံတာဝန်ကျအဖွဲ့ဝင်များက မဲပေးစက်ကိုင်တွယ်ရာတွင် မရှင်းလင်းသည်များကို ထပ်မံရှင်းလင်းသင်ကြားပြသပေးခြင်းနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ ဒုတိယအကြိမ် မဲစာရင်းကပ်ထားကြေညာရာတွင် မဲဆန္ဒရှင်များမှ တောင်းဆိုသည့် လျှောက်ထားမှုများကို ခရိုင်/မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများမှ ဝန်ထမ်းများနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ကွန်ပျူတာစာရင်းသွင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

**ဖုန်ကန်(ပူတာအို)**

# နိုင်ငံ့ဝန်ထမ်းများအား နိုင်ငံသားစိစစ်ရေး ကတ်ပြားရရှိရေး ဆောင်ရွက်ပေးလျက်ရှိ

ပျော်ဘွယ် ဒီဇင်ဘာ ၈

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပျော်ဘွယ်မြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက ဌာနဆိုင်ရာအသီးသီး၌ တာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းများအား ဒီဇင်ဘာလ ၈ ရက် နံနက်ပိုင်းမှစတင်ကာ နိုင်ငံသားစိစစ်ရေးကတ်ပြားဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံ့ဝန်ထမ်းများ နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိရေးအတွက် "ကျွန်တော်တို့အနေနဲ့ မကြာမီကျင်းပမယ့် အထွေထွေရွေးကောက်ပွဲမှာ နိုင်ငံ့ဝန်ထမ်းတွေ အဆင်ပြေချောမွေ့စွာ ဆန္ဒမဲပေးနိုင်ဖို့အတွက်၊ မှတ်ပုံတင်အခက်အခဲကြောင့် ဆန္ဒမဲမပေးလိုက်ရတာဆိုတဲ့ ကိစ္စရပ်မျိုးတွေမဖြစ်ပေါ်အောင် ဆောင်ရွက်ပေးနေခြင်းဖြစ်ပါတယ်" ဟု မြို့နယ်ဦးစီးမှူး ဦးထက်ကိုအောင်က ပြောကြားသည်။

ထိုသို့ နိုင်ငံ့ဝန်ထမ်းများအား မှတ်ပုံတင်ရရှိရေးဆောင်ရွက်ပေးနေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ရမည်းသင်းခရိုင်ဦးစီးမှူး ဦးစိုးမြင့်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးကြောင်း သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**



# အောင်လံမြို့နယ်၌ ဒီဇင်ဘာအားကစား လှုပ်ရှားမှုအနေဖြင့် ဘောလုံးအားကစား ပြိုင်ပွဲကျင်းပ

အောင်လံ ဒီဇင်ဘာ ၈

မကွေးတိုင်းဒေသကြီး အောင်လံမြို့၌ ဒီဇင်ဘာအားကစားလှုပ်ရှားမှုအနေဖြင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတအသင်းအဖွဲ့များပါဝင်သော အမျိုးသားဘောလုံးအားကစားပြိုင်ပွဲကို ဒီဇင်ဘာလ ၈ ရက် ညနေပိုင်းက အောင်လံမြို့နယ် အောင်မြေရွှေဝါဘောလုံးကွင်း၌ စတင်ကျင်းပလျက်ရှိသည်။

အဆိုပါအမျိုးသားဘောလုံးအားကစားပြိုင်ပွဲသို့ ပြိုင်ပွဲဝင် အသင်းငါးသင်း ပါဝင်ယှဉ်ပြိုင်လျက်ရှိပြီး ဒီဇင်ဘာလ ၁၇ ရက်တွင် ဗိုလ်လုပွဲနှင့် ဆုပေးအပ်ပွဲအခမ်းအနားကိုကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အာကာ(ပြန်/ဆက်)**

# တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားရေး အလုပ်ရုံဆွေးနွေး

ပင်လုံ ဒီဇင်ဘာ ၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လုံမြို့ ပင်လုံတက္ကသိုလ် ဘက်စုံခန်းမ၌ အဆင့်မြင့်ပညာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားရေးအတွက် အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲကို ဒီဇင်ဘာလ ၇ ရက် နံနက်ပိုင်းက ဆောင်ရွက်သည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲတွင် ပင်လုံတက္ကသိုလ် ပါမောက္ခချုပ်ဆရာမကြီး ဒေါက်တာနီလာမြင့်က လွိုင်လင်ခရိုင်အတွင်း၌ ၂၀၂၆ ခုနှစ်တွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူ ၅၅၁ ဦးအား အရည်အချင်းပြည့်ဝပြီး ထူးချွန်စွာအောင်မြင်စေရန်၊ တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်းနှင့် အမှတ်ပေးစည်းမျဉ်းတို့ကို ပိုမိုသဘောပေါက်နားလည်စေရန် အလုပ်ရုံဆွေးနွေးပွဲကိုကျင်းပရခြင်းဖြစ်ကြောင်း၊ ဘာသာရပ်အလိုက်ဆရာ၊ ဆရာမများကလည်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးရန်လိုကြောင်း ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ပင်လုံတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ လွိုင်လင်ခရိုင်ပညာရေးမှူးနှင့် ဘာသာရပ်ဌာနအသီးသီးမှ ပါမောက္ခဌာနမှူးများ၊ သင်တန်းတက်ရောက်မည့် ဆရာ၊ ဆရာမများ၊ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများတက်ရောက်ကြောင်း သိရသည်။

**(၄၁၄)**



# သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဟောပြောပွဲကျင်းပ

ဒေးဒရဲ ဒီဇင်ဘာ ၈

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျောင်းသား၊ ကျောင်းသူများ ပြင်ပဗဟုသုတများ တိုးပွားစေရန်နှင့် ရာသီအလိုက်ဖြစ်ပွားနိုင်သည့် သဘာဝဘေးအန္တရာယ်များအား ကြိုတင်သိရှိကာကွယ်နိုင်စေရန်ရည်ရွယ်၍ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအသိပညာပေးဟောပြောပွဲနှင့် ဉာဏစွမ်းရည်ပြိုင်ပွဲများကို ဒီဇင်ဘာလ ၈ ရက် မွန်းလွဲပိုင်းတွင် မြို့နယ်လူထုအခြေပြုဗဟိုဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ခိုင်က ကျောင်းသား၊ ကျောင်းသူများ ကျောင်းစာအပြင် ပြင်ပဗဟုသုတ တိုးပွားစေရေးအတွက် ဟောပြောပွဲများ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများနှင့် သင်တန်းများ ကျင်းပပေးလျက်ရှိသည့် လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် ဒေါ်မြင့်မြင့်စိန်က ရာသီအလိုက်ဖြစ်ပွားတတ်သည့် သဘာဝဘေးအန္တရာယ်များ၊ နွေရာသီကာလတွင် ဖြစ်ပွားနိုင်သည့် ခရမ်းလွန်ရောင်ခြည်အန္တရာယ်နှင့် အပူဒဏ်အန္တရာယ်များအား သတိပြုရှောင်ရှားရမည့် နည်းလမ်းများကို အသိပညာပေးဟောပြောသည်။

ထို့နောက် စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ဖတ်မှတ်စွမ်းရည်ပြိုင်ပွဲနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများကို ကျင်းပပေးပြီး ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား ဆုများပေးအပ်သည်။

ဆက်လက်၍ ဟောပြောပွဲတက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက ခင်းကျင်းပြသထားသော သုတ၊ ရသ စာအုပ်စာစောင်များနှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးနံရံကပ်စာစောင်များကို ဖတ်ရှုလေ့လာကြကြောင်း သိရသည်။ **အေဇာလင်း**

## သဇင်(FM)အသံလွှင့်အစီအစဉ်

၉-၁၂-၂၀၂၅(အင်္ဂါနေ့)

၁။ ၀၈:၀၀ နှလုံးသားဝယ် ဘုရားတည်
၂။ ၁၁:၅၀ လှပကျန်းမာ
၃။ ၁၄:၅၀ Speech On Air
၄။ ၁၆:၀၀ တပ်မတော်စာတိုက်ခန်း
၅။ ၁၇:၀၀ ထင်ရှားကျော်ကြားပုဂ္ဂိုလ်များ
၆။ ၂၁:၂၀ Memory Box

## MWD Education, Knowledge & Sports Channel

၉-၁၂-၂၀၂၅(အင်္ဂါနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၇:၀၀ | - | ၀၈:၃၅ | Grade – 4 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၂။ | ၁၅:၃၀ | - | ၁၇:၂၀ | Grade – 4 | သင်္ချာ၊ လူမှုရေး၊ သိပ္ပံ |
| ၃။ | ၁၇:၂၀ | - | ၁၇:၅၀ | Grade – 5 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၄။ | ၁၇:၅၀ | - | ၁၉:၂၀ | Grade – 5 | သင်္ချာ၊ လူမှုရေး၊ သိပ္ပံ |

# သတိပြုရမည့် သွားပျက်စီးစေသောအကြောင်းရင်းများ

အကြောင်းအမျိုးမျိုးကြောင့် သွားတွေပျက်စီးစေနိုင်ပါတယ်။ အောက်ပါအချက်တွေကို လေ့လာမှတ်သားရင်း နေ့စဉ်ဘဝမှာ သတိပြု ဆင်ခြင်နိုင်ဖို့ အကြံပြုရေးသားလိုက်ရပါတယ်။

### ရေခဲဝါးစားခြင်း

ရေခဲဆိုတာ ရေကို အေးခဲထားတဲ့ သဘာဝရေအခဲတုံးဖြစ်ပြီး အချိုဓာတ်လည်းမပါတာကြောင့် ဘေးထွက်ဆိုးကျိုးကင်းတယ်လို့ လူတချို့က ထင်ကောင်းထင်တတ်ကြပါတယ်။ တကယ်တော့ ရေခဲရေက သွားအတွင်းပိုင်းမှာရှိတဲ့ တစ်သျှူးအပျော့တွေကို တုံ့ပြန်မှုလျင်မြန်အောင် လှုံ့ဆော်ပေးတာကြောင့် သွားကျင်ခြင်း၊ သွားကိုက်ခြင်းဖြစ်စေပါတယ်။ ဒ့ါပြင် ရေခဲတုံးတွေကို ကိုက်ဝါးခြင်းက သွားနာခြင်း၊ သွားပဲ့ခြင်းတွေ ဖြစ်စေပါတယ်။

### သွားအကာအကွယ်မသုံးဘဲ အားကစားလုပ်ခြင်း

ဘောလုံး၊ ဟော်ကီ၊ လက်ဝှေ့၊ သိုင်း စတဲ့အားကစားတွေလုပ်တဲ့အခါ သွားတွေကို မတော်တဆ ထိခိုက်စေတတ်လို့ Mouth Guard (ခေါ်) အပေါ်သွားတွေကို ကာကွယ်ပေးတဲ့ ပလတ်စတစ်ပျော့ တပ်ထားဖို့လိုပါတယ်။ Mouth Guard ကို စတိုးဆိုင်ကြီးတွေမှာ ဝယ်ယူရရှိနိုင်သလို သွားဆရာဝန်နဲ့တိုင်ပင်ပြီး မိမိခံတွင်းနဲ့ အံဝင်ခွင်ကျဖြစ်စေတဲ့ Mouth Guard ပြုလုပ်နိုင်ပါတယ်။

### ညအိပ်ရာမဝင်ခင် နို့ သို့မဟုတ် အချိုရည်သောက်ခြင်း

အထူးသဖြင့် ကလေးတွေ ညအိပ်ရာမဝင်ခင်နဲ့ တရေးနိုးတဲ့အခါမှာ နို့ဘူးသောက်လေ့ရှိကြတာကြောင့် သွားတွေပိုးစားပြီး သွားပျက်စီးကြရပါတယ်။ အရွယ်ရောက်ပြီးသူတွေအနေနဲ့လည်း ညအိပ်ရာဝင်ခါနီးမှာ နို့ သို့မဟုတ် သစ်သီးဖျော်ရည်တစ်ခုခုသောက်ပြီးတိုင်း သွားတိုက်သင့်ပါတယ်။ တစ်ရေးနိုးရေဆာတဲ့အခါတိုင်း သောက်ရေတစ်မျိုးတည်းသာ ရေငတ်ပြေရုံ သောက်သင့်ပါတယ်။

### လျှာ၊ နှုတ်ခမ်းများ အပေါက်ဖောက်၍ အလှဆင်ခြင်း

တချို့က လျှာပေါ် မှာ အပေါက်ဖောက် အလှဆင်ကြပါတယ်။ အစာစားရင် အဲဒီအလှဆင်သတ္တုဖန်စီတွေကို မတော်တဆ ကြိတ်ဝါးမိတတ်ပါတယ်။ အဲဒီအခါ သွားတွေကျိုးပဲ့စေပါတယ်။ ထိုနည်းတူစွာ နှုတ်ခမ်းသားကို အပေါက်ဖောက်အလှဆင်ခြင်းကလည်း သွားဖုံးတွေ ဒဏ်ရာဖြစ်ပြီး အဲဒီကတစ်ဆင့် သွားတွေကို ထိခိုက်ပျက်စီးစေနိုင်ပါတယ်။

### သွားကြိတ်၊ အံကြိတ်ခြင်း

လူတချို့က စိတ်ဓာတ်ကျ စိတ်ဖိစီးတဲ့အခါ အံကြိတ်လေ့ရှိသလို တချို့ကလည်း ညအိပ်ချိန်မှာ မိမိကိုယ်တိုင်တောင်မသိလိုက်ဘဲ သွားကြိတ်လေ့ရှိပါတယ်။ အဲဒီဖြစ်စဉ်တွေက သွားတွေကို ဖိအားပေးရာရောက်ပြီး သွားတွေကို နိမ့်ဆင်းသွားစေလို့ ဖြစ်နိုင်ရင် ညအိပ်တဲ့အခါ ပါးစပ်ထဲမှာ Mouth Guard (ခေါ်) သွားအကာတပ်ဆင်ပြီး အိပ်သင့်ပါတယ်။ အိပ်တဲ့အချိန် သွားကြိတ်တဲ့အကျင့်က ဖျောက်ဖျက်ဖို့ ခက်ခဲတာကြောင့် နေ့ဘက်မှာ သွားတွေကို ဝန်ပိနာကျင်စေတဲ့ အစာအမာတွေ မစားသင့်ပါဘူး။

### သကြားလုံးနှင့် ကပ်စေးနဲ့သကြားလုံးများ

သကြားလုံးအမာတွေကို ပါးစပ်ထဲငုံပြီး တဖြည်းဖြည်း အရည်ပျော်သွားခြင်းက သွားအတွင်းပိုင်းအောက်ခြေမှာ အချိုဓာတ်တွေ အနည်ထိုင်လာစေပါတယ်။ ဗက်တီးရီးယားပိုးတွေကလည်း အဲဒီအနည်အနှစ်တွေကို အက်စစ်အဖြစ် ပြောင်းလဲပစ်ပြီး သွားအပေါ်ယံကြွေလွှာတွေကို အက်စစ်စားပြီး သွားတွေပျက်စီးစေပါတယ်။ ထိုနည်းတူ ကပ်စေးနဲ့ သကြားလုံး အချိုတွေကလည်း သွားတွေမှာကပ်နေလို့ သွားပျက်စီးစေတဲ့ အကြောင်းရင်းတွေဖြစ်ပါတယ်။

### ဆော်ဒါဖျော်ရည်၊ အချိုရည်နှင့် သစ်သီးဖျော်ရည်များ

အသင့်သောက် ဆော်ဒါဖျော်ရည်နဲ့ အချိုရည်တွေထဲမှာ အချိုဓာတ်အမြောက်အမြားပါဝင်လေ့ရှိတာကြောင့် အဲဒီဖျော်ရည်တွေကို မကြာခဏသောက်တာက သွားအပေါ်ယံကြွေသားတွေကို အက်စစ်ပြုပြီး သွားတွေပျက်စီးလာစေပါတယ်။ ထို့အတူ သဘာဝသစ်သီးဖျော်ရည်တွေကိုလည်း သကြား၊ နို့ဆီ စတဲ့ အချိုဓာတ်လျှော့ပြီး သောက်သုံးသင့်ပါတယ်။

### ကတ်ကြေး၊ ဓားမသုံးဘဲ သွားဖြင့်ကိုက်ဖောက်ခြင်း

သွားတွေကို ကတ်ကြေး၊ ဓားသဖွယ်သဘောထားပြီး ပုလင်းအဖုံးဖွင့်ခြင်း၊ အပ်ချည်ကြိုးကိုက်ဖြတ်ခြင်း၊ ပလတ်စတစ်အိတ်ကိုက်ဖောက်ခြင်းတွေ မလုပ်သင့်ပါဘူး။ အဲဒီလိုလုပ်ဆောင်တာတွေက သွားတွေကို ကျိုးပဲ့ပျက်စီးစေပါတယ်။

### အာလူးကြော်များ

အာလူးကြော်ထဲမှာ ကစီ(ကော်)ဓာတ်တွေ ပါရှိတာကြောင့် အဲဒါတွေဝါးစားပြီး မိနစ် ၂၀ အကြာမှာ သွားအောက်ခြေမှာရှိတဲ့ ဗက်တီးရီးယားတွေက အဲဒီကစီ(ကော်)ဓာတ်တွေကို အက်စစ်အဖြစ် ပြောင်းလဲသွားပါတယ်။ ဒါကြောင့် အာလူးကြော်တွေစားပြီးတိုင်း ပလုတ်ကျင်းသင့်ပါတယ်။

### သရေစာများ အဆက်မပြတ်စားခြင်း

နေကြာစေ့၊ ပဲလှော်တွေကို တရစပ်ဝါးစားခြင်းနဲ့ တခြားမုန့်ပဲသရေစာတွေ အဆက်မပြတ်စားခြင်းက ခံတွင်းထဲမှာ တံတွေးထွက်ရှိမှုနည်းလာပြီး သွားတွေကို ပျက်စီးစေပါတယ်။

### ခဲတံကိုက်ခြင်း

လူတချို့က အလုပ် သို့မဟုတ် စာထဲမှာ အာရုံစူးစိုက်မိကြတဲ့အခါ အမှတ်မထင် ခဲတံကို ကိုက်လေ့ရှိပါတယ်။ အဲဒီအပြုအမူက ရေခဲတုံးကိုက်ဝါးသလိုပဲ သွားတွေကို ပဲ့စေတတ်ပါတယ်။ အဲဒီအကျင့်ကို ပျောက်ဖို့ သကြားမပါတဲ့ ပီကေဝါးသင့်ပါတယ်။ ပီကေဝါးခြင်းကြောင့် ထွက်ရှိလာတဲ့တံတွေးတွေက သွားရဲ့ကြွေလွှာတွေပျက်စီးခြင်းမှ ကာကွယ်ပေးပြီး သွားတွေကိုလည်း ခိုင်ခံ့စေပါတယ်။

### ဆေးလိပ်သောက်ခြင်း

ဆေးလိပ်က သွားအရောင်ပျက်ပြယ် မည်းညစ်လာစေရုံသာမက သွားဖုံးရောဂါကိုဖြစ်စေပါတယ်။ အထူးသဖြင့် ဆေးရွက်ကြီးက ခံတွင်း၊ နှုတ်ခမ်းနဲ့ လျှာကင်ဆာဖြစ်စေလို့ ဆေးလိပ်နဲ့ ဆေးရွက်ကြီးတွေကို ရှောင်သင့်ပါတယ်။

### ကော်ဖီ၊ ဝိုင်ဖြူနှင့် ဝိုင်နီများသောက်ခြင်း

ကော်ဖီထဲမှာပါတဲ့ အက်စစ်တွေက သွားအရောင်ကို ဝါညစ်စေပါတယ်။ ဝိုင်အဖြူထဲမှာပါတဲ့ အက်စစ်ဓာတ်တွေက သွားရဲ့ကြွေလွှာတွေကို ပါးလာစေပြီး အပေါက်ဖြစ်စေပါတယ်။ ထို့နည်းတူစွာ ဝိုင်အနီထဲမှာပါတဲ့ Chromogen၊ Tannins (ခေါ်) သဘာဝအနီရောင်ဆိုးဆေးတွေက သွားအပေါ်ယံကြွေလွှာတွေကို အစက်အပြောက်တွေ ဖြစ်စေပါတယ်။ ဒါကြောင့် ကော်ဖီ၊ ဝိုင်ဖြူနဲ့ ဝိုင်နီတွေသောက်ပြီးတဲ့အခါ ရေနဲ့ ပလုတ်ကျင်းပေးသင့်ပါတယ်။

### အထိန်းအကွပ်မရှိစားပြီး အန်ထုတ်ခြင်း

လူတချို့က ခန္ဓာကိုယ်ဝမှာကြောက်ပေမယ့် အစားအသောက်ကိုတော့ မဆင်ခြင်နိုင်ကြပါဘူး။ အထိန်းအကွပ်မရှိ စားသောက်ပြီးနောက် ပါးစပ်ထဲလက်ထည့်ပြီး အန်ထုတ်ပစ်လေ့ရှိပါတယ်။ အဲဒီအန်ဖတ်တွေထဲမှာ အစာအိမ်ကနေထွက်ရှိတဲ့ အက်စစ်အပြင်းတွေပါရှိနေပါတယ်။ မကြာခဏ အဲဒီလိုအန်ထုတ်လေ့ရှိသူတွေအနေနဲ့ ကြာရှည်လာတာနဲ့ အမျှ အက်စစ်ပြင်းတွေက သွားတွေကို တဖြည်းဖြည်းတိုက်စားလာပြီး သွားတွေကျိုးပဲ့လွယ်သွားပါတယ်။

### သွားပိုးစားခြင်း သို့မဟုတ် သွားပျက်စီးစေသော အဓိကအကြောင်းရင်းများ

သွားပျက်စီးခြင်း (သွားပိုးစားခြင်း)က ကမ္ဘာပေါ်မှာ အဖြစ်အများဆုံး ရောဂါတွေထဲကတစ်ခုဖြစ်ပြီး ဗက်တီးရီးယားပိုး၊ အစားအစာ၊ သွားရဲ့ဖွဲ့စည်းပုံနဲ့ အချိန်ကာလတို့ ပေါင်းစပ်မိရာကနေ ဖြစ်ပေါ်လာပါတယ်။ အဓိကဖြစ်ပေါ်စေတဲ့ အကြောင်းရင်းတွေကတော့ –

### ဗက်တီးရီးယားပိုးများ

ခံတွင်းထဲမှာရှိတဲ့ ဗက်တီးရီးယားပိုးတွေက သင်စားသုံးလိုက်တဲ့ သကြားဓာတ်နဲ့ ကစီဓာတ်တွေကနေ အသက်ရှင်ပြီး အက်စစ်တွေကို ထုတ်လုပ်ပါတယ်။ အဲဒီအက်စစ်တွေ၊ အစားအစာအကြွင်းအကျန်တွေနဲ့ တံတွေးတွေစုပေါင်းပြီး သွားချေးအဖြစ် သွားမျက်နှာပြင်မှာ ကပ်တွယ်နေပါတယ်။

### အက်စစ်တိုက်စားခြင်း

သွားချေးထဲက အက်စစ်တွေက သွားရဲ့အမာဆုံးအလွှာဖြစ်တဲ့ ကြွေလွှာကိုတိုက်စားပြီး ပျက်စီးစေပါတယ်။ အဲဒီကနေ သွားမှာ အခေါင်းပေါက် (သွားပိုးပေါက်)တွေ ဖြစ်လာပါတယ်။

### အစားအသောက်ပုံစံ

သကြားဓာတ်များတဲ့အစားအစာတွေ (ချိုချဉ်၊ သကြားလုံး)၊ ကစီဓာတ်များတဲ့ အစားအစာတွေနဲ့ အချိုရည်တွေ (အထူးသဖြင့် Gas ပါတဲ့ အချိုရည်)ကို များများစားသုံးခြင်း၊ မကြာခဏ သရေစာစားခြင်းက သွားပိုးစားခြင်းကို ပိုဖြစ်စေပါတယ်။

### သွားသန့်ရှင်းရေးအားနည်းခြင်း

ပုံမှန်သွားတိုက်ခြင်း၊ သွားပွတ်ကြိုးအသုံးပြုခြင်းတို့ကို သေချာစွာ မလုပ်တဲ့အခါ သွားချေးတွေစုပုံလာပြီး အက်စစ်တွေက သွားကို ဆက်လက်ပျက်စီးစေပါတယ်။

### တံတွေးထွက်မှုနည်းခြင်း (ပါးစပ်ခြောက်ခြင်း)

တံတွေးက သွားကို အက်စစ်တိုက်စားမှုကနေကာကွယ်ပေးပြီး သွားရဲ့ပျက်စီးမှုကို ပြန်လည်ဖြည့်တင်းပေးတဲ့ သတ္တုဓာတ်တွေကို သယ်ဆောင်ပေးပါတယ်။ တံတွေးထွက်ရှိမှုနည်းတဲ့အခါ သွားတွေ ပျက်စီးနိုင်ခြေ ပိုများပါတယ်။

အထက်ဖော်ပြပါအကြောင်းအမျိုးမျိုးကြောင့် သွားတွေပျက်စီးဆုံးရှုံးနိုင်ပါတယ်။ ဒါကြောင့် သွားပျက်စီးခြင်းကို ကာကွယ်ဖို့ Fluoride ပါတဲ့ သွားတိုက်ဆေးနဲ့ မနက်တစ်ကြိမ်၊ ညတစ်ကြိမ် ပုံမှန်သွားတိုက်သင့်ပါတယ်။

သွားပွတ်ကြိုး သို့မဟုတ် သွားကြားထိုးတံ အသုံးပြုသင့်ပါတယ်။ သကြားဓာတ်နဲ့ ကစီဓာတ်များတဲ့ အစားအစာတွေကို လျှော့စားပြီး အမျှင်ဓာတ်ကြွယ်ဝတဲ့ ဟင်းသီးဟင်းရွက်နဲ့ သစ်သီးဝလံတွေ စားသုံးသင့်ပါတယ်။ ဒ့ါပြင် သွားတွေပျက်စီးခြင်းက ကာကွယ်နိုင်ဖို့ သွားဆရာဝန်နဲ့ ပုံမှန် (ခြောက်လတစ်ကြိမ်) ပြသစစ်ဆေးသင့်ကြောင်း အကြံပြုရေးသားလိုက်ရပါတယ်။

ပေါက်ပေါက်

---

# ဇီးကုန်းမြို့နယ်၌ သစ်တောထိန်းသိမ်းရေး တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြော

ဇီးကုန်း ဒီဇင်ဘာ ၈

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ် သစ်တောဦးစီးဌာနမှ သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာလ ၈ ရက်တွင် အခြေခံပညာအထက်တန်းကျောင်း (မြို့မ) ၌ ကျင်းပသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် အခြေခံပညာအထက်တန်းကျောင်း (မြို့မ) ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဆွေဝင်းက အဖွင့်အမှာစကားပြောကြားပြီး ဇီးကုန်းမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်မိုးက သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာများကို အသိပညာပေးဟောပြောပြီး ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များ မေးမြန်းကြသည်။

ထို့နောက် ဇီးကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မာမာဦးက စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောသည်။

ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကြောင်း သိရသည်။



တင့်ဆွေ(မြန်/ဆက်)

# သာယာဝတီခရိုင်အတွက် လက်ဆွဲမျိုးစေ့ချကိရိယာလွှဲပြောင်းပေးအပ်




သာယာဝတီ ဒီဇင်ဘာ ၈

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့ ဆရာစံခန်းမ၌ ဒီဇင်ဘာလ ၇ ရက် မွန်းလွဲပိုင်းက သာယာဝတီခရိုင်အတွက် လက်ဆွဲမျိုးစေ့ချကိရိယာလွှဲပြောင်းပေးအပ်ပွဲကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ကျေးလက်နေပြည်သူများသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအဓိကထား လုပ်ကိုင်နေကြသူများဖြစ်ကြောင်း၊ စိုက်ပျိုးရေးကဏ္ဍဖြင့် တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝများမြှင့်ပေးနိုင်ရေး စိုက်ပျိုးသီးနှံအလိုက်ပန်းတိုင်အထွက်နှုန်းရရှိရေးသည် အလွန်အရေးကြီးပြီး လိုအပ်သည့်မျိုး၊ မြေ၊ ရေ၊ နည်းပြည့်စုံကောင်းမွန်အောင် ဘက်ပေါင်းစုံမှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စက်မှုလယ်ယာကူးပြောင်းရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ထုတ်လုပ်ပေးထားသည့် လက်ဆွဲမျိုးစေ့ချကိရိယာများကို လယ်ယာလုပ်ငန်းခွင်တွင် အကျိုးရှိစွာအသုံးချနိုင်ရေး ကြိုးစားဆောင်ရွက်သွားကြစေလိုကြောင်းပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းကသာယာဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌထံလက်ဆွဲမျိုးစေ့ချကိရိယာ ၁၂၀၀ လက်အားပထမအကြိမ်အဖြစ်လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အခမ်းအနားတက်ရောက်လာသည့် တောင်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ လွှဲပြောင်းပေးအပ်သည့် လက်ဆွဲမျိုးစေ့ချကိရိယာများအား လှည့်လည်ကြည့်ရှုအားပေးကြောင်း သိရသည်။ **ဥဿာတိုင်းသား**

# ဆောင်းသီးနှံစိုက်ပျိုးမည့် တောင်သူများအား သီးနှံကာကွယ်ရေး ဆိုင်ရာနည်းပညာပေး သင်တန်းဖွင့်လှစ်ပို့ချ

ထားဝယ် ဒီဇင်ဘာ ၈

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ဘုမ္မော်ရပ်ကွက် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနရုံးခန်းမ၌ဆောင်းသီးနှံစိုက်ပျိုးမည့်တောင်သူများအား သီးနှံကာကွယ်ရေးဆိုင်ရာနည်းပညာပေးသင်တန်းကို ဒီဇင်ဘာလ ၇ ရက် နံနက်ပိုင်းက ဖွင့်လှစ်ပို့ချသည်။

ရှေးဦးစွာ တနင်္သာရီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်အေးသန္တာစိုးက ဆောင်းသီးနှံများဖြစ်သည့် မြေပဲ၊ မတ်ပဲ၊ နေကြာ၊ အစေ့ထုတ်ပြောင်းတို့အား မျိုးစေ့လူးနယ်ခြင်းဆောင်ရွက်ပုံ၊ ဆေးဖျန်းပြီးစောင့်ဆိုင်းရမည့်ကာလကို လိုက်နာခြင်းမရှိခြင်းတို့ဖြစ်ပြီး ပိုးသတ်ဆေးဓာတ်ကြွင်းကျန်ရှိမှုကို လျှော့ချရေးနည်းလမ်းများ၊ ဘက်စုံသီးနှံကာကွယ်နှိမ်နင်းရေးအရစနစ်တကျစောင့်ကြည့်၍စီးပွားရေးအရထိခိုက်နိုင်သောအဆင့်ရောက်မှ ဓာတုဆေးကိုသုံးစွဲရန်နှင့်သုံးစွဲရာတွင်လည်း အဆိုပါဓာတ်ကြွင်းကျန်ရစ်စေသည့်အချက်များကို သိရှိ၍ ဓာတ်ကြွင်းပါဝင်မှုလျှော့ချရေးလိုက်နာဆောင်ရွက်ကြရန်တောင်သူများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် တောင်သူများအား အသိပညာပေးလက်ကမ်းစာစောင်များကိုဖြန့်ဝေပေးသည်။

အဆိုပါ နည်းပညာပေးသင်တန်းသို့ ထားဝယ်မြို့နယ်အတွင်းရှိ ဆောင်းသီးနှံစိုက်ပျိုးမည့်တောင်သူ ၅၀ ဦးတက်ရောက်ကြောင်းသိရသည်။ (၄၁၂)



# ရွေးကောက်ပွဲဆိုင်ရာအသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေ

နေပြည်တော် ဒီဇင်ဘာ ၈

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် အမှတ်(၇)ရပ်ကွက် အင်ဘုမီးပွိုင့်အနီး၌ ဒီဇင်ဘာလ ၈ ရက်နံနက်ပိုင်းတွင် ဒီဇင်ဘာလ ၂၈ ရက်တွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် လှုံ့ဆော်ရေးမြေစိုက်ပိုစတာစိုက်ထူပွဲအခမ်းအနားကျင်းပသည်။

ရှေးဦးစွာနေပြည်တော်ကောင်စီဝင်ဦးမြင့်စိုးနှင့်တာဝန်ရှိသူများက တို့အတူတူမဲပေးကြမယ်၊ ရွေးကောက်ပွဲမှသည် ပိုမိုကောင်းမွန်သောအနာဂတ်ဆီသို့ မြေစိုက်ပိုစတာကိုစိုက်ထူပေးကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့် တာဝန်ရှိသူများက ဒီဇင်ဘာလ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ နိုင်ငံသားအခွင့်အရေးဆုံးရှုံးမှုမရှိစေရေး၊ ပြည်သူများအားလုံးပါဝင်၍ လွတ်လပ်စွာဆန္ဒမဲပေးနိုင်ရေး တို့အတူတူမဲပေးကြမယ် အသိပညာပေးလက်ကမ်းစာစောင်များနှင့်ရွေးကောက်ပွဲဆိုင်ရာအသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကြောင်း သိရသည်။

**မြို့နယ်( ပြန်/ဆက်)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၉-၁၂-၂၀၂၅(အင်္ဂါနေ့)

- ၁။ ဝ၆:ဝဝ တရားတော်
- ၂။ ဝ၈:ဝဝ မောင်မယ်လေးများသိစေချင်
- ၃။ ဝ၉:ဝဝ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄။ ၁ဝ:ဝဝ သစ်တောသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်
- ၅။ ၁၁:ဝဝ မြန်မာသံစဉ်ချိုနားဝင်
- ၆။ ၁၂:ဝဝ ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှု
- ၇။ ၁၃:ဝဝ သာယာသီကြွေးခေတ်ဆန်းတေး
- ၈။ ၁၄:ဝဝ ဝေမျှဆွေးနွေးလူငယ့်အရေး
- ၉။ ၁၅:ဝဝ အဟောင်းထဲမှအကောင်းဆုံး သီချင်းများ
- ၁ဝ။ ၁၆:ဝဝ ကျန်းမာခြင်းအတွက်တွေးခေါ်ခြင်း
- ၁၁။ ၁၈:ဝဝ နုပျိုလှပကျန်းမာဖို့လမ်းလျှောက်ကြပါစို့
- ၁၂။ ၁၈:၃ဝ **ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ**
- ၁၃။ ၁၉:ဝဝ **၂ဝ၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ်**
- ၁၄။ ၂ဝ:ဝဝ **မြဝတီရုပ်မြင်သံကြားသတင်း**

# သက်ရှည်ကျန်းမာ လမ်းလျှောက်ပါ

❖ နှင်းဝေဝေ မြောက်လေဖျန်းစ
ချမ်းမြမြ သည်ချိန်ခါ။
ကျန်းမာရေး အကူထောက်ဖို့
လမ်းလျှောက်ကြပါ။
လွတ်လပ်လို့ ပေ့ါပါးကာ
မရှိပါ ဘေးထွက်ဆိုးကျိုး။
ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရေးတွက်
ပေးဆက်လို့ကြိုး။

❖ စွမ်းသလောက် လမ်းလျှောက်ကြ
လျှမ်းတောက်လို့ သန်မာ။
စိတ်နှလုံး လန်းရွှင်ရ
ဆန်းလပမာ။
ဆီးချိုနှင့် နှလုံးရောဂါ
ပန်းနာလည်း ဝေးပေစွ။
ဖြစ်ပွားမှု များစွာအဆ
လျှော့ချပါမှ။

❖ လမ်းလျှောက်ခြင်း အကျိုးငါးပါး
ထင်ရှားလို့ သိစေရာ။
“ခရီးရှည်သွားနိုင်ခြင်း”က
မူရင်းအစပါ။
“အားအင်ပြည့် ကြံ့ခိုင်မှာ”
“အနာရောဂါ ကင်းစင်ခြင်း”။
“စိတ်ဓာတ်ခိုင် တည်ကြည်”အားနှင့်
“စားသမျှ အစာကြေညက်”တယ်
သက်ရောက်လက်ငင်း။

❖ ကိုယ်လက်လှုပ်ရှား သန်စွမ်းကာ
ကျန်းမာတာ လာဘ်တစ်ပါး။
ဟောမန်ခါ နှင်းမှုန်အောက်မှာ
လမ်းလျှောက်စို့လား။ ။

**မင်းသစ်ဝင်း(ကျောက်တံခါး)**

## MWD Variety Channel

၉-၁၂-၂၀၂၅(အင်္ဂါနေ့)

- ၁။ ဝ၉:၃ဝ သိမှတ်ဖွယ်ရာသုတကမ္ဘာ
- ၂။ ၁၁:၄၅ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ MSME လုပ်ငန်းများမြှင့်တင်စို့
- ၃။ ၁၄:၄ဝ ဖတ်ပါ မှတ်ပါ လေ့လာပါ
- ၄။ ၁၆:၂ဝ ဥပဒေမှတ်စု
- ၅။ ၂၁:၁၅ မှတ်တမ်းအစီအစဉ်(အသိတရားသတိထားအဂတိတရား)

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီကစိုက်ပျိုးခဲ့သော နှမ်းဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး

ပွင့်ဖြူ ဒီဇင်ဘာ ၈

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီကစိုက်ပျိုးခဲ့သော နှမ်းဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီက နှမ်း ၂၄၀၆၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါနှမ်းစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လမှ စတင်ရိတ်သိမ်းခဲ့ရာ လက်ရှိတွင် ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကေလျှင် ကိုးတင်းကျော်ထွက်ရှိကြောင်း သိရသည်။



"ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်မှာ နှမ်း ၂၄၀၆၅ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိမှာ စိုက်ပျိုးထားတဲ့နှမ်းစိုက်ခင်းတွေ ဧကအားလုံးရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ပျိုးတာနဲ့ပတ်သက်ပြီး ပြည်တွင်းစားသုံးဆီဖူလုံစေဖို့နဲ့ ပြည်ပကနေ စားအုန်းဆီတင်သွင်းမှု လျှော့ချနိုင်ဖို့အတွက် တောင်သူတွေကို မျိုးကောင်းမျိုးသန့်တွေ တိုးချဲ့စိုက်ပျိုးကြဖို့၊ အထွက်နှုန်းကောင်းမွန်စေဖို့၊ GAP နည်းစနစ်နဲ့ စိုက်ပျိုးဖို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တာဝန်ရှိသူတွေက ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ အထွက်နှုန်းကောင်းမွန်ရေး၊ ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျ သုံးစွဲရေး၊ အရည်အသွေးပြည့်ဝသော သီးနှံများထွက်ရှိရေး လိုအပ်သည့်စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့သည်။

နှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် တောင်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကိုပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆)ရက်တာလှုပ်ရှားမှု အသိပညာပေးဟောပြော

ရန်ကုန် ဒီဇင်ဘာ ၈

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ဝါးဘလောက်သောက်)၌ ခရိုင်အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူး၍ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆) ရက်တာလှုပ်ရှားမှုအဖြစ် အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာလ ၈ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ တွံတေးခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဇာဇာယမင်းဦးက ၁၉၉၉ ခုနှစ် ကုလသမဂ္ဂအထွေထွေညီလာခံ၏ (၅၄) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ နိုဝင်ဘာလ ၂၅ ရက်မှ ဒီဇင်ဘာလ ၁၀ ရက်အထိကို အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး(၁၆) ရက်တာကာလအဖြစ် သတ်မှတ်ခဲ့ကြောင်း အသိပညာပေးဟောပြောသည်။

ဆက်လက်၍ မြို့နယ်ဥပဒေအရာရှိ ဦးစိုင်းစိုးရွှေက အမျိုးသမီးများအား ကာကွယ်ရေးဆိုင်ရာဥပဒေများအကြောင်း၊ ဝါးဘလောက်သောက်နယ်မြေရဲစခန်းမှ ဒုတိယရဲအုပ်နေလင်းထက်က အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့် လူကုန်ကူးမှုပြစ်မှု၊ ပြစ်ဒဏ်များကို အသိပညာပေးဟောပြောသည်။ ထို့နောက် တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများကို အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးပြီး အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး အသိပညာပေးနံရံကပ်စာစောင်များပြသခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ တွံတေးခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဇာဇာယမင်းဦး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချိုမျိုးထိုက်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**ကျော်သူရ**

# အိမ်မဲမြို့နယ် မြို့မဈေးကြီး၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

အိမ်မဲ ဒီဇင်ဘာ ၈

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် မြို့မဈေးကြီး၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းတို့ပူးပေါင်း၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းကို ဒီဇင်ဘာလ ၇ ရက်က ဆောင်ရွက်သည်။

ရှေးဦးစွာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့်ပူးပေါင်းအဖွဲ့များက မြို့မဈေးကြီး၌ ဈေးရောင်းဈေးဝယ်များနှင့် ပြည်သူများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ပြီး မြို့မဈေးကြီးအတွင်း လျှပ်စစ်ဝိုင်ယာကြိုးများနှင့် မိန်းခလုတ်များကြွံခိုင်မှု ရှိ၊ မရှိတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်ပြီး မြို့မဈေးကြီးတွင် မီးဘေးအန္တရာယ်တွေ့ကြုံလာပါက တုံ့ပြန်ဆောင်ရွက်နိုင်ရန် ဇာတ်တိုက်လေ့ကျင့်ခြင်းကိုဆောင်ရွက်ရာ မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးတင်မျိုးဝင်းက မီးသတ်ဆေးဘူးအသုံးပြုပုံကို ရှင်းလင်းပြောကြားပြီး ဆီမီးငြိမ်းသတ်နည်းကို သရုပ်ပြသည်။ ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးငြိမ်းသတ်သည့် ယာဉ်နှစ်စီးဖြင့် သရုပ်ပြခဲ့သည်။ ဆက်လက်ပြီး အိမ်မဲမြို့မဈေးကြီးမှ ရေစုပ်စက်ရေတင်နိုင်မှုနှင့် မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများထားရှိမှုတို့ကို မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဝင် ဗိုလ်မှူးအောင်သွင်စိုးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။



**ချစ်သက်လယ်(အိမ်မဲ)**

# လပွတ္တာမြို့နယ်၌ ဒေသထွက်နေလှန်းဆားများ အရောင်းအဝယ်ကောင်းမွန်နေ



လပွတ္တာ ဒီဇင်ဘာ ၈

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ်၌ ဒေသထွက်နေလှန်းဆားများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း လပွတ္တာမြို့နယ်မှ နေလှန်းဆားထုတ်လုပ်ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်သူသူအောင်၏ပြောကြားချက်အရ သိရသည်။

လပွတ္တာမြို့နယ်၌ ယခုနှစ်ဒီဇင်ဘာလ ပထမပတ်မှ လက်ရှိအချိန်ထိ နေလှန်းဆားများ အရောင်းအဝယ်ကောင်းမွန်လျက်ရှိသည်။

"ဒေသထွက်နေလှန်းဆားတွေ အရောင်းအဝယ်ကောင်းမွန်နေပါတယ်။ ငါးပိ၊ ငါးခြောက်ပြုလုပ်ချိန်ဆိုတော့ ဆားအရောင်းအဝယ် ကောင်းလာတာပါ။ လတ်တလောမှာ တစ်ရက်ကို နေလှန်းဆားပိဿာ ၂၅၀၀ ကနေ ၅၀၀၀ ကျော်အထိ အရောင်းအဝယ်ဖြစ်နေပါတယ်။ အခုလို ဆားအရောင်းအဝယ်ကောင်းလာတော့ ဆားထုတ်လုပ်တဲ့လုပ်ငန်းနဲ့ ဆက်စပ်တဲ့သူတွေ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး အဆင်ပြေလာပါတယ်" ဟု ဒေါ်သူသူအောင်ကပြောသည်။

လပွတ္တာမြို့နယ်၌ ဆားလုပ်ငန်းလုပ်ကိုင်သူများက ဒေသထွက်နေလှန်းဆားများကို စနစ်တကျသန့်စင်ထုတ်လုပ်ပြီး ရန်ကုန်ဈေးကွက်သို့ အဓိကထားတင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါဒေသထွက်နေလှန်းဆားများကို ငါးပိ၊ ငါးခြောက်၊ ငံပြာရည် စသည့်လုပ်ငန်းများတွင် အဓိကအသုံးပြုကြကြောင်း သိရသည်။

**သုတကျော်**

❍ ရှေ့ဖုံးမှအဆက်

အခမ်းအနားကိုဖွင့်လှစ်ကြပြီး ကာတာနိုင်ငံ သံရုံးတာဝန်ခံက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကာတာနိုင်ငံ သံရုံးတာဝန်ခံတို့သည် အထိမ်းအမှတ်ကိတ်ကို လှီးဖြတ်ပေးကြပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများအား ကာတာနိုင်ငံ သံရုံးတာဝန်ခံက ကာတာနိုင်ငံ၏ အမျိုးသားနေ့အထိမ်းအမှတ်ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

## ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

နေပြည်တော် ဒီဇင်ဘာ ၈

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

(မိုး/ဇလ)

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၆/၂၀၂၅)ကြိမ်မြောက်အစည်းအဝေးက အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၄၂၀၀ ခန့်ကိုဖန်တီးပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၁၄ ခုကိုခွင့်ပြု



နေပြည်တော် ဒီဇင်ဘာ ၈

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၆/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၅)အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင်လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ခြောက်ခုမှ မတည်ငွေရင်းတိုးမြှင့်ခြင်းအပါအဝင် စက်မှုကဏ္ဍမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအသစ်ငါးခုနှင့် စက်မှုကဏ္ဍ၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍနှင့်ဝန်ဆောင်မှုကဏ္ဍတို့မှ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ်ကိုးခုကို ခွင့်ပြုပေးခဲ့သည်။

အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၅၇ ဒသမ ၂၉၅ သန်းနှင့် ကျပ် ၄၅၅၀၂ ဒသမ ၉၇၈ သန်းဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၄၁၁၉ ဦးကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

ယနေ့အစည်းအဝေးက ခွင့်ပြုပေးသည့် လုပ်ငန်းများတွင် နိုင်ငံအတွက် အဓိကလိုအပ်လျက်ရှိသည့် လျှပ်စစ်သုံး နှစ်ဘီး၊ သုံးဘီးမော်တော်ဆိုင်ကယ် တပ်ဆင်ထုတ်လုပ်ခြင်းလုပ်ငန်း၊ မော်တော်ယာဉ်အမျိုးမျိုးတပ်ဆင်ထုတ်လုပ်ခြင်းလုပ်ငန်းများနှင့် ပညာရေးဝန်ဆောင်မှုလုပ်ငန်းများ၊ စားသောက်ကုန်ထုတ်လုပ်ငန်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်မည့် အထည်ချုပ်လုပ်ငန်းများလည်း ပါဝင်သည်။

၂၀၂၅ ခုနှစ် နိုဝင်ဘာလကုန်အထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ၊ ဒေသပေါင်း ၅၃ ခုအနက် ရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်သော နိုင်ငံ၊ ဒေသများမှာ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်ပြီး စီးပွားရေးကဏ္ဍ ၁၂ ခုအနက် အများဆုံးရင်းနှီးမြှုပ်နှံထားသည့်ကဏ္ဍများမှာ လျှပ်စစ်ဓာတ်အားကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၈ ဒသမ ၂၈ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၄ ဒသမ ၆၅ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ စက်မှုကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၆၀ ရာခိုင်နှုန်းဖြင့်လည်းကောင်း အသီးသီးရင်းနှီးမြှုပ်နှံထားသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများက တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုအဆိုပြုချက်များအားစိစစ်ခွင့်ပြုခြင်းနှင့် လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဝန်ဆောင်မှုများကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် အညီ ပံ့ပိုးကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

မြဝတီ



ဘန်ကောက်မြို့ရှိ မြန်မာသံရုံးတွင် ပြည်ပရောက်မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေးနေမှုကိုတွေ့ရစဉ်။



တိုကျိုမြို့ရှိ မြန်မာသံရုံးတွင် ပြည်ပရောက်မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေးနေမှုကိုတွေ့ရစဉ်။

❒ ပြည်ပရောက်မြန်မာနိုင်ငံသားများမှ

မြန်မာကောင်စစ်ဝန်ချုပ်ရုံး ၅၀ တို့တွင် သတ်မှတ်ရက်များအလိုက် မဲရုံများဖွင့်လှစ်၍ ကြိုတင်ဆန္ဒမဲပေးခြင်းအစီအစဉ်များကို ဆောင်ရွက်လျက်ရှိသည်။


ထိုသို့ဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၈ ရက်အထိ မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ၄၁ ရုံးတို့တွင် ကြိုတင်မဲပေးခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်ပြီးစီးခဲ့ကြောင်းသိရသည်။

ပြည်ပရောက်မြန်မာနိုင်ငံသားများ ကြိုတင်မဲများဆက်လက်ပေးနိုင်ရေးအတွက် ကျန်ရှိသောရုံးများအနေဖြင့် သတ်မှတ်နေ့ရက်များအထိ မဲရုံများဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ



နယူးဒေလီမြို့ရှိ မြန်မာသံရုံးတွင် ပြည်ပရောက်မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေးနေမှုကိုတွေ့ရစဉ်။







# နေပြည်တော် ပုဗ္ဗသီရိမြို့၌ ရွေးကောက်ပွဲနှိုးဆော် အသိပညာပေးဆိုင်ရာ မြေစိုက်ပိုစတာ (Billboard) စိုက်ထူ

နေပြည်တော် ဒီဇင်ဘာ ၈

ပြည်သူများအနေဖြင့် နိုင်ငံသားတစ်ဦး၏အခွင့်အရေးဖြစ်သော ဆန္ဒမဲပေးနိုင်စေရေးအတွက် ရွေးကောက်ပွဲနှိုးဆော်အသိပညာပေးဆိုင်ရာမြေစိုက်ပိုစတာ(Billboard) စိုက်ထူခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် နေပြည်တော်(ခုတင်-၃၀၀) ပြည်သူ့ဆေးရုံအနီး၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။




အခမ်းအနားတွင်နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင် ဦးမင်းဦးနှင့် နေပြည်တော်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးအောင်စိုးဝင်းတို့က ဒို့အတူတူမဲပေးကြမယ် မြေစိုက်ပိုစတာ(Billboard)ကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တက်ရောက်လာသူများအား ရွေးကောက်ပွဲဆိုင်ရာမဲဆန္ဒရှင်အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပေးကာ ဘင်ခရာနှင့်ပန်းဖွားအဖွဲ့အတွက် ဂုဏ်ပြုဆုငွေများပေးအပ်သည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပုဗ္ဗသီရိမြို့နယ်အတွင်း ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အခြေခံအကျဆုံးဖြစ်သည့် မဲဆန္ဒရှင်စာရင်း တိကျမှန်ကန်စေရန် မဲစာရင်းတွင် ပါသင့်သူများမကျန်ရှိစေရေးနှင့် မပါဝင်သင့်သူများ ပါဝင်နေမှုမရှိစေရေး၊ အသက် ၁၈ နှစ်နှင့်အထက် စာရင်းအချက်အလက်များ ပြည့်စုံမှန်ကန်ရန်အတွက် ရပ်ကွက်၊ ကျေးရွာများသို့ တစ်အိမ်တက်ဆင်းမဲစာရင်းတိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကိုကြည့်ရှုပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်းသိရသည်။

ထွန်းလင်း(ဇေယျာမြေ)

# မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များ ထိန်းသိမ်းထားသိုပြင်ဆင်ထားရှိမှုအား ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၈

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးရှိ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင်အသုံးပြုမည့် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များ ထိန်းသိမ်းထားသိုပြင်ဆင်ထားရှိမှုများကို ယနေ့မွန်းလွဲပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးအတွင်းရေးမှူးက စက်များအား Control Unit ပိုင်း ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ Ballot Unit ပိုင်း ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ထိန်းသိမ်းထားသိုမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များ ထိန်းသိမ်းထားသိုပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

➤ ကျောဖုံးမှအဆက်

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာ ဆေးကုသမှုဆိုင်ရာရောဂါ ၂၀၃ ဦး၊ ခွဲစိတ်ရောဂါ ၂၂ ဦး၊ သားဖွား/မီးယပ်ရောဂါ ၂၉ ဦး၊ ကလေးရောဂါ ၁၆ ဦး၊ အရိုးရောဂါ ၂၁၅ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၅၅ ဦး၊ မျက်စိရောဂါ ၁၅၁ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၄၂ ဦး၊ စုစုပေါင်းဒေသခံပြည်သူ ၇၃၃ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ၇ ဦး၊ မျက်စိခွဲစိတ်လူနာ ၄ ဦး၊ သွားနုတ်/သွားဖာ ၂၂ ဦး၊ ဓာတ်မှန်ရိုက်လူနာ ၂၁ ဦး၊ Ultrasound စက်ဖြင့် စမ်းသပ်စစ်ဆေး လူနာ ၃၈ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၂၃ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၅၁ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးကြသည်။





တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့မှတပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

အဆိုပါ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့သည် ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက်ရောက်ရှိနေခြင်းဖြစ်ပြီး ထိုသို့ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုကဲ့သို့ ကြားသိရပါသည် -

"အဘနာမည်က ဦးသိန်းထောင်ပါ။ အသက် ၈၅ နှစ်ရှိပြီ။ အခုပါရဂူကြီးတွေ ကိုယ်တိုင်လာပြီးတော့ ပရဟိတကုသပေးတာ တစ်ခါမှမတွေ့ခဲ့ဖူးဘူး။ အဘ ခြေထောက်ကတော့ ကုမရတော့ဘူး တွက်တာ။ အခုကတော့ အဘကတော်တော်





ဝမ်းသာပါတယ်။ ဘယ်လိုဝမ်းသာမှန်းကို မသိဘူး။ ကျေးဇူးတင်ပါတယ်။ အဘ ပြောရင်းနဲ့တောင် မျက်ရည်ကျမိပါတယ်။ ဝမ်းသာတာဝမ်းသာတာ ဒီလိုကုပေးတယ်ဆိုတာ တစ်ခါမှမကြားဖူးဘူး။ တွေ့လည်း မတွေ့ဖူးဘူး။ ဒီနေ့လက်တွေ့ကုသဖူးခဲ့ပါပြီ"ဟု ပြောသည်။

"အန်တီကတော့ ခင်မိုးမိုးအေးလို့ ခေါ်ပါတယ်။ အခုလက်ကို အဆီကျိတ်လာပြတာပါ။ ဆရာဝန်ကြီးတွေကလည်း သေသေချာချာ အန်တီ့ကို ခွဲစိတ်ကုသပေးပါတယ်။ ကျေးဇူးလည်းတင်ပါတယ်။ တော်တော်ကြာပါပြီ။ တစ်နှစ်နီးပါးလောက်တော့ရှိပြီပေါ့နော်။ ဒီမှာပြတာ အကုန်လုံးသက်သာတယ်။ လူအင်အားလည်းသက်သာတယ်။ ငွေရေးကြေးရေးလည်း သက်သာတယ်။ အသွားအလာ ခရီးစရိတ်လည်း သက်သာတယ်။ အားလုံး အဆင်ပြေပါတယ်။ လာရောက်ပြီးတော့ ကုသပေးတဲ့ ဆရာဝန်ကြီးတွေလည်း ကျန်းမာချမ်းသာပြီး အန္တရာယ်ကင်းဘေးကင်းပါစေ၊ ရာထူးတွေလည်း တိုးတက်ပါစေ အန်တီဆုတောင်းမေတ္တာပို့ပါတယ်။ ကျန်တဲ့ ခုနှစ်ရက်သားသမီးတွေလည်း လာပြီးပြစေချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။ ဝမ်းသာပါတယ်။ နောင်လည်းအခုလိုမျိုး လာရောက်ပြီးတော့ ကုသပေးနိုင်ဖို့ ဖိတ်ခေါ်ကြိုဆိုပါတယ်" ဟုပြောသည်။ (၁၀၀)

# မြန်မာအီလက်ထရောနစ်မဲပေးစက် ( Myanmar Electronic Voting Machine ) အသုံးပြုခြင်းဖြင့် အဂတိလိုက်စားမှုကိုတိုက်ဖျက်စို့

မယ်မွေး (MA. Corruption and Governance, UK)

**အထွေထွေရွေးကောက်ပွဲ**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ဦးတည်ချက်(၄)ရပ်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိရာတွင် **“ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး”** ဟူသော စတုတ္ထမြောက်ဦးတည်ချက်လည်းအပါအဝင်ဖြစ်သည်။ အဆိုပါစတုတ္ထမြောက်ဦးတည်ချက်အား ပြည့်ဝစွာအောင်မြင်စေရေးအတွက် ယခုလာမည့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလနောက်ဆုံးရက်သတ္တပတ်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ကျင်းပမည်ဖြစ်သည်။

**ခေတ်နှင့်အမီ (MEVM)စနစ်**

ဤသို့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကျင်းပရာတွင် မြန်မာနိုင်ငံ၌ ယခင်ကျင်းပခဲ့သောရွေးကောက်ပွဲများနှင့်မတူသည့် ထူးခြားချက်မှာ မြန်မာအီလက်ထရောနစ်မဲပေးစနစ် (Myanmar Electronic Voting Machine – MEVM) ကို အသုံးပြုခြင်းဖြစ်သည်။ အီလက်ထရောနစ် မဲပေးခြင်းစနစ်ဆိုသည်မှာ အလွယ်ကူအရိုးရှင်းဆုံးပြောရလျှင် အီလက်ထရောနစ်စနစ်အပေါ် အခြေခံထားသော မဲပေးရာတွင်အသုံးပြုရသည့် စက်ကိုအသုံးပြုခြင်းဖြစ်သည်။ အဆိုပါစက်ကို အသုံးပြုခြင်းသည် မဲပေးသည့်စနစ်တွင် ကြုံတွေ့ရသော မဲရေတွက်ရာတွင် လူအင်အား၊ အချိန်အမြောက်အမြားအသုံးပြုရခြင်းအပြင် ရွေးကောက်ပွဲဆိုင်ရာအဂတိလိုက်စားမှုမဖြစ်ပေါ်စေရေးအတွက် ရည်ရွယ်သည်။ နောက်ပိုင်းနည်းပညာများအဆင့်မြင့်လာသောအခါ ၎င်းစနစ်တွင် မျက်ကြည်လွှာစကင်ဖတ်ခြင်းနှင့် တိုက်ရိုက်မှတ်တမ်းတင်ခြင်းကို ဆောင်ရွက်နိုင်သည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးရှုထောင့်မှကြည့်မည်ဆိုလျှင် Electronic Voting Machine (EVM)စနစ်ကို အသုံးပြုခြင်းသည် ရွေးကောက်ပွဲဆိုင်ရာ အဂတိလိုက်စားမှုပပျောက်စေကြောင်းကို သုတေသနစာတမ်းအများအပြားတွင် တွေ့ရှိရသည်။

**ရွေးကောက်ပွဲဆိုင်ရာ အဂတိလိုက်စားမှုဆိုတာ**

ကမ္ဘာ့နိုင်ငံအသီးသီးတွင် အဂတိလိုက်စားမှုသည် ပုံစံအမျိုးမျိုး၊ နည်းလမ်းအမျိုးမျိုးဖြင့် ဖြစ်ပွားလျက်ရှိသည်။ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးကဏ္ဍအသီးသီးတို့တွင် နယ်ပယ်အလိုက် အဂတိလိုက်စားမှုပုံစံအမျိုးမျိုးရှိပြီး ရွေးကောက်ပွဲဆိုင်ရာ အဂတိလိုက်စားမှုများ ဖြစ်ပွားလေ့ရှိသည်။ ရွေးကောက်ပွဲများတွင်တွေ့ရှိရသော အဂတိလိုက်စားမှုများကို နိုင်ငံ၏နိုင်ငံရေးစနစ်၊ အလေ့အထအပေါ်တွင် အမျိုးမျိုးသတ်မှတ်ကြသော်လည်း အဓိကအားဖြင့် မဲလက်မှတ်များဖျောက်ဖျက်ခြင်း၊ မဲခိုးခြင်း၊ မဲများမှားယွင်းရေတွက်ခြင်း၊ မဲစက္ကူလက်မှတ်အား ပြောင်းလဲဖျက်ဆီးခြင်း စသည်တို့ပါဝင်သည်။ အဆိုပါပြဿနာများဖြစ်ပွားရသော အကြောင်းရင်းများ၏ မြစ်ဖျားခံရာသည် စာရွက်များအသုံးပြု၍ မဲများပြုလုပ်ခြင်း၊ မဲများအားလက်ဖြင့်ရေတွက်ခြင်း၊ ကြီးကြပ်ကွပ်ကဲမှုအားနည်းခြင်းတို့ကြောင့် ဖြစ်ပွားလေ့ရှိသည်။

**အီလက်ထရောနစ်မဲပေးစက်အသုံးပြုခြင်းသမိုင်း**

ရွေးကောက်ပွဲဆိုင်ရာအဂတိလိုက်စားမှုမပေါ်ပေါက်စေရေးအတွက် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအစီအစဉ်များပြုလုပ်ကြရာတွင် အီလက်ထရောနစ်မဲပေးစနစ်ကို အသုံးပြုခြင်းဖြင့် အဂတိလိုက်စားမှုတားဆီးကာကွယ်နိုင်ကြောင်းတွေ့ရှိရသည်။ အီလက်ထရောနစ်မဲပေးခြင်းစနစ်သည် ရွေးကောက်ပွဲဆိုင်ရာမဲပေးမှုတွင် ပွင့်လင်းမြင်သာမှု၊ တာဝန်ခံတာဝန်ယူမှု၊ မဲပေးခြင်းဆိုင်ရာစနစ်အား လုံခြုံမှုရှိစေရေးအတွက်ရည်ရွယ်၍ ဆောင်ရွက်ထားသည့်စနစ်ဖြစ်သည်။ ၎င်းစနစ်ကို စတင်သုံးစွဲခဲ့သည့်နိုင်ငံမှာ အိန္ဒိယနိုင်ငံဖြစ်ပြီး အိန္ဒိယနိုင်ငံကာရာလာမြောက်ပိုင်း ရွေးကောက်ပွဲတွင်စတင်စမ်းသပ်အသုံးပြုခဲ့သည်။ မဲရုံအရေအတွက် ၈၄ ရုံတွင် မဲရုံ ၅၀ တွင်သာ အသုံးပြုနိုင်ခဲ့သည်။ ၁၉၉၀ ပြည့်လွန်နှစ်များအရောက်တွင် အိန္ဒိယနိုင်ငံ၌ မဲပေးသူသန်းပေါင်း ၈၀၀ ကျော်ရှိလာခဲ့ပြီး မဲအရေအတွက်စနစ်များမှားယွင်းခြင်းနှင့် ရွေးကောက်ပွဲဆိုင်ရာလိမ်လည်မှုများဖြစ်ပေါ်ရန် ဦးတည်လာသောကြောင့် အိန္ဒိယရွေးကောက်ပွဲကော်မရှင်သည် အီလက်ထရောနစ်မဲပေးခြင်းဆိုင်ရာစနစ်ကို ပိုမိုခေတ်မီတွင်ကျယ်စွာအသုံးပြုနိုင်ရေးအတွက် ဆောင်ရွက်ခဲ့ပြီး ၂၀၀၁ ခုနှစ်ရောက်မှသာ EVMs စနစ်ကို အပြည့်အဝကျင့်သုံးနိုင်ခြင်းဖြစ်သည်။

**အရှေ့တောင်အာရှမှမှတ်တိုင်**

အရှေ့တောင်အာရှနိုင်ငံများအနက် EVM စနစ်ကို အသုံးပြုသည့် နိုင်ငံများတွင် ဖိလစ်ပိုင်နိုင်ငံသည်လည်း အပါအဝင်ဖြစ်ပြီး မျက်ကြည်လွှာစကင်ဖတ်စနစ်ပါဝင်သည့် အလိုအလျောက်မဲရေတွက်သည့်စနစ်ပါဝင်သောမဲပေးစက်ကို အသုံးပြုသည်။ ဖိလစ်ပိုင်နိုင်ငံ၏ ရွေးကောက်ပွဲကော်မရှင်သည် ၁၉၉၆ ခုနှစ်မှစတင်၍ ရွေးကောက်ပွဲတွင် အီလက်ထရောနစ်မဲပေးစနစ်စတင်ကျင့်သုံးရန် ဆောင်ရွက်ခဲ့သည်။ ၁၉၉၈ ခုနှစ်၏ နိုင်ငံလုံးဆိုင်ရာ ရွေးကောက်ပွဲတွင် ၎င်းစနစ်အားအကန့်အသတ်ဖြင့်သာ အသုံးပြုနိုင်ခဲ့သည်။ ၂၀၀၃ ခုနှစ်တွင် လက်ဗွေစနစ်နှင့် ဒစ်ဂျစ်တယ်ဓာတ်ပုံစနစ်၊ လက်မှတ်ရေးထိုးခြင်းစနစ်ပါဝင်သည့် ခေတ်မီမဲပေးစက်ကို စတင်အသုံးပြုနိုင်ခဲ့သည်။ ကနဦးအသုံးပြုသော အီလက်ထရောနစ်မဲပေးစနစ်တွင် အခက်အခဲများရှိပါသဖြင့် ၂၀၀၇ ခုနှစ်တွင် အီလက်ထရောနစ် အလိုအလျောက်မဲပေးစနစ်ဆိုင်ရာ ဥပဒေကိုပြဋ္ဌာန်းပြီး ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်ရာတွင် ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် EVMs စနစ်ကို အပြည့်အဝကျင့်သုံးနိုင်ခဲ့သည်။

**အီလက်ထရောနစ်မဲပေးစက်၏အားသာချက်များ**

၂၀၁၉ ခုနှစ် ဖိလစ်ပိုင်နိုင်ငံ၏ ရွေးကောက်ပွဲများတွင်အီလက်ထရောနစ်မဲပေးစနစ်အသုံးပြုမှုအပေါ်တွင် စစ်တမ်းကောက်ယူချက်အရ စက်ချွတ်ယွင်းမှုဖြစ်ပွားသည့် ပြဿနာသည် ၁ ရာခိုင်နှုန်းမှ ၂ ရာခိုင်နှုန်းသာရှိကြောင်း၊ မဲရလဒ်စာရင်းစစ်မှုသည် သုည ဒသမ ၀၁ ရာခိုင်နှုန်းထက် နည်းပါးကြောင်း တွေ့ရှိရသည်။ အီလက်ထရောနစ်မဲပေးစနစ် အသုံးပြုခြင်း၏အားသာချက်များအနက် မဲစက္ကူပေါင်း သန်းပေါင်းများစွာအသုံးမပြုရခြင်း၊ မဲများသိုလှောင်သိမ်းဆည်းခြင်းအတွက် နေရာအခက်အခဲမရှိခြင်း၊ မဲရေတွက်ရန်အတွက် လူ့စွမ်းအားအရင်းအမြစ်များ များစွာအသုံးမပြုရခြင်း၊ မဲပြန်လည်ရေတွက်ရခြင်း အစရှိသောအခက်အခဲများကို မကြုံတွေ့နိုင်ခြင်း၊ ရေရှည်တွင်ကုန်ကျစရိတ်သက်သာခြင်းကို တွေ့ရှိရသည်။ ထို့ပြင် မဲပေးရာတွင်အသုံးပြုရသောစက္ကူမှာ သဘာဝဝါးပင်များမှရရှိသော ထုတ်ကုန်ဖြစ်သည်။ အီလက်ထရောနစ် မဲပေးစနစ်အသုံးပြုခြင်း၏ အားသာချက်များအနက် စက္ကူချုပ်အရေအတွက်သန်းပေါင်းများစွာ အသုံးမပြုရသောကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအားလျှော့ချနိုင်ခြင်းမှာလည်း ဝမ်းမြောက်စရာကိစ္စရပ်ပင်ဖြစ်သည်။

**အီလက်ထရောနစ်မဲပေးစက်နည်းပညာသည် ရွေးကောက်ပွဲတွင် ဖြစ်ပွားလေ့ရှိသော အဂတိလိုက်စားမှုပုံစံအများအပြားကို ပပျောက်စေနိုင်သည့် နည်းပညာဖြစ်သောကြောင့် ယခုကဲ့သို့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အသုံးပြုနိုင်ခြင်းသည် ပွင့်လင်းမြင်သာမှု၊ တာဝန်ခံတာဝန်ယူမှု၊ ကောင်းမွန်သောအုပ်ချုပ်မှု၏ ပြယုဂ်တစ်ခုဖြစ်သလို မဲစာရွက်များလိမ်လည်လုပ်ကြံခြင်း၊ မဲစာရွက်များစုတ်ပြဲခြင်း၊ မဲရေတွက်မှုမှားယွင်းခြင်း၊ မဲများထပ်နေခြင်း အစရှိသည့် ရွေးကောက်ပွဲဆိုင်ရာ အဂတိလိုက်စားမှုများ လုံးဝမဖြစ်ပွားစေနိုင်သည့် နည်းပညာတစ်ခုလည်းဖြစ်သည်။**

**ယုံကြည်မှုကိုတည်ဆောက်**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင်အသုံးပြုမည့် မြန်မာအီလက်ထရောနစ်မဲပေးစက်သည် ပြည်တွင်းနည်းပညာရှင်များမှ ပထမဆုံးတီထွင်ထုတ်လုပ်ထားခြင်းဖြစ်ပြီး အမျိုးသားစံချိန်စံညွှန်းကောင်စီမှ မဲပေးစက်ဆိုင်ရာ သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီခြင်းရှိ၊ မရှိစစ်ဆေးကာ မြန်မာစံချိန်စံညွှန်း(MMS)အဖြစ်လည်းကောင်း၊ အမျိုးသားအဆင့်အရည်အသွေးထောက်ခံချက်ထုတ်ပေးရေးဆိုင်ရာကော်မတီ (National Certi–fication Committee –NCC)မှ စိစစ်အတည်ပြုထုတ်ပေးသည့် အရည်အသွေးကိုက်ညီမှုထောက်ခံချက် (Certification of Conformity)လက်မှတ်ကိုလည်းကောင်း၊ အမျိုးသားအဆင့် အရည်အသွေးထောက်ခံချက်ထုတ်ပေးရေးအဖွဲ့ (National Certification Body –NCB)မှထုတ်ပေးသည့် မြန်မာ့စံချိန်စံညွှန်းအမှတ်တံဆိပ် (MMS Standard Mark ) အသုံးပြုခွင့်လိုင်စင်ကိုလည်းကောင်း ရရှိပြီးဖြစ်သည်။ ထို့ပြင် မြန်မာအီလက်ထရောနစ်မဲပေးစက်သည် မဲနှင့်မဲရလဒ်စာရင်းသွင်းမှု မှတ်တမ်းများတွင် တိကျမှန်ကန်စေခြင်း၊ ဇီဝဆိုင်ရာအချက်အလက်များအတည်ပြုခြင်း၊ မဲပေးရာတွင်အချိန်မှတ်တမ်းများ အတိအကျထွက်ခြင်းနှင့် လူပုဂ္ဂိုလ်ကြောင့်ဖြစ်ပွားသော မတော်တဆမှားယွင်းခြင်းနှင့် ကြိုတင်ကြံစည်ခြင်းများကို ပပျောက်စေသည်။

**သန့်ရှင်းသောရွေးကောက်ပွဲ**

အီလက်ထရောနစ်မဲပေးစက်သည် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကျင်းပပြုလုပ်ကြသည့် အထွေထွေရွေးကောက်ပွဲများတွင် အသုံးပြုရာမှတစ်ဆင့် သိရှိလာရသော အားသာချက်များ၊ အားနည်းချက်များနှင့် နည်းပညာအခက်အခဲများအပေါ်အခြေခံပြီး အဆင့်ဆင့်တိုးတက်ပြောင်းလဲလာသော နည်းပညာတစ်ခုဖြစ်သည်။ အီလက်ထရောနစ်မဲပေးစက်နည်းပညာသည်ရွေးကောက်ပွဲတွင်ဖြစ်ပွားလေ့ရှိသော အဂတိလိုက်စားမှုပုံစံအများအပြားကို ပပျောက်စေနိုင်သည့် နည်းပညာဖြစ်သောကြောင့် ယခုကဲ့သို့ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် အသုံးပြုနိုင်ခြင်းသည် ပွင့်လင်းမြင်သာမှု၊ တာဝန်ခံတာဝန်ယူမှု၊ ကောင်းမွန်သော အုပ်ချုပ်မှု၏ ပြယုဂ်တစ်ခုဖြစ်သလို မဲစာရွက်များလိမ်လည်လုပ်ကြံခြင်း၊ မဲစာရွက်များစုတ်ပြဲခြင်း၊ မဲရေတွက်မှုမှားယွင်းခြင်း၊ မဲများထပ်နေခြင်း အစရှိသည့် ရွေးကောက်ပွဲဆိုင်ရာ အဂတိလိုက်စားမှုများလုံးဝမဖြစ်ပွားစေနိုင်သည့် နည်းပညာတစ်ခုလည်းဖြစ်သည်။

**ရွေးကောက်ပွဲမှတ်တိုင်**

ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးပေါ်ထွန်းလာစေရေးသည် နိုင်ငံတော်နှင့် နိုင်ငံသားတိုင်း၏ အကြီးမားဆုံးမျှော်လင့်ချက်ဖြစ်သောကြောင့် ယခုကျင်းပမည့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသည် အရေးကြီးသော နိုင်ငံ့သမိုင်းမှတ်တိုင်တစ်ခုဖြစ်သည်။ ဤကဲ့သို့ အရေးကြီးသော မှတ်တိုင်တစ်ခုကိုစိုက်ထူရာတွင် ခေတ်မီနည်းပညာကိုအသုံးပြုထားသော အီလက်ထရောနစ်မဲပေးစက်ကို အသုံးပြုနိုင်ခြင်းသည် မြန်မာ့သမိုင်းကြောင်းတစ်လျှောက်တွင် ကြီးမားသောအပြောင်းအလဲဖြစ်ပြီး အောင်မြင်မှုတစ်ရပ်လည်းဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရသော် သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သောအုပ်ချုပ်မှုအတွက် အရေးအကြီးဆုံးဖြစ်သည့် ရွေးကောက်ပွဲဆိုင်ရာ အဂတိလိုက်စားမှုကင်းစင်ကြောင်းကို မျက်ဝါးထင်ထင်ပြသနိုင်ခြင်းပင်ဖြစ်သည်။ ။

# မကွေးမြို့၌ ကျန်းမာရေးသိပ္ပံတွဲ့(အခြေခံကျန်းမာရေး) ၁၁ / ၂၀၂၅ ပထမနှစ်သင်တန်း မောင်မယ်သစ်လွင်ကြိုဆိုပွဲကျင်းပ



**မကွေး ဒီဇင်ဘာ ၈**

ကျန်းမာရေးသိပ္ပံတွဲ့(၁၁/၂၀၂၅) ပထမနှစ်သင်တန်းသို့ တက်ရောက်လာကြသည့် မောင်မယ်သစ်လွင်ကျောင်းသား၊ကျောင်းသူများ ကြိုဆိုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မကွေးမြို့ရှိ အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး) ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တက္ကသိုလ်၊ ကောလိပ် အသီးသီးမှ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များနှင့် သင်တန်းသား မောင်မယ်သစ်လွင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး)သည် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များဖြစ်သည့် အခြေခံကျန်းမာရေးဝန်ထမ်းများကို လေ့ကျင့်မွေးထုတ်ပေးနေသည့် မြန်မာနိုင်ငံတွင် တစ်ခုတည်းသော တက္ကသိုလ်ဖြစ်ကြောင်း၊ မောင်တို့မယ်တို့အနေဖြင့် ဝီရိယစိုက်ထုတ်၍ ကြိုးစားပန်းစားလေ့လာသင်ယူကြရန်၊ ဘာသာရပ်များကို စာတွေ့လက်တွေ့ သေသေချာချာ လေ့လာကြိုးစားသင်ယူကြရန်နှင့် တိုင်းပြည်တာဝန်ကို ထမ်းဆောင်ချိန်တွင် အရည်အသွေး၊ အရည်အချင်းပြည့်ဝသည့် ကျန်းမာရေးဝန်ထမ်းကောင်းများဖြစ်အောင်ကြိုးစားကြစေလိုကြောင်းပြောကြားသည်။

ထို့နောက်အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး)ပါမောက္ခချုပ်ဒေါက်တာထွန်းတင်က ကျန်းမာရေးသိပ္ပံတွဲ့(အခြေခံကျန်းမာရေး) သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များ၊ ပညာသင်နှစ်အလိုက် သင်ကြားပေးမည့် အစီအစဉ်များနှင့် ကျောင်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သင်တန်းသားမောင်မယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ အားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**မောင်ခိုင်မင်း(ပြန်ဆက်)**

# မကွေးတိုင်းဒေသကြီးအတွင်း ပဋ္ဌနဂိုရ်ဆိုလာရေတင်စီမံကိန်း ဆောင်ရွက်မည်



**နေပြည်တော် ဒီဇင်ဘာ ၈**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ပဋ္ဌနဂိုရ်ကျေးရွာအနီးရှိ ဒေသခံတောင်သူများ စိုက်ပျိုးရေဖူလုံစွာရရှိစေရေးအတွက် ပဋ္ဌနဂိုရ် ဆိုလာရေတင်စီမံကိန်းလုပ်ငန်း အသစ်တည်ဆောက်အကောင်အထည်ဖော်ဆောင်ရွက်မည့်နေရာကို ဒီဇင်ဘာလ ၅ ရက် က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် တာဝန်ရှိသူများနှင့်အတူ ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ဒေသခံတောင်သူများနှင့် တွေ့ဆုံရာ ဒုတိယဝန်ကြီးက ဆိုလာရေတင်စီမံကိန်းလုပ်ငန်းများကို ဘဏ္ဍာရေးနှစ်အလိုက်၊ အဆင့်အလိုက် ဆောင်ရွက်ရာတွင် စိုက်ပျိုးရေပေးဝေနိုင်သည့် ဧကများ တစ်ဆင့်ချင်းတိုးတက်ရရှိနိုင်ရေး ညှိနှိုင်းစီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ နည်းပညာပိုင်းဆိုင်ရာ လိုအပ်ချက်များကို သက်ဆိုင်ရာဌာနများက ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေရရှိလာပါက သီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် သီးထပ်သီးညှပ်စိုက်ဧကများ ပိုမိုတိုးတက် စိုက်ပျိုးစေလိုကြောင်း၊ တောင်သူအစုအဖွဲ့များ ဖွဲ့စည်း၍ မျိုးစေ့ထုတ်အဖွဲ့များ၊ ရေကိုစနစ်တကျ အလေအလွင့်မရှိ သုံးစွဲတတ်စေရန်အတွက် ရေအသုံးချသူများအဖွဲ့ (WUG) များကိုဖွဲ့စည်းပေးမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ပဋ္ဌနဂိုရ်ကျေးရွာအတွင်းရှိ စိုက်ပျိုးမြေများသည် မိုးကောင်းသောက်အဖြစ် စိုက်ပျိုးနေရခြင်း၊ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့် သီးနှံ၏ရေလိုအပ်ချက်နှင့်အညီ မိုးရေမရရှိခြင်း၊ သီးနှံအောင်ရေအတွက် ရေလုံလောက်မှုမရှိခြင်းတို့ကြောင့် သီးနှံအထွက်နှုန်းနှင့် သီးနှံအရည်အသွေး ထိခိုက်ကျဆင်းနေခြင်းအပေါ် ရေဝတီမြစ်မှ ရေကိုစုပ်တင်၍ သီးနှံများ စိုက်ပျိုးရေလိုအပ်ချိန်တွင် စိုက်ပျိုးရေပေးဝေနိုင်ရေးအတွက် ပဋ္ဌနဂိုရ်ဆိုလာစနစ်ရေတင်စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ပြီး စီမံကိန်းပြီးစီးပါက ဒေသရှိစိုက်ပျိုးမြေဧက ၅၀၀ အား တစ်နှစ်ပတ်လုံး စိုက်ပျိုးရေလုံလောက်စွာပေးဝေနိုင်မည်ဖြစ်ရာ တစ်နှစ်လျှင် တစ်သီးစိုက်ပျိုးရာမှ တစ်နှစ်လျှင် သုံးသီး၊ သီးထပ်သီးညှပ်တိုးချဲ့ စိုက်ပျိုးနိုင်မည်ဖြစ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် မကွေးမြို့ရှိ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန ညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဝန်ကြီးဌာနအောက်ရှိ တိုင်းဒေသကြီးအဆင့် တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး မကွေးတိုင်းဒေသကြီးအတွင်း လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စိုက်ပျိုးရေရရှိရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **မြဝတီ**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်မတွေ့ရှိ

နေပြည်တော် ဒီဇင်ဘာ ၈

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကိုစဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ၃၀-၁၁-၂၀၂၅ ရက် ည ၈ နာရီမှ ၇-၁၂-၂၀၂၅ ရက် ည ၈ နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၁၁၂ ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်မတွေ့ရှိရပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊
- ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်မိခင်များ(ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက်)

ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေးနေပြီဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှုခံယူကြရန်လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန(Myanmar CDC)ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်လူသတ်၊အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့်CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင် FM၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”**အစီအစဉ်မှ **“ကြိုတင်မျှော်တွေးချက်နဲ့ ပြည်သူ့အကျိုးအတွက် နွေးထွေးတဲ့ကမ်းလင့်ချက်”** ခေါင်းစဉ်ဖြင့် ၁၀-၁၂-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်သွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၁၇-၁၂-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် **“ရွေးကောက်ပွဲမကျင်းပနိုင်ရေး နှောင့်ယှက်ဖျက်ဆီးရုံမက အကြမ်းဖက်ဝါဒ စွဲကိုင်ပြီး ဒလန်ခေါင်းစဉ်တပ် ဖျက်ဆီးသတ်ဖြတ်နေတဲ့အကြမ်းဖက် PDF များ”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်မည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ရိုးရိုးမီးလုံး၊ မီးချောင်းများအစား ဓာတ်အားသက်သာစေမည့်**

**Energy Saving Lamps များကို အသုံးပြုသင့်ပါသည်။**

# South East Asia Games Federation Council Meeting (SEAGF)သို့ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် တက်ရောက်




ဘန်ကောက် ဒီဇင်ဘာ ၈

၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၉ ရက်မှ ၂၀ ရက်အထိ ထိုင်းနိုင်ငံ ဘန်ကောက် ချွန်ဘူရီနှင့် ချင်းမိုင်မြို့တို့တွင် ကျင်းပပြုလုပ်မည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် South East Asia Games Federation Council Meeting(SEAGF) အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် Grand Four Winds Hotel ၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ မြန်မာအားကစားအဖွဲ့ခေါင်းဆောင်နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် CEO SEAGF Office H.E.Dato' Seri Chaiyapak Siriwat က အဖွင့်အမှာစကားပြောကြားကာ ထိုင်းနိုင်ငံခရီးသွားလာရေးနှင့် အားကစားဝန်ကြီးဌာနဝန်ကြီး H.E.Atthakorn Sirilatthayakorn, Minister of Tourism and Sports Thailand နှင့် South East Asia Games Federation Councilဥက္ကဋ္ဌ၊ ထိုင်းအမျိုးသားအိုလံပစ်ကော်မတီဥက္ကဋ္ဌ The Honourable Asst.Prof.Pimol Srivikorn တို့က နှုတ်ခွန်းဆက်အမှာစကားပြောကြားကြပြီး ဆုတံဆိပ်များပေးအပ်သည်။

ထို့နောက် နိုင်ငံပေါင်း (၁၁)နိုင်ငံမှအကြီးအကဲများက (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လိုအပ်သည်များကို ဆွေးနွေးကြသည်။

ထို့အတူ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ရန်ကုန်တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဦးဌေးအောင်နှင့်အတူ ဘန်ကောက်မြို့ National Broadcasting Service of Thailandသို့သွားရောက်ပြီး ပြိုင်ပွဲများကျင်းပနေမှုများကို MRTV, MRTV 4 နှင့် Hey Play တို့မှ သတင်းရယူထုတ်လွှင့်နိုင်ရေးအတွက် ချိတ်ဆက်ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုပြီး အားကစားနည်းအလိုက် ပြိုင်ပွဲယှဉ်ပြိုင်မှုသတင်းများကို မြန်မာနိုင်ငံမှပြည်သူများအားပေးနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ပြသပေးနိုင်ရန်အတူတကွ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

# မော်လမြိုင်မြို့ပေါ်ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင် မော်လမြိုင်မြို့ပေါ်ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို ကြည့်ရှုစဉ်။

နေပြည်တော် ဒီဇင်ဘာ ၈

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးကဏ္ဍတိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ်၊ မော်လမြိုင်မြို့ပေါ်ရှိသံဃာတော်များအား အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က မော်လမြိုင်မြို့ရှိ မြစေတီစာသင်တိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၀၀ ပါးတို့ကို ဖျားနာရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ မျက်စိရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များအား မော်လမြိုင်မြို့ရှိတပ်မတော်ဆေးရုံသို့တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင်နှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မြစေတီစာသင်တိုက်ဆရာတော် ထံလှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

→ ကျောဖုံးမှအဆက်

အနိုင်ရရှိခဲ့သည်။

အဆိုပါ အမျိုးသမီးဘောလုံးပြိုင်ပွဲသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ထိုင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သံအမတ်ကြီး ဦးဇော်ဇော်စိုး၊ စစ်သံမှူး ဗိုလ်မှူးချုပ်ဝင်းသူလင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး၊ မြန်မာအားကစားအဖွဲ့ခေါင်းဆောင်နှင့် အုပ်ချုပ်မှုအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ အပါအဝင် အားကစားဝါသနာရှင် ပရိသတ်အင်အား ၃၁၆၆ ဦးခန့် တစ်ခဲနက်ကြည့်ရှုအားပေးကြသည်။

ပွဲစဉ်ပထမပိုင်း ၄၅ မိနစ်တွင် ဦးဆောင်ဂိုးရရှိရေးအတွက် အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ပြီး ၂၆ မိနစ် ၃၉ စက္ကန့်တွင် မြန်မာအသင်းမှ ကျောနံပါတ် ၈ စန်းသော်သော်က ဦးဆောင်ဂိုးအားသွင်းယူခဲ့ပြီး ၃၅ မိနစ် ၂၉ စက္ကန့်တွင် မြန်မာအသင်းမှကျောနံပါတ် ၁၃ တိုက်စစ်မှူး မေထက်လူက ဒုတိယဂိုးအား ထပ်မံသွင်းယူခဲ့ရာ မလေးရှားအသင်းက ချေပဂိုးပြန်လည်ရရှိရေးနှင့် မြန်မာအသင်းက အနိုင်ဂိုးများ ထပ်မံသွင်းယူနိုင်ရေးတို့အတွက် အကြိတ်အနယ် ယှဉ်ပြိုင်ကစား၍ ပထမပိုင်း ၄၅ မိနစ်အပြီး အချိန်ပို ၅ မိနစ်အထိ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့သည်။

ဆက်လက်၍ ဒုတိယပိုင်း ၄၅ မိနစ်ကို ယှဉ်ပြိုင်ကစားကြရာ ၆၅ မိနစ် ၄ စက္ကန့်တွင် မြန်မာအသင်းမှ ကျောနံပါတ် ၇ ဝင်းသိင်္ဂီထွန်းက မြန်မာအသင်းအတွက် တတိယမြောက်အနိုင်ဂိုးကို ထပ်မံသွင်းယူနိုင်ခဲ့ပြီး ပြိုင်ပွဲပြီးဆုံးချိန်တွင် မြန်မာအသင်းက မလေးရှားအသင်းကို ၃ ဂိုး-ဂိုးမရှိဖြင့် ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

မြန်မာအမျိုးသမီး ဘောလုံးအသင်းသည် အမျိုးသမီးဘောလုံးပြိုင်ပွဲအုပ်စု(ခ)တွင် ဖိလစ်ပိုင်၊ မလေးရှားနှင့်ဗီယက်နမ်အသင်းတို့နှင့် အုပ်စုအတူကျရောက်ပြီး မြန်မာအသင်းအနေဖြင့် ဒီဇင်ဘာလ ၅ ရက်တွင် ဖိလစ်ပိုင်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ၂ ဂိုး-၁ ဂိုးဖြင့်လည်းကောင်း၊ ယနေ့ ဒီဇင်ဘာလ ၈ ရက်တွင် မလေးရှားအသင်းနှင့်ယှဉ်ပြိုင်ကစားမှုတွင် သုံးဂိုးပြတ်ဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ပြီး ဒီဇင်ဘာလ ၁၁ ရက်တွင် မြန်မာအသင်း၏တတိယပွဲစဉ်အဖြစ် ဗီယက်နမ်အသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)






မြန်မာအမျိုးသမီးဘောလုံးအသင်းနှင့် မလေးရှားအမျိုးသမီးဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ပရိသတ်များက တစ်ခဲနက်ကြည့်ရှုအားပေးကြစဉ်။

# မန္တလေးမြို့၌ Mandalay Climate and Earthquake Forum ဆွေးနွေးပွဲဖွင့်ပွဲနှင့် မဟာလောကရန်နိုင်အောင်တော်မူမြတ်စွာဘုရား (၁၄၁)ကြိမ်မြောက် ဗုဒ္ဓပူဇနိယဘုရားပွဲတော် ဆွမ်းသပိတ်နှင့် စာရေးတံမဲများ လောင်းလှူပွဲကျင်းပ

မန္တလေး ဒီဇင်ဘာ ၈

Mandalay Climate and Earthquake Forum ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တက္ကသိုလ်အသီးသီးမှပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ကျွမ်းကျင်ပညာရှင်များ၊ မြန်မာနိုင်ငံမြေလျှင်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အသင်းအဖွဲ့များနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က Mandalay Climate and Earthquake Forum နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခင်းကျင်းပြသထားသည့် မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာနှင့် မြေငလျင်ဆိုင်ရာလုပ်ငန်းစဉ်များတွင်အသုံးပြုသည့် စက်ကိရိယာပစ္စည်း ကြည့်ရှုအားပေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ချမ်းအေးသာစံမြို့နယ်ရှိ မဟာလောကရန်နိုင်အောင်တော်မူမြတ်စွာဘုရားပရိဝုဏ်၌ ကျင်းပသည့် သီပေါဘုရင်မင်းမြတ်တည်ထားကိုးကွယ်ခဲ့သော အရှေ့ပြင်နယ်လုံးဆိုင်ရာ မဟာလောကရန်နိုင်အောင်တော်မူမြတ်စွာဘုရား (၁၄၁) ကြိမ်မြောက် ဗုဒ္ဓပူဇနိယဘုရားပွဲတော် ဆွမ်းသပိတ်နှင့်စာရေးတံမဲများ ဆက်ကပ်လောင်းလှူပွဲအခမ်းအနားသို့ တက်ရောက်၍ အောင်တော်မူမြတ်စွာဘုရား ရေတော်ဆရာတော်နှင့် မန္တလေးမြို့လေးပြင်လေးရပ်မှ ပင့်သံဃာများအား ဆွမ်းသပိတ်နှင့်စာရေးတံမဲများ ဆက်ကပ်လောင်းလှူကြသည်။



ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး ရှစ်ထပ်ဆောင်၌ စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကော်မတီဝင်များနှင့် ဌာနမှူးများအားတွေ့ဆုံပြီး မြို့သန့်ရှင်းသာယာလှပရေးနှင့်ပတ်သက်၍ စည်ပင်သာယာရေးလုပ်ငန်းများကို စည်ပင်သာယာရေးဥပဒေနှင့်အညီ စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားရေး ဆွေးနွေးမှာကြားကာ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

## လှိုင်လင်လေးတိုက်နယ်ဆေးရုံ ပြန်လည်ဖွင့်လှစ်နေမှု ကယားပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး



လှိုင်ကော် ဒီဇင်ဘာ ၈

ကယားပြည်နယ်ဝန်ကြီးချုပ်ဦးဇော်မျိုးတင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် အကြမ်းဖက်လုပ်ရပ်များကြောင့် ပျက်စီးခဲ့မှုများအား ပြုပြင်ပြီးစီး၍ ပြန်လည်ဖွင့်လှစ်ခဲ့သည့် လှိုင်လင်လေးတိုက်နယ်ဆေးရုံ၌ ဒေသခံပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနေမှုနှင့် ခွဲစိတ်ခန်း၊ ဓာတ်ခွဲခန်း၊ ဓာတ်မှန်ခန်း၊ ဆေးပေးခန်း၊ သားဖွားခန်း၊ ဆေးဝါးသိုလှောင်ခန်းနှင့် ပြင်ပလူနာဌာန ဖွင့်လှစ်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစဉ် ပြည်နယ်ဝန်ကြီးချုပ်က ဆေးရုံအတွင်းမရှိမဖြစ်လိုအပ်သည့် ဆေးဝါးများနှင့်ကုသရေးလုပ်ငန်းသုံးပစ္စည်းများပြည့်စုံစွာထားရှိရေးဆောင်ရွက်သွားရန်၊ ဆေးကုသမှုလုပ်ငန်းများစနစ်တကျဖြစ်စေရေး၊ ကျန်းမာရေးဝန်ထမ်းများ၏ နေထိုင်မှုအဆင်ပြေစေရေးစီမံပေးသွားရန်နှင့် ဆေးရုံဝင်းအတွင်း သန့်ရှင်းသပ်ရပ်မှုရှိစေရေး ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားပြီး ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် လူနာများအား အားပေးစကားပြောကြားကာ အာဟာရဖြည့်စွက်စာအတွက် ချီးမြှင့်ငွေများပေးအပ်သည်။

ထို့နောက် လှိုင်လင်လေးတိုက်နယ်ဆေးရုံတွင် တာဝန်ထမ်းဆောင်နေသည့် ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဝန်ထမ်းများ နေထိုင်မှုအဆင်ပြေစေရေးအတွက် ချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## ထူးခြားသည့်ညအပူချိန်များ

၈-၁၂-၂၀၂၅

| | | | | |
|---|---|---|---|---|
| ဟားခါး | ၁ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| တီးတိန် | ၄ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| ဟဲဟိုး | ၅ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| ပူတာအို | ၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| လွိုင်လင် | ၅ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| ပင်လောင်း | ၇ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |

## ထားဝယ်မြို့၌ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၈

"စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်"ကို ယနေ့နံနက်ပိုင်းတွင် ထားဝယ်မြို့ အမှတ် (၇) အခြေခံပညာအထက်တန်းကျောင်း၌ စည်ကားသိုက်မြိုက်စွာကျင်းပသည်။

ဦးစွာ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေး၊ တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက ပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက်ကျောင်းသား၊ကျောင်းသူများက ရေအိုးရွက်အကဖြင့် ကပြခြင်း၊ မြန်မာ့သိုင်းဖြင့် သရုပ်ပြသခြင်း၊ "ပြည်ထောင်စုအင်အား" နှင့် "ပြည့်ရတနာ" သီချင်းဖြင့် ကပြခြင်း၊ ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအဖွဲ့များ၏ တီးမှုတ်ကပြဖျော်ဖြေခြင်းတို့ကို အခမ်းအနားအစီအစဉ်အတိုင်းဆောင်ရွက်ကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ရှိသူများနှင့်အတူ ကြည့်ရှုအားပေးပြီး ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည်။

ယင်းနောက် ပွဲတော်အတွင်း ခင်းကျင်းပြသထားသည့် မှတ်တမ်းဓာတ်ပုံများ၊ အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲ၊ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ အလယ်တန်းအဆင့် စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် မူလတန်းအဆင့် ပုံပြင်ပြောပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲအနေဖြင့် ဆေးရောင်ခြယ်ပြိုင်ပွဲ၊ သတ်ပုံအမှန်ရွေးပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ အထက်တန်းအဆင့် ဉာဏ်စမ်းပြိုင်ပွဲ၊ အလယ်တန်းအဆင့်ဉာဏ်စမ်းပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲနှင့် အားကစားနည်းများ ယှဉ်ပြိုင်ကစားနေမှုကို လှည့်လည်ကြည့်ရှုပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ပါဝင်ယှဉ်ပြိုင်သော ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးကာ ကျောင်းသုံးဗလာစာအုပ်များအား လက်ဆောင်ပေးအပ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



## တောင်ကြီးမြို့ ရုံးကြီးလမ်း AC ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

တောင်ကြီး ဒီဇင်ဘာ ၈

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်သည် ပြည်နယ်စီးပွားရေးရာဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ညနေပိုင်းတွင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းဝေးရေးနှင့် တောင်ကြီးမြို့တွင်းလမ်းကောင်းမွန်ရေး၊ ယာဉ်များသွားလာလွယ်ကူချောမွေ့စေရေးအတွက် တောင်ကြီးမြို့ ရုံးကြီးလမ်း AC ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် တောင်ကြီးတက္ကသိုလ် မိုးရေစုကန်အမှတ်(၁)အတွင်း လုပ်ငန်းဆောင်ရွက်ရန်လျာထားစီမံကိန်းနှင့် ရေဆင်းမြောင်းလုပ်ငန်းများနှင့် ကန်ပတ်လမ်းဘေးပတ်လည်တွင် အနားယူအပန်းဖြေနိုင်မည့် အုတ်ခုံများ ဆောင်ရွက်ထားရှိမှုကိုကြည့်ရှုပြီး ပြည်နယ်ဝန်ကြီးချုပ်က စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီရေးနှင့်သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးဆွေးနွေးမှာကြားသည်။

ယင်းနောက် တောင်ကြီးမြို့ မြေအောက်ရေထိန်းသိမ်းနိုင်ရန်၊ အများပြည်သူများ အပန်းဖြေအနားယူရန်နှင့် ကျန်းမာရေးအတွက် လမ်းလျှောက်နိုင်ရန်အတွက် တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက်ရှိ ဂနိုင်ကန်သာယာ(၃) ကန်ပတ်လမ်းကွန်ကရစ်ခင်းခြင်းဆောင်ရွက်ပြီးစီးမှုနှင့်ကန်ပတ်လည်ဆိုလာမီးတိုင်များ ဆောင်ရွက်ပြီးစီးမှုကိုလည်းကောင်း၊ တောင်ကြီးမြို့ ရှမ်းပြည်နယ်လွှတ်တော်ရုံး မီးပွိုင့်မှစ၍ တောင်ကျောင်းကြီးသွားလမ်းနှင့် ဂနိုင်ကန်သို့သွားသည့် လမ်းတောင်ဘက်ခြမ်း လမ်းဘေးပလက်ဖောင်းနှင့် ရေနုတ်မြောင်းများဆောင်ရွက်ပြီးစီးမှု၊ လမ်းမြောက်ဘက်ခြမ်းရေနုတ်မြောင်းနှင့် ပလက်ဖောင်းဆောင်ရွက်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများကို ဦးစားပေးအဆင့်အလိုက် ဆောင်ရွက်ရန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

မောင်မောင်သန်း(တောင်ကြီး)

# ကရင်အမျိုးသားနှစ်သစ်ကူးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဘားအံမြို့ ရွှေကင်းအခြေခံပညာမူလတန်းကျောင်း၌ တစ်ထပ်ကျောင်းဆောင်သစ်ဖွင့်

ဘားအံ ဒီဇင်ဘာ ၈

ဒီဇင်ဘာလ ၁၉ ရက်တွင်ကျရောက်မည့် ကရင်သက္ကရာဇ် ၂၇၆၅ ခုနှစ် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဘားအံမြို့နယ် ရွှေကင်းအခြေခံပညာမူလတန်းကျောင်း၌ ပေ (၆၀ x ၃၀) RCC တစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်သည့်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းဆောင်သစ်ရှေ့၌ ကျင်းပသည်။

ရွှေကင်းအခြေခံပညာမူလတန်းကျောင်းသည် တိုးပွားလာသောကျောင်းသားဦးရေနှင့်အညီ ကျောင်းဆောင်လိုအပ်ချက်အရ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၅၂ ဒသမ ၅၇၇ သန်းဖြင့် တစ်ထပ်ကျောင်းဆောင်သစ်ကို တည်ဆောက်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး အဆိုပါကျောင်းဆောင်သစ်အား ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကာ ဖွင့်ပွဲတွင် ပါဝင်အားဖြည့်ကူညီပေးကြသော ဘင်ခရာ၊ ပန်းဖွားနှင့်ယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာသူများသည် ကျောင်းဆောင်သစ်ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြပြီး ကျောင်းဆောင်သစ်နှင့် ပညာရေးဌာနမှ ဖြည့်ဆည်းပေးထားသော ပရိဘောဂပစ္စည်းများ၊ သင်ထောက်ကူပစ္စည်းများ ပြည့်စုံလုံလောက်မှုရှိ၊ မရှိ လှည့်လည်ကြည့်ရှုကာ တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။



ယင်းနောက် ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို အဆိုပါကျောင်းရှေ့၌ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ကျောင်းဆောင်သစ်အား တာဝန်ယူတည်ဆောက်သည့် Min Engineering Group Co., Ltd. မှ တာဝန်ရှိသူတစ်ဦးက ကျောင်းဆောင်သစ်ဆိုင်ရာစာရွက်စာတမ်းများကို ပြည်နယ်ပညာရေးမှူးရုံး ညွှန်ကြားရေးမှူးထံ လွှဲပြောင်းပေးအပ်၍ ကျောင်းအကျိုးတော်ဆောင်မိဘတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ကရင်ပြည်နယ်အတွင်း အမေရိကန်ဒေါ်လာ ၆ သန်း ရင်းနှီးမြှုပ်နှံ၍ ကရင်ပြည်နယ်အတွင်း ဆက်သွယ်ရေးလုပ်ငန်း လိုင်စင်ရရှိသူများအားလုံး အတူတကွသုံးစွဲနိုင်သော ဆက်သွယ်ရေးကွန်ရက်ဘုံအခြေခံအဆောက်အဦစီမံကိန်းလုပ်ငန်းဆောင်ရွက်လိုသော Amara Communications Co.,Ltd. မှ တာဝန်ရှိသူများအား ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် Amara Communications Co.,Ltd. မှ တာဝန်ရှိသူများက BOT စနစ်ဖြင့် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့်ပုံစံ၊ အစီအစဉ်၊ စီမံကိန်းလုပ်ငန်းတည်ဆောက်ပြီး ဝန်ဆောင်မှုပေးမည့်ဧရိယာ၊ လုပ်ငန်းအတိုင်းအတာပမာဏ၊ ကွန်ရက်လွှမ်းခြုံနိုင်မှုအခြေအနေများကို အဆိုပြုရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ငလျင်ကြောင့်ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် စစ်ကိုင်းမြို့နယ်အတွင်းရှိ ရပ်ကွက်များနှင့်ကျေးရွာများအတွက် သံ၊ သွပ်၊ ဘိလပ်မြေများနှင့် ထောက်ပံ့ငွေများပေးအပ်

နေပြည်တော် ဒီဇင်ဘာ ၈

ငလျင်ကြောင့် ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် စစ်ကိုင်းမြို့နယ်အတွင်း ရပ်ကွက်များနှင့် ကျေးရွာများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီမှထောက်ပံ့ပေးသည့် သံ၊ သွပ်၊ ဘိလပ်မြေများနှင့် ထောက်ပံ့ငွေများကို စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဘဏ်၌ ခွဲဝေဖြန့်ဖြူးပေးနေမှုကို ယမန်နေ့က စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ သွားရောက်အားပေးကြည့်ရှုပြီး ငလျင်ဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။



ထို့နောက် ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီးအဝင်မုခ်ဦး ပြန်လည်တည်ဆောက်နေမှုကိုလည်းကောင်း၊ စစ်ကိုင်းမြို့ဝင် ဧရာဝတီတံတား(ရတနာပုံ)ရှိ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ပူးပေါင်းစစ်ဆေးရေးအဖွဲ့များ လုပ်ငန်းဆောင်ရွက်နေမှုကိုလည်းကောင်းကြည့်ရှုစစ်ဆေးပြီး လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ တရားမဝင်ငွေကြေးကောက်ခံမှုများမရှိစေရေးနှင့် တရားမဝင်ပစ္စည်းများ ဝင်ရောက်မှုမရှိစေရေးတို့ကို မှာကြားသည်။

ယင်းနောက် စစ်ကိုင်းမြို့ သစ်ဆိပ်မြစ်ကမ်းမှမန္တလေးမြို့ ရွှေကြက်ကျမြစ်ကမ်းသို့ တန် ၂၀ အထက် ကုန်တင်ကားကြီးများနှင့် တွဲကားကြီးများဖြတ်သန်းသွားလာမှုအဆင်ပြေစေရန်အတွက် ဇက်၊ ကူးတို့များဖြင့် သယ်ယူပို့ဆောင်နေမှုကိုလည်းကောင်း၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးပူးပေါင်းစစ်ဆေးရေးအဖွဲ့များ လုပ်ငန်းဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စစ်ကိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှိအစည်းအဝေးခန်းမ၌ စစ်ကိုင်းမြို့ ဧရာဝတီတံတား(ရတနာပုံ)နှင့် ကံတလူဂိတ်တို့ရှိ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးပူးပေါင်းစစ်ဆေးရေးအဖွဲ့များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပူးပေါင်းစစ်ဆေးရေးအဖွဲ့များမှ တာဝန်ရှိသူများက မိမိတို့ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြပြီး ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် တိုင်းဒေသကြီးဝန်ကြီးများက လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေကို ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လုပ်ငန်းဆိုင်ရာများ မှာကြား၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ထို့နောက် စစ်ကိုင်းမြို့ အသင်္ချာရိပ်သာဧည့်ခန်းမ၌ကျင်းပသည့် စစ်ကိုင်းမြို့နယ်အတွင်း ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် ဒေသတည်ငြိမ်အေးချမ်းရေးအတွက် စစ်ကိုင်းမြို့ပေါ်ရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံပွဲသို့လည်းကောင်း၊ မြို့တော်ခန်းမ၌ကျင်းပသည့် ၂၀၂၅-၂၀၂၆ ခုနှစ် ဆီထွက်သီးနှံ(မြေပဲ၊ နှမ်း၊ နေကြာ) နွေစပါးပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ယူရီးယားဓာတ်မြေဩဇာများ၊ မျိုးစေ့များနှင့် လက်ဆွဲမျိုးစေ့ချကိရိယာများ ပေးအပ်ပွဲသို့လည်းကောင်း တက်ရောက်သည်။

ယင်းနောက် စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ဧရာဝတီမြစ်ကမ်းဘေးရှိ မြေနုကျွန်းပေါ်၌ ဆီထွက်သီးနှံ(နေကြာ)ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ရေဆင်းစပ်မျိုးနေကြာ-၁ များစိုက်ပျိုးထားရှိမှုကို ဒေသခံတောင်သူများနှင့်အတူ ကြည့်ရှုပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာဂေါက်သီးရိုက်အားကစားအဖွဲ့ ထိုင်းနိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဒီဇင်ဘာ ၈

၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်မှ ၁၄ ရက်အထိ ထိုင်းနိုင်ငံ Siam Country Club Pattaya Rollings Hills ၌ ကျင်းပမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်ဂေါက်သီးရိုက်အားကစားအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် Myanmar National Airline (MNA)ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားရာ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်မှတာဝန်ရှိသူများ၊ ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာဂေါက်သီးရိုက်အားကစားအဖွဲ့တွင် အုပ်ချုပ်သူအဖြစ် မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေး၊ နည်းပြအဖြစ် ဦးနိုင်နိုင်လင်း၊ ကစားသမားများအဖြစ် ကျော်ကိုကိုချစ်၊ ကောင်းထိုက်ဇော်၊ မင်းစစ်သွေးနှင့်ဟိန်းနိုင်ဇင်တို့ ပါဝင်ကြမည်ဖြစ်သည်။

2025 SEA Games Thailand ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၉ ရက်မှ ၂၀ ရက်အထိ ထိုင်းနိုင်ငံ ဘန်ကောက်မြို့နှင့် ချွန်ဘူရီမြို့တို့၌ ကျင်းပမည်ဖြစ်သည်။

**မြဝတီ**



MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Continued demolition of buildings used for online scams and gambling in KK Park area; 232 illegal foreign nationals arrested near Myawady

NAY PYI TAW December 8

The government of Myanmar is carrying out clearance operations, systematic demolition, and sealing of illegal structures within the areas of Shwe Kokko and Myawady-Maehtawthalay (KK Park), where online scam and online gambling operations are most heavily concentrated. Joint teams, including security force members, administrative organizations, and local officials, are conducting these operations. To date, 341 illegal buildings within the KK Park area have been systematically demolished, and equipment used for online scam and gambling operations within the Shwe Kokko area has been systematically burned to prevent reuse.


Today, 8 more illegal buildings within Section (3) of the Myawady-Maehtawthalay (KK Park) area were demolished, comprising 6 two-storey buildings, 1 three-storey building, and 1 four-storey building. This brings the total number of buildings demolished in Section (3) to 193 out of 425. Overall, 341 out of a total of 635 illegal buildings within the KK Park area have been demolished.

Authorities are conducting extensive arrests and crackdowns against those involved in crimes including online gambling and online scams. Today, based on intelligence, joint security teams in Myawady city conducted inspections in surrounding areas and set up checkpoints at entry/exit points and road junctions. During these operations, they intercepted 4 ten-wheeled vehicles travelling from Laykeikkaw towards Myawady on the Falu-Laykeikkaw-Myawady road, near Mitar Lin Myaing Village. A total of 232 illegal entrants were apprehended from these vehicles, comprising 217 Chinese male nationals and 15 Chinese female nationals. Furthermore, within Ward (3) of Myawady town, 8 buildings (5 three-storey and 3 one-storey) used for online scam and gambling operations were discovered. Demolition was carried out to prevent their reuse. Today, an additional 2 three-storey buildings and 1 one-storey building were demolished, completing the demolition of all identified buildings in that location.

Additionally, equipment used for online scam and gambling operations within the KK Park and Shwe Kokko areas in Myawady Township was also systematically burned today to prevent its reuse.

Furthermore, guided by humanitarian and friendly considerations, the government is repatriating foreign nationals involved in illegal online gambling, online scams, and other crimes to their respective countries. Today, a total of 72 individuals—56 Indonesians, 7 Ethiopians, 4 Uzbeks, 4 Ghanaians, and 1 Kyrgyz national—were handed over in accordance with legal procedures via the Myanmar-Thailand Friendship Bridge No. (2).

The government, treating the suppression of online scam and gambling activities as a national duty, will continue its operations in collaboration with domestic forces and neighbouring governments to ensure these activities cannot take root within Myanmar.




A three-storey residential building in Ward (3), Myawady town used for online gambling operations.




An illegally constructed two-storey residential building in Section 3 of KK Park area.




An illegally constructed two-storey residential building in Section 3 of KK Park area.



Views of equipment used for online scams and gambling operations being incinerated and destroyed within KK Park area.



A view of equipment used for online scams and gambling operations being incinerated and destroyed within Shwe Kokko area.

# Ayadaw Township grows more than 1,000 acres of sunflower as cold season crops

AYADAW December 8

According to the Monywa District Agriculture Department, local farmers planted more than 1,000 acres of sunflower as cold season crops in Ayadaw Township of Sagaing Region this year.



During the 2025-2026 winter crop season, it is planned to cultivate 2,725 acres of winter sunflower in Ayadaw Township. Planting began in October this year, and so far, a total of 1,193 acres have already been cultivated against the target cultivation.

"This year, over 2,000 acres of sunflower are planned for cultivation during the winter crop season in Ayadaw Township. As of today, more than 1,000 acres have been planted. Efforts are being made to complete the full target acreage. To reduce the import of edible palm oil from abroad, sunflower, an oil-bearing crop, is being encouraged for expanded cultivation. Sunflower yields more oil per acre compared to other crops such as groundnut and sesame," said Daw San San Myint, Head of the Monywa District Department of Agriculture.

In order to expand sunflower cultivat ion in Ayadaw Township, the Township Department of Agriculture has been accelerating training programs to pro-vide technical knowledge and enhance the capacity of both staff and farmers.

This year, arrangements are also being made to supply quality sunflower seeds to farmers, sell compound fertilizers (urea and potash) at affordable prices, and promote seed exchange systems among farmers to distribute newly produced sunflower varieties. **SMK**

# Plan underway to grow more than 25,000 acres of black gram in Kangyidaunt Township

KANGYIDAUNT December 8

Local authorities have earmarked cultivation of 25,081 acres of black gram in Kangyidaunt Township of Ayeyawady Region in coming cold season this year, said Daw Aye Aye Mu, the Head of Pathein District Agriculture Department.

During this year's winter crop season, a total of 25,081 acres of black gram will be cultivated in Kangyidaunt Township, with planting scheduled to begin in the first week of November. To ensure smooth and systematic cultivation of these winter crops, the Department of Agriculture and local farmers are working together in coordination.

Daw Aye Aye Mu revealed: "In Kangyidaunt Township, more than 25,000 acres of black gram are planned for cultivation during this year's winter crop season. We will mainly focus on using good-quality seed varieties. To achieve full cultivation of black gram and other winter crops, the District and Township Agriculture Departments have been providing necessary technical assistance and inputs to support farmers."

The Department of Agriculture, administrative bodies, and local farmers are jointly implementing cultivation activities to ensure full and systematic cultivation of black gram, promote successful crop growth, and ensure pest-free cultivation.

**SK**

# Wakema Township plans to cultivate more than 3,000 acres of kitchen crops in coming winter



WAKEMA December 8

A total of 3,064 acres of croplands have been placed under kitchen crops in Wakema Township of Ayeyawady Region this year, said Daw Khin Htay Myint, the Head of Myaungmya District Agriculture Department.

During this year's winter crop season, a total of 3,064 acres of kitchen crops are planned to be cultivated in Wakema Township, with planting scheduled to begin in the first week of November. To achieve full cultivation of the planned 3,064 acres of kitchen crops as well as all other winter crops, the Department of Agriculture, Department of Agricultural Mechanization, Administrative Bodies, and relevant departments, in cooperation with local farmers, are systematically implementing cultivation activities.

Daw Khin Htay Myint, continued: "To ensure full cultivation of all winter crops, we are working in collaboration not only with farmers but also with related departments. This year, Wakema Township plans to cultivate more than 3,000 acres of kitchen crops during the winter crop season. To help farmers achieve successful yields and protect crops from pest risks, the Agriculture Department has been carrying out awareness and training programmes in advance. Farmers mainly grow crop varieties suited to local conditions, and before planting, we also provide education on proper seed selection and use to help ensure good yields."

Local farmers, together with the Department of Agriculture, are cultivating the full target area of 3,064 acres of kitchen crops this winter season. The main kitchen crops being grown include chilli, roselle, mustard, cabbage, coriander, cauliflower, eggplant, tomato, ridge gourd, Thai basil, bitter gourd, and string beans, among others. **SMK**

# Monywa Township arranges cultivation of more than 1,000 acres of chickpea this year

MONYWA December 8

The township Agriculture Department stated that local farmers have planted more than 1,000 acres of chickpea as cold season crops in Monywa Township of Sagaing Region this year.

For the 2025–2026 winter crop season, it is learned that a total of 17,790 acres of chickpea are planned to be cultivated in Monywa Township, and cultivation began in October this year, with 1,475 acres already planted so far.

The Head of the Monywa Township Agriculture Department, U Soe Thet Aung, said, "This year, for the upcoming winter crop season in Monywa Township, we plan to cultivate more than 17,000 acres of chickpea. As of today, over 1,000 acres have already been cultivated. We are making efforts to meet the full cultivation target. Chickpea cultivation has been improving year by year. To increase yield and quality, we are cooperating with farmers to provide good-quality and pure seed varieties, necessary inputs, and post-harvest technology."

Yezin-8 and Yezin-11 chickpea varieties—both high-yielding and well-suited to the local conditions—are being planted, and the cost of cultivation per acre is over Ks-300,000.

During this year's winter crop season, the department is continuing to work with farmers to promote the use of quality seeds, provide essential inputs, and disseminate post-harvest technologies to ensure good yield and quality of pulses. Furthermore, extension activities are being carried out to encourage lead farmers to use Trichoderma and other beneficial fungi during pulse cultivation.

The Sagaing Region is the largest producer of pulses in the country, with the widest cultivation area nationwide. Pulses are grown as the main crops, and due to the potential for intercropping and relay cropping, farmers in the region are cultivating them as income-generating crops.

**SK**

# US sanctions do little but bring Russia, China closer together - Former Trump Advisor

NEW YORK December 8

US sanctions against Russian companies are not expected to achieve much apart from bringing Russia and China closer together, George Papadopoulos, a foreign policy advisor to the first Trump presidential campaign, told RIA Novosti.

"Sanctions do nothing more than actually bring China and Russia closer together," Papadopoulos said.

China is currently the main competitor of the United States on the world stage, and pushing Russia to boost relations with it does nothing for the US in terms of leverage, the former advisor added.

On October 22, the US imposed sanctions on Russia's Lukoil and Rosneft, marking the first time the second Trump administration has targeted Russia with restrictions.

**Sputnik**

# 40-cm tsunami observed in Aomori, Hokkaido after 7.6-magnitude quake hits northeastern Japan

TOKYO December 8

An earthquake with a preliminary magnitude of 7.6 struck northeastern Japan late Monday night, with tsunami waves of 40 centimeters having been recorded in areas along the Pacific coast, the country's weather agency said.

The temblor occurred at 11:15 p.m. local time at a depth of 50 km, measuring upper 6 on Japan's seismic scale of 7 in the hardest-hit areas, said the Japan Meteorological Agency (JMA).


The agency has issued a tsunami warning for the coastal areas of Hokkaido, Aomori, and Iwate prefectures, with waves up to 3 meters expected.

Tsunami waves of 40 cm have been observed off Aomori and Hokkaido prefectures, the JMA said.

No abnormalities were detected at Fukushima, Higashidori, and Onagawa nuclear plants, public broadcaster NHK reported.

A tsunami advisory has also been issued for Miyagi and Fukushima prefectures following the powerful quake, according to the JMA.

**Xinhua**




# Ukrainians 'with spy equipment' arrested in EU state

KIEV December 8

Police in Poland have detained three Ukrainian nationals allegedly found in possession of spying and hacking equipment.

The suspects were apprehended during a routine traffic stop in Warsaw, police said in a statement on Monday. The three men claimed they had been "traveling Europe" and had arrived in Poland just a few hours previously, and were next set to drive to Lithuania. Officers saw that the men were agitated and opted to search the vehicle, the statement noted.

"Suspicious items that could even be used to interfere with the country's strategic information systems" were discovered, police said, adding that the men were in possession of a large number of SIM cards, antennas, laptops, routers, cameras, advanced hacking equipment, and a "spy device detector."

The suspects were reportedly unable to explain the nature of the hardware and refused to cooperate with the police. "They claimed to be computer scientists, and when asked more precise questions, they forgot English and pretended not to understand what was being said to them," the force stated. The group were taken into pre-trial detention on suspicion of "fraud, computer fraud, and the acquisition of devices and computer programs adapted to commit crimes." Investigators are currently trying to establish why exactly the suspects had traveled to Poland.

The incident comes less than a month after the Polish authorities accused two Ukrainian nationals of sabotaging a railway line between Warsaw and Lublin, detonating an explosive device on tracks and installing a derailment clamp in two separate incidents. Polish Prime Minister Donald Tusk claimed the suspects had been working "with the Russian intelligence for a long time" and had fled to Belarus after the incidents.

Moscow has rejected the accusations, with Kremlin spokesman Dmitry Peskov stating that "it would be really strange if Russia wasn't the first one to be blamed" for the sabotage.

**RT**

# Death toll from floods, landslides rises to 961 as Indonesia steps up relief efforts

JAKARTA December 8

Indonesia's National Disaster Management Agency (BNPB) said Monday that the death toll from recent floods and landslides in Aceh, North Sumatra and West Sumatra has risen to 961 with 293 people still missing as joint search and rescue teams recovered 40 more bodies across affected areas.

"The search and rescue team managed to recover 40 bodies. In Aceh, the number of fatalities rose by 23 to 389. In North Sumatra, nine additional victims were found, bringing the total to 338. In West Sumatra, eight more bodies were recovered, raising the figure to 234," said Abdul Muhari, head of BNPB's Data and Information Center, during a press briefing broadcast on the agency's YouTube channel.

He added that the number of displaced residents had surged significantly. "There has been an increase in evacuees in East Aceh Regency and Bener Meriah Regency, bringing the otal number of displaced people to 1,057,482. It is of course our responsibility at the main post to continue optimizing aid distribution to meet the basic needs of the evacuation centers," he said.

Indonesian President Prabowo Subianto on Sunday chaired a meeting on disaster response and recovery efforts after inspecting several affected locations in Aceh.



He instructed strengthened joint operations involving the military, police, the national search and rescue agency, BNPB and local governments, particularly in accelerating aid delivery, ensuring security and restoring connectivity between regions cut off by the disaster.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# English Grammar in Use (Intermediate Level)

## Unit 38 if I do … and if I did …

**A** Compare these examples:

(1) LISA: Shall we take the bus or the train?
JESS: **If we take** the bus, it **will** be cheaper.

For Jess, it is possible that they will take the bus, so she says:

**If** we **take** the bus, it **will** be …




(2) Lisa and Jess decide to take the train.
Later, Jess talks to Joe.
JOE: How are you going to travel?
JESS: We're going to take the train. **If we took** the bus, it **would** be cheaper, but the train is quicker.

Now Jess knows they are not going to take the bus, so she says:

**If** we **took** the bus, it **would** be …




**B** When we talk about something that will not happen, or we don't expect that it will happen, we use **if** + past (**if** we **went** / **if** there **was** etc.).

But the meaning is not past:

- What would you do **if** you **won** a lot of money? (I don't really expect this to happen)
- **If** there **was** an election tomorrow, who would you vote for? (there will not be an election tomorrow)
- I'd be surprised **if** they **didn't come** to the party. (I expect them to come)




Compare **if I find** and **if I found:**

- I think I left my watch at your house. **If you find** it, can you call me?
  but
- **If you found** a wallet in the street, what would you do with it?

**C** We do not normally use **would** in the **if**-part of the sentence:

- I'd be very scared **if** somebody **pointed** a gun at me. (not if somebody would point)
- **If** we **went** by bus, it would be cheaper. (not If we would go)

In the other part of the sentence (not the **if**-part) we use **would** (**'d**) / **wouldn't:**

- **I'd be** (= I **would** be) scared if somebody pointed a gun at me.
  I'm not going to bed yet. I'm not tired. If I went to bed now, I **wouldn't sleep**.
- What **would** you **do** if you were bitten by a snake?

**Could** and **might** are also possible:

- If I won a lot of money, I **might** buy a house. (= it is possible that I would buy a house)
- If it stopped raining, we **could go** out. (= we would be able to go out)

will → Units 21–22 if and when → Unit 25D would → Unit 36 if I knew → Unit 39
if … was/were → Unit 39C if I had known → Unit 40

Raymond Murphy

# KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံများ ဆက်လက်ဖြိုချဖျက်ဆီး၊ မြဝတီမြို့အနီး၌ တရားမဝင်ပြည်ပနိုင်ငံသား ၂၃၂ ဦး ထပ်မံဖမ်းဆီးရမိ







**နေပြည်တော် ဒီဇင်ဘာ ၈**

မြန်မာနိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှုများ အများဆုံးအခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် မြဝတီ-မဲ့ထော်သလေး(KK Park) နယ်မြေများ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်း တာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် တရားမဝင်အဆောက်အအုံများအတွင်းဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းနှင့် ချိပ်ပိတ်သိမ်းဆည်းခြင်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ KK Park နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံ ၃၄၁ လုံးကို စနစ်တကျဖြိုချဖျက်ဆီးခဲ့ပြီး ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့်ပစ္စည်းများအား ထပ်မံ၍အသုံးပြုနိုင်ခြင်းမရှိစေရန်အတွက် စနစ်တကျမီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

ယနေ့တွင် မြဝတီ-မဲ့ထော်သလေး (KK Park) အပိုင်း (၃) နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများဖြစ်သော ၂ ထပ်အဆောက်အအုံ ၆ လုံး၊ ၃ ထပ်အဆောက်အအုံ ၁ လုံး၊ ၄ ထပ်အဆောက်အအုံ ၁ လုံး၊ စုစုပေါင်း တရားမဝင်အဆောက်အအုံ ၈ လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် အပိုင်း(၃)နယ်မြေအတွင်းရှိ အဆောက်အအုံ ၄၂၅ လုံးအနက် ယနေ့အထိ ၁၉၃ လုံး ဖြိုချဖျက်ဆီးခဲ့ကြောင်းနှင့် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံး အနက် ၃၄၁ လုံးကို ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။

အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသူများအား အင်တိုက်အားတိုက်ဖြင့် ကျယ်ကျယ်ပြန့်ပြန့်ဖမ်းဆီး

**စာမျက်နှာ ၂၃ သို့ ◆**

















ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းများကို မီးရှို့ဖျက်ဆီးထားရှိမှုအားတွေ့ရစဉ်။



ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းများကို မီးရှို့ဖျက်ဆီးထားရှိမှုအား တွေ့ရစဉ်။



KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းများကို မီးရှို့ဖျက်ဆီးထားရှိမှုအား တွေ့ရစဉ်။







◆ **စာမျက်နှာ ၂၂ မှအဆက်**

ရှာဖွေအရေးယူခြင်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင်မြဝတီမြို့ရှိလုံခြုံရေး ပူးပေါင်းအဖွဲ့များက သတင်းအရ မြဝတီမြို့ ဝန်းကျင်တွင် ရှောင်တခင်စစ်ဆေးခြင်းများ၊ မြဝတီမြို့ အဝင်/ အထွက်လမ်းကြောင်း နေရာများနှင့် လမ်းဆုံလမ်းခွနေရာများတွင် ပိတ်ဆို့စစ်ဆေးရှာဖွေခြင်းများဆောင်ရွက်ခဲ့ရာ ဖလူး-လေးကေ့ကော်-မြဝတီသွားကားလမ်းပေါ်ရှိ မေတ္တာလင်းမြိုင် ကျေးရွာအနီး လေးကေ့ကော်ဘက်မှမြဝတီမြို့ဘက်သို့ မောင်းနှင်လာသော ၁၀ ဘီးယာဉ် ၄ စီးပေါ်တွင် တရားမဝင်ဝင်ရောက်လာသည့် တရုတ်နိုင်ငံသား အမျိုးသား ၂၁၇ ဦး၊ အမျိုးသမီး ၁၅ ဦး၊ စုစုပေါင်း ၂၃၂ ဦးတို့အား ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။ ထို့ပြင် မြဝတီမြို့၊ အမှတ်(၃) ရပ်ကွက်အတွင်းရှိ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားလုပ်ငန်းများလုပ်ကိုင်ရာတွင် အသုံးပြုနေထိုင်လုပ်ကိုင်ခဲ့ကြသည့် ၃ ထပ်အဆောက်အအုံ ၅ လုံး၊ ၁ ထပ်အဆောက်အအုံ ၃ လုံး၊ စုစုပေါင်း ၈ လုံးတို့အား စစ်ဆေးတွေ့ရှိခဲ့ရပြီး ၎င်းတို့အားပြန်လည်အသုံးချမှုမရှိစေရေးအတွက် ဖြိုချဖျက်ဆီးခြင်းများကို ဆောင်ရွက်ခဲ့ရာ ယနေ့တွင်လည်း ၃ ထပ်အဆောက်အအုံ ၂ လုံး၊ ၁ ထပ်အဆောက်အအုံ ၁ လုံးကို ထပ်မံဖြိုချဖျက်ဆီးနိုင်ခဲ့သဖြင့် အဆောက်အအုံအားလုံး ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။

၎င်းအပြင် မြဝတီမြို့နယ်အတွင်းရှိ KK Park နယ်မြေနှင့် ရွှေကုက္ကိုလ်နယ်မြေတို့၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့်ပစ္စည်းများအား ထပ်မံ၍အသုံးပြုနိုင်ခြင်း မရှိစေရန်အတွက် ယနေ့တွင်လည်း စနစ်တကျ မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

ထို့ပြင် လူသားချင်းစာနာထောက်ထားမှုနှင့် ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ တရားမဝင်အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်လျက်ရှိရာ ယနေ့တွင် အင်ဒိုနီးရှားနိုင်ငံသား ၅၆ ဦး၊ အီသီယိုးပီးယားနိုင်ငံသား ၇ ဦး၊ ဥဇဘက်ကစ္စတန်နိုင်ငံသား ၄ ဦး၊ ဂါနာနိုင်ငံသား ၄ ဦး၊ ကာဂျစ္စတန်နိုင်ငံသား ၁ ဦး၊ စုစုပေါင်း ၇၂ ဦးတို့အား ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ထပ်မံလွှဲပြောင်းပေးအပ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် Online လိမ်လည်လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

# ဆီးဂိမ်း အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု (C) တွင် ဖိလစ်ပိုင်အသင်း နှစ်ပွဲဆက်အနိုင်ရပြီး ဆီမီးဖိုင်နယ်သို့ အစောဆုံးတက်ရောက်

ရန်ကုန် ဒီဇင်ဘာ ၈

ဆီးဂိမ်း အမျိုးသားဘောလုံးပြိုင်ပွဲအုပ်စု (C) ဒုတိယနေ့ကို ဒီဇင်ဘာလ ၈ ရက်က ချင်းမိုင်မြို့ရှိ နှစ် ၇၀၀ ပြည့်အထိမ်းအမှတ် ဘောလုံးကွင်း၌ကျင်းပရာ ဖိလစ်ပိုင်အသင်းက လက်ရှိချန်ပီယံအင်ဒိုနီးရှားအသင်းကို ၁ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဆီမီးဖိုင်နယ်သို့ အစောဆုံးတက်ရောက်ခဲ့သည်။



အုပ်စု (C) တွင်ပါဝင်သည့်သုံးသင်းအနက် အင်အားအနည်းဆုံးဟု သတ်မှတ်ခံထားရသည့် ဖိလစ်ပိုင်အသင်းသည် အံ့အားသင့်ဖွယ် စွမ်းဆောင်မှုများနှင့်အတူ ပထမပွဲတွင် မြန်မာအသင်းကို နှစ်ဂိုးပြတ်၊ ယခုပွဲတွင် လက်ရှိချန်ပီယံ အင်ဒိုနီးရှားအသင်းကို ၁ ဂိုး ဂိုးမရှိဖြင့် အနိုင်ယူကာ နှစ်ပွဲဆက်အနိုင်ရပြီး ဆီမီးဖိုင်နယ်သို့ အစောဆုံးတက်ရောက်နိုင်ခဲ့သည်။ အင်ဒိုနီးရှားအသင်းမှာမူ လက်ရှိချန်ပီယံ ကာကွယ်နိုင်ရန် ခက်ခဲသွားပြီဖြစ်ပြီး နောက်ဆုံးပွဲတွင် မြန်မာအသင်းကို အနိုင်ရသည့်တိုင် ဆီမီးဖိုင်နယ်တက်ရောက်ရန် အခြားအုပ်စုများမှ အုပ်စုဒုတိယနေရာရအသင်းများ၏ ရလဒ်များကို စောင့်ကြည့်ရမည်ဖြစ်သည်။

ဖိလစ်ပိုင်အသင်းသည် ယခုပွဲတွင်လည်း ပုံစံကောင်းပြသနိုင်ခဲ့ပြီး ပထမပိုင်းပြီးခါနီးနာကျင်အချိန်ပိုတွင် ဘာနာတူသွင်းယူသည့် တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ အင်ဒိုနီးရှားအသင်းသည် ဒုတိယပိုင်း တစ်ပိုင်းလုံး ချေပဂိုးရရန် ကြိုးပမ်းသော်လည်း ဖိလစ်ပိုင်အသင်းက ထိန်းကစားပြီး အနိုင်သုံးမှတ်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

အုပ်စု (C) တွင် ဖိလစ်ပိုင်အသင်းက ပွဲကုန်နှစ်ပွဲကစား ခြောက်မှတ်ဖြင့် ဆီမီးဖိုင်နယ် တက်ရောက်ခဲ့ပြီး အင်ဒိုနီးရှားနှင့် မြန်မာအသင်းတို့ တစ်ပွဲကစားတစ်ပွဲရှုံး အမှတ်မရသေးပေ။ အုပ်စုနောက်ဆုံးပွဲအဖြစ် ဒီဇင်ဘာလ ၁၂ ရက်တွင် အင်ဒိုနီးရှားအသင်းနှင့် မြန်မာအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပြိုင်ပွဲကို သုံးသင်း သုံးအုပ်စုခွဲ၍ ကျင်းပနေပြီး အုပ်စုတစ်ခုစီမှ ထိပ်ဆုံးတစ်သင်းစီနှင့် ဒုတိယနေရာရအသင်းများအနက် အကောင်းဆုံးတစ်သင်း စုစုပေါင်း လေးသင်းသာ ဆီမီးဖိုင်နယ်တက်ရောက်ခွင့်ရမည်ဖြစ်သည်။

**သတင်း-ထွဏ်းသွေးအိမ်**
**ဓာတ်ပုံ-PFF**

## တိမ်အသင့်အတင့် ဖြစ်ထွန်း

နေပြည်တော် ဒီဇင်ဘာ ၈

ပဲခူးတိုင်းဒေသကြီးနှင့်ကယားပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

(မိုး/ဇလ)

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၉-၁၂-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၅၂၅ | ၂၆၄၀ | ၂၆၀၅ | ၂၅၄၀ | ၂၆၄၅ | ၂၆၆၀ | ၂၆၇၅ | ၂၅၉၅ | ၄၅၀၅ | ၂၈၉၀ | ၂၆၁၀ | ၂၈၂၅ | ၂၆၈၅ | ၂၆၅၀ | ၂၆၇၀ | ၂၉၂၅ |
| 95 Ron | ၂၆၁၀ | ၂၇၂၅ | ၂၆၉၀ | ၂၆၂၅ | ၂၇၃၀ | ၂၇၄၅ | ၂၇၆၀ | ၂၆၈၀ | ၄၅၆၀ | ၂၉၇၅ | ၂၇၀၀ | ၂၉၀၅ | ၂၇၇၀ | ၂၇၃၅ | ၂၇၅၅ | ၃၀၁၅ |
| HSD (500 ppm) | ၂၃၃၀ | ၂၄၄၅ | ၂၄၁၀ | ၂၃၄၅ | ၂၄၅၀ | ၂၄၆၅ | ၂၄၈၀ | ၂၄၀၀ | - | ၂၆၉၅ | ၂၄၂၀ | ၃၀၀၅ | ၂၄၉၀ | ၂၄၅၅ | ၂၄၇၅ | ၂၇၃၅ |
| HSD (50 ppm) | ၂၈၀၅ | ၂၉၂၀ | ၂၈၈၅ | ၂၈၂၀ | ၂၉၂၅ | ၂၉၄၀ | ၂၉၆၀ | ၂၈၇၅ | ၄၈၃၀ | ၃၁၇၀ | ၂၈၉၅ | ၃၀၄၀ | ၂၉၆၅ | ၂၉၃၀ | ၂၉၅၅ | ၃၂၁၀ |
| HSD (10 ppm) | ၂၈၀၅ | ၂၉၂၀ | ၂၈၈၅ | ၂၈၂၀ | ၂၉၂၅ | ၂၉၄၀ | ၂၉၆၀ | ၂၈၇၅ | - | ၃၁၇၀ | ၂၈၉၅ | ၃၀၄၀ | ၂၉၆၅ | ၂၉၃၀ | ၂၉၅၅ | ၃၂၁၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၃၆၇ | ၂၄၄၈ |
| 95 Ron | ၂၄၅၀ | ၂၅၃၂ |
| HSD (500 ppm) | ၂၀၇၈ | ၂၂၅၂ |
| HSD (50 ppm) | ၂၆၄၀ | ၂၇၂၃ |
| HSD (10 ppm) | ၂၆၄၀ | ၂၇၂၃ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန မှတ်တမ်းနှင့်မော်ကွန်းစီမံခန့်ခွဲမှု (အခြေခံ)သင်တန်းဖွင့်လှစ်

နေပြည်တော် ဒီဇင်ဘာ ၈

အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန မှတ်တမ်းနှင့်မော်ကွန်းစီမံခန့်ခွဲမှု(အခြေခံ) သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန သင်တန်းခန်းမ၌ကျင်းပရာ အမျိုးသားစီမံကိန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ထင်၊ အမျိုးသားစီမံကိန်းဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် ဝန်ကြီးဌာနအသီးသီးမှ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက ဝန်ကြီးဌာနအသီးသီးမှ တက်ရောက်လာကြသော ဝန်ထမ်းများအနေဖြင့် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာမှတ်တမ်း၊ မော်ကွန်းများ၏အရေးပါမှုကို သိရှိရန်လိုအပ်ကြောင်း၊ အစိုးရဌာနအသီးသီးတွင်ရှိသည့်မှတ်တမ်းများကို ထိန်းသိမ်းရမည့်နည်းစနစ်များကိုသိရှိပါက နိုင်ငံတော်အတွက် တန်ဖိုးရှိသောအစိုးရ၏ ဆောင်ရွက်ချက်အထောက်အထားမှတ်တမ်း၊ မော်ကွန်းများဆုံးရှုံးမှုမရှိစေရေး ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မှတ်တမ်းနှင့်မော်ကွန်းများကိုထိန်းသိမ်းနိုင်ပါက အနာဂတ်တွင် ပြန်လည်ကိုးကားအသုံးပြုနိုင်သည့်အပြင် အမျိုးသားမှတ်တမ်းအမွေအနှစ်များအဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်ကြောင်း၊ ဌာနများနှင့်အဖွဲ့အစည်းများတွင် မှတ်တမ်းများအား စနစ်တကျထိန်းသိမ်းထားရှိရန်၊ ဌာနနှင့်အဖွဲ့အစည်းများ၏ တန်ဖိုးရှိသော မှတ်တမ်းများကို အမျိုးသားမှတ်တမ်းနှင့်မော်ကွန်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လွှဲပြောင်းပေးအပ်နိုင်ရန်အတွက် အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာနနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

အဆိုပါသင်တန်းတွင် ဌာနများရှိ မှတ်တမ်းနှင့်မော်ကွန်းများကို ထိန်းသိမ်းနိုင်ရေး စီမံခန့်ခွဲမှုနည်းစနစ်များနှင့် 



စပ်လျဉ်း၍ ခုနစ်ရက်ကြာဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး ဝန်ကြီးဌာနများမှသင်တန်းသား၊ သင်တန်းသူ ၅၀ ဦးတက်ရောက်ကြောင်း သိရသည်။

မြဝတီ

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်၊ တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များနှင့်ရေယာဉ် ဖမ်းဆီးရမိ



Xiaomi - ဖုန်းအားသွင်းကြိုးပလပ်ခေါင်း



MV. War Nate Za



Battery N30Z (Brand - Ever Sun)

အကောက်ခွန်ဦးစီးဌာနမှ ဖမ်းဆီးရမိမှု။

ရန်ကုန်တိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

နေပြည်တော် ဒီဇင်ဘာ ၈

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ကယားပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဒီဇင်ဘာလ ၆ ရက်**တွင် လွိုင်ကော်မြို့နယ်အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်(၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀)** ကိုဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဒီဇင်ဘာလ ၄ ရက်**တွင် အုတ်တွင်းမြို့နယ်နှင့် တောင်ငူမြို့နယ်တို့အတွင်း၌ တရားမဝင်သစ်မာ (၆ ဒသမ ၉၂၆)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၆၄၉၅၃၆)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဒီဇင်ဘာလ ၅ ရက်**တွင် မုတ္တမဆိပ်ကမ်း(ရွှေပြည်သာ)၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသည့် ရေယာဉ်(၁)စင်းပေါ်မှ သွင်းကုန်လိုင်စင်၊ သွင်းကုန်ကြေညာလွှာ(ID)ပါ ဖော်ပြချက်နှင့် ကိုက်ညီမှန်ကန်မှုရှိသည့် လုပ်ငန်းသုံးပစ္စည်း(၃)မျိုးအား အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ခွင့်ပြုပေးခဲ့ပြီး သွင်းကုန်ကြေညာလွှာ(ID)တွင် ဖော်ပြထားခြင်းမရှိသော အကောက်ခွန်မဲ့ကုန်ပစ္စည်းများဖြစ်သည့် လုပ်ငန်းသုံးပစ္စည်း(၂၉)မျိုး၊ လူသုံးကုန်ပစ္စည်း(၇)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၂၈၃၈၉၃၅၃)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် MV. War Nate Za ရေယာဉ် (၁)စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀၀၀) **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၇၈၃၈၉၃၅၃)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဒီဇင်ဘာလ ၃ ရက်**တွင် ဟသ်ာတမြို့နယ်အတွင်း၌ တရားမဝင် သစ်မာ(သုည ဒသမ ၃၅၀)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ်၁၆၈၀၀၀)** ကိုဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဒီဇင်ဘာလ ၅ ရက်**တွင် ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၂)မျိုး၊ လူသုံးကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၂၅၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Cheng Long Dump Truck(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကိုလည်းကောင်း၊ မန္တလေးမြို့နယ်၊ ရွှေကြက်ယက်ဘုရားအနီး၌ မော်တော်ယာဉ်(၄)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁၇)မျိုး၊ လုပ်ငန်းသုံးပစ္စည်း (၁၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၄၁၈၅၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Hino Profia Truck (၁)စီး၊ Diamond TC–003 Truck (၁)စီး၊ Nissan Diesel Truck (၁)စီး၊ Nissan Condor Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၈၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်(၄)ဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၇)မျိုး၊ လျှပ်စစ်ပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၈၄၅၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၅၉၆၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

**ဒီဇင်ဘာလ ၃ ရက်၊ ၄ ရက်၊ ၅ ရက်နှင့် ၆ ရက်**တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ(၃၇)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၁၆၁၆၆၈၈၉)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်ပါသည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

မြဝတီ

**ပျောက်ဆုံးကြောင်း**
ရဲထက်နိုင်(ဘ)ဦးလှသိန်း ၇/ကပက(နိုင်) ၁၀၃၆၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၄၅၂၉၈၈၄၅၈

**ပျောက်ဆုံးကြောင်း**
အောင်မင်းခန့်(ဘ)ဦးဇော်မင်း ၁၂/အစန(နိုင်)၁၉၂၂၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၄၃၂၀၁၈၁၉

**ပျောက်ဆုံးကြောင်း**
သင်းပျံ့ပျံ့မွှေး(ဘ)ဦးထွန်းဝင်း ၉/မကန(နိုင်) ၁၃၅၀၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
ကျော်ထွေး(ဘ)ဦးအိုက်ရီ ၁၃/လရန(နိုင်) ၂၃၆၇၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၄၂၀၇၄၁၅၆၂

**အားကစားမြှင့်တင် စိတ်လန်းရွှင်**
**ဆန့်ကျင်မူးယစ်ဆေး**

# တရုတ်နိုင်ငံက ထိုင်ဝမ်ကျွန်းအရေးတွင် အချုပ်အခြာအာဏာကို ကာကွယ်သွားမည်ဟု ကတိပြု


**ပေကျင်း၊ နိုင်ငံရေး**

တရုတ်နိုင်ငံအနေဖြင့် ထိုင်ဝမ်ကျွန်းအရေးနှင့်ပတ်သက်လာလျှင် အချုပ်အခြာအာဏာကို ကာကွယ်သွားမည်ဟု ဒီဇင်ဘာလ ၈ ရက်တွင် ကတိပြုထားသည်။ ထို့ပြင် ပြည်ပမှစွက်ဖက်မှုများကိုလည်း သတိပေးလိုက်ကြောင်း သိရသည်။ အမေရိကန်နိုင်ငံက ထိုင်ဝမ်ကျွန်းအရေးနှင့်ပတ်သက်၍ လုံခြုံရေးမဟာဗျူဟာအသစ်ကို ချမှတ်ပြီးနောက် တရုတ်နိုင်ငံက ယခုကဲ့သို့ ထုတ်ပြန်လာခြင်းဖြစ်သည်။

အမေရိကန်က ထိုင်ဝမ်ကျွန်းအရေးနှင့်ပတ်သက်၍ တရုတ်နိုင်ငံနှင့်ပဋိပက္ခဖြစ်မှုကိုတားမြစ်နိုင်ရေးအတွက် စစ်အင်အားတိုးမြှင့်ဖြန့်ကြက်သွားရန် ရည်ရွယ်ထားသည့် မဟာဗျူဟာအသစ်ကို ဒီဇင်ဘာလ ၅ ရက်တွင်ချမှတ်လိုက်ခြင်းဖြစ်သည်။

ထို့နောက် ထိုင်ဝမ်ကျွန်းအရေးသည် တရုတ်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့ကြား သံတမန်ဆက်ဆံရေးတွင် ဖြတ်သန်းမှုမပြုရမည့် ပထမဆုံးသောအနီရောင်မျဉ်းတစ်ကြောင်းဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနကပြောထားသည်။ **Ref: ST**

# ထိုင်း-ကမ္ဘောဒီးယားနယ်စပ်၌ အပြန်အလှန်တိုက်ခိုက်မှုများ ပြန်လည်ဖြစ်ပွား



**ဘန်ကောက်၊ စစ်ရေး**

ထိုင်း-ကမ္ဘောဒီးယားနယ်စပ်၌ အပြန်အလှန်တိုက်ခိုက်မှုများ ပြန်လည်ဖြစ်ပွားနေကြောင်း၊ ပြည်သူအချို့မှာ ကယ်ဆယ်ရေးစခန်းများ၌ နေထိုင်နေရကြောင်းနှင့် ယခုနောက်ဆုံးအခြေအနေများအရ ထိုင်းနိုင်ငံက လေကြောင်းမှတိုက်ခိုက်မှုပြုလုပ်ကြောင်းသိရသည်။

နှစ်နိုင်ငံကြား အပြန်အလှန်တိုက်ခိုက်မှုသည် ဒီဇင်ဘာလ ၈ ရက်နံနက်ပိုင်းတွင် ပြန်လည်စတင်ဖြစ်ပွားခြင်းဖြစ်ပြီး ထိုင်းနိုင်ငံဘက်မှ စစ်သည်တစ်ဦးသေဆုံးကာ ရှစ်ဦးဒဏ်ရာရရှိကြောင်း ထိုင်းတပ်မတော်မှပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ်ဝင်းထိုင်း ဆူဝါရီးက သတင်းစာရှင်းလင်းပွဲ၌ပြောသည်။

ထိုင်းနိုင်ငံအနေဖြင့် တိုက်ခိုက်မှုများဖြစ်ပွားခြင်းကို အလိုမရှိကြောင်း၊ သို့သော် နိုင်ငံ၏လုံခြုံရေးနှင့်အချုပ်အခြာအာဏာကိုထိန်းသိမ်းရေးအတွက် လိုအပ်သောဆောင်ရွက်ချက်များ လုပ်ဆောင်နိုင်ရန် တပ်မတော်ကအသင့်ရှိကြောင်း ထိုင်းနိုင်ငံဝန်ကြီးချုပ် အာနူတင်ချန်ဗီရာကူကပြောသည်။

ကမ္ဘောဒီးယားက ထိုင်းဘက်ကိုတိုက်ခိုက်မှုများ ဆက်လက်ပြုလုပ်လာမှုအပေါ် ကာကွယ်သည့်အနေဖြင့် ယခုကဲ့သို့တိုက်ခိုက်ခြင်းဖြစ်ကြောင်း ထိုင်းတာဝန်ရှိသူများကပြောသည်။ ကမ္ဘောဒီးယားကာကွယ်ရေးဝန်ကြီးဌာနကမူ ထိုင်းတပ်ဖွဲ့သည် ကမ္ဘောဒီးယားတပ်ဖွဲ့ဝင်များကို အရဏ်တက်အချိန် တိုက်ခိုက်မှုလုပ်ဆောင်ခြင်းဖြစ်ကြောင်း ထုတ်ပြန်ထားသည်ဟုသိရသည်။ **Ref: ST**

# ရုရှားနိုင်ငံ၏ အရန်ရွှေပမာဏ သမိုင်းတစ်လျှောက် အမြင့်ဆုံးသို့ရောက်ရှိ

**မော်စကို၊ ပြည်တွင်းရေး**

ရုရှားနိုင်ငံ၏ အရန်ရွှေပမာဏသည် နိုင်ငံ၏သမိုင်းတစ်လျှောက် အမြင့်ဆုံးသို့ ရောက်ရှိလာကြောင်း ရုရှားဗဟိုဘဏ်က ထုတ်ပြန်ထားသည်။ ဒီဇင်ဘာလ ၁ ရက်အထိ နိုင်ငံ၏အရန်ရွှေတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၃၁၀ ဒသမ ၇ ဘီလီယံအထိ ရှိလာပြီဖြစ်ကြောင်းနှင့် ရုရှားနိုင်ငံအနေဖြင့် ပြီးခဲ့သည့် ၁၂ လအတွင်း ရွှေတုံးများအပေါ်ရင်းနှီးမြှုပ်နှံမှုသည် အမေရိကန်ဒေါ်လာ ၉၂ ဘီလီယံအထိ စံချိန်တင်မြင့်တက်ခဲ့ကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ကမ္ဘာ့ရွှေကောင်စီ၏ပြီးခဲ့သည့်လ ထုတ်ပြန်ချက်အရ ရုရှားနိုင်ငံသည် အမေရိကန်၊ ဂျာမနီ၊ အီတလီနှင့်ပြင်သစ်နိုင်ငံတို့ပြီးလျှင် ကမ္ဘာပေါ်တွင် အရန်ရွှေပမာဏအများဆုံးပိုင်ဆိုင်သည့် ပဉ္စမမြောက်နိုင်ငံဖြစ်လာကြောင်းသိရသည်။ တစ်ချိန်တည်းမှာပင် ရုရှားနိုင်ငံသည် ပြင်ပဖိအားများကြားမှ ယခုကဲ့သို့တိုးတက်မှုကို ဆောင်ကြဉ်းနိုင်ခဲ့ခြင်းဖြစ်ကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က ပြောထားသည်ဟုသိရသည်။

**Ref: RT**

# ဆူဒန်နိုင်ငံရှိ မူကြိုကျောင်းတစ်ခု၌ တိုက်ခိုက်မှုဖြစ်ပွား ကလေး ၆၀ ကျော်အပါ လူ ၁၀၀ ကျော် သေဆုံး

**ဂျီနီဗာ၊ တိုက်ခိုက်မှု**

ဆူဒန်နိုင်ငံရှိ မူကြိုကျောင်းတစ်ခုတွင် တိုက်ခိုက်မှုဖြစ်ပွားရာ ကလေးငယ် ၆၀ ကျော်အပါအဝင် လူပေါင်း ၁၀၀ ကျော် သေဆုံးကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဒီဇင်ဘာလ ၈ ရက်တွင်ထုတ်ပြန်သည်။

ယခုတိုက်ခိုက်မှုသည် တောင်ကော်ဒိုဖန်ပြည်နယ်ရှိ မူကြိုကျောင်းတစ်ကျောင်း၌ ဒီဇင်ဘာလ ၄ ရက်တွင် ဖြစ်ပွားခြင်းဖြစ်ကြောင်း၊ ထိုမူကြိုကျောင်းသည် တိုက်ခိုက်မှုကိုအကြိမ်ကြိမ်ခံခဲ့ရကြောင်း ထုတ်ပြန်ချက်တွင်ဆက်လက်ဖော်ပြထားသည်။

အလားတူ ဆေးဘက်ဆိုင်ရာအခြေခံအဆောက်အဦများလည်း တိုက်ခိုက်ခံရသည့်အပြင် ကယ်ဆယ်ရေးအဖွဲ့ဝင်များသည်လည်း မူကြိုကျောင်းမှဒဏ်ရာရရှိသူများကို ဆေးရုံသို့ရွှေ့ပြောင်းရန်ကြိုးပမ်းစဉ် တိုက်ခိုက်မှုကိုခံရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က ပြောထားသည်။ **Ref: ST**

# နိုင်ဂျီးရီးယား၌ ပြန်ပေးဆွဲခံရသူများအနက် ကျောင်းသား ၁၀၀ ထပ်မံလွတ်မြောက်လာ



**အဘူဂျာ၊ ပြည်တွင်းရေး**

နိုင်ဂျီးရီးယားနိုင်ငံ၌ ပြီးခဲ့သည့်လတွင် ပြန်ပေးဆွဲခံလိုက်ရသော ကျောင်းသားများအနက် အယောက် ၁၀၀ သည် ထပ်မံလွတ်မြောက်လာပြီဖြစ်ကြောင်း ဒေသတွင်းသတင်းဌာနများက ဒီဇင်ဘာလ ၇ ရက်တွင်ဖော်ပြထားသည်။

နိုဝင်ဘာလ ၂၁ ရက်တွင် နိုင်ဂျာပြည်နယ် ပါပီရီကျေးရွာရှိ ဘော်ဒါကျောင်းတစ်ခုမှ လူပေါင်း ၃၁၅ ဦးကို သေနတ်သမားများက ပြန်ပေးဆွဲခေါ်ဆောင်သွားခြင်းဖြစ်သည်။ ပြန်ပေးဆွဲခံရသူများမှာ ကျောင်းသား ၃၀၃ ဦးနှင့် ဆရာ ၁၂ ဦးဖြစ်သည်။ ယင်းသို့ပြန်ပေးဆွဲခံရပြီး နောက်နှစ်ရက်အကြာတွင် ကျောင်းသားအယောက် ၅၀ ပြန်လည်လွတ်မြောက်လာသည်။ ယခုအခါနောက်ထပ် ကျောင်းသားအယောက် ၁၀၀ မှာထပ်မံလွတ်မြောက်လာပြီဖြစ်ကြောင်း၊ ထို့ကြောင့် ပြန်ပေးဆွဲခံထားရသူ ၁၆၅ ဦး ကျန်ရှိနေဆဲဖြစ်ကြောင်း တာဝန်ရှိသူများ၏ပြောဆိုမှုကိုကိုးကား၍ နိုင်ဂျီးရီးယားခရစ်ယာန်အသင်း၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ပြန်ပေးဆွဲခံရသူများ ပြန်လည်လွတ်မြောက်လာခြင်းနှင့်ပတ်သက်၍ ပြန်ပေးငွေများပေးရခြင်းရှိ၊ မရှိ၊ သို့မဟုတ် မည်ကဲ့သို့ညှိနှိုင်းမှုများလုပ်ဆောင်ရသည်ဟူသောထုတ်ပြန်ချက်များ ထွက်ပေါ်လာခြင်းမရှိသေးကြောင်းသိရသည်။

**Ref: RT**

# MH370 လေယာဉ်တွင်ပါဝင်သူများ၏ မိသားစုများအား လျော်ကြေးပေးရန် တရုတ်တရားရုံးအမိန့်ချ

**ပေကျင်း၊ တရားရေး**

လွန်ခဲ့သောဆယ်စုနှစ်တစ်ခုကျော်က ပဟေဠိဆန်စွာပျောက်ဆုံးသွားခဲ့ရသည့် MH370 လေယာဉ်တွင်လိုက်ပါသွားသူများ၏မိသားစုများအား လျော်ကြေးပေးရန် မလေးရှားလေကြောင်းလိုင်းကို အမိန့်ချမှတ်ထားသည်ဟု တရုတ်နိုင်ငံမှတရားရုံးတစ်ခုက ဒီဇင်ဘာလ ၈ ရက်တွင်ပြောသည်။

ချောင်ယန်းခရိုင် ပြည်သူ့တရားရုံးက အဆိုပါအမိန့်ကို ဒီဇင်ဘာလ ၅ ရက်တွင် ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ လေကြောင်းလိုင်းအနေဖြင့်ပေးအပ်ရမည့်လျော်ကြေးသည် ဈာပနအခမ်းအနားအတွက်ကုန်ကျစရိတ်များ၊ စိတ်ထိခိုက်ရမှုများနှင့်အခြားဆုံးရှုံးမှုများအတွက်ဖြစ်ကြောင်း၊ ဖြစ်စဉ်တွင်ပါဝင်သူများ၏မိသားစုတစ်စုအနေဖြင့် မလေးရှားလေကြောင်းလိုင်းမှ လျော်ကြေးငွေအဖြစ်ယွမ် ၂ ဒသမ ၉ သန်းရရှိရမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

လူပေါင်း ၂၃၉ ဦးကိုတင်ဆောင်သွားသည့် မလေးရှားလေကြောင်းလိုင်းမှ လေယာဉ်အမှတ် MH370 လေယာဉ်သည် ကွာလာလမ်ပူမြို့မှ ပေကျင်းမြို့သို့ပျံသန်းလာစဉ် ၂၀၁၄ ခုနှစ်မတ်လ ၈ ရက်တွင် ရေဒါမှပျောက်ဆုံးသွားခြင်းဖြစ်ပြီး ယနေ့အချိန်အထိ ပြန်လည်ရှာဖွေတွေ့ရှိခြင်းမရှိသေးကြောင်း သိရသည်။

**Ref: ST**



# ကောင်းမွန်သောပတ်ဝန်းကျင်မှသည် သာယာသောနိုင်ငံတော်သစ်ဆီသို့

လမင်းသန်း(ရှမ်းပြည်နယ်ပတ်ဝန်းကျင်)

“နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့” ဟူသော ကြွေးကြော်နှိုးဆော်ချက်များကို မီဒီယာအသီးသီးတွင်လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်၊ ခရိုင်/မြို့နယ်၊ ရပ်ကွက်/ကျေးရွာအဆင့်များအထိ မြေပြင်နေရာအနှံ့အပြားတွင်လည်းကောင်း တွေ့ရှိနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းစောင့်ရှောက်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)မှ သန္နိဋ္ဌာန်ချထားသည်... 

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပုဒ်မ (၄၅)တွင် “နိုင်ငံတော်သည် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရမည်” ဟုလည်းကောင်း၊ ပုဒ်မ(၃၉၀)တွင် “နိုင်ငံသားတိုင်းသည် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းတွင် နိုင်ငံတော်အားကူညီရန်တာဝန်ရှိသည်”ဟုလည်းကောင်းပြဋ္ဌာန်းထားသည်။ နိုင်ငံတော်သည် သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းစောင့်ရှောက်ရန်မူဝါဒများချမှတ်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံသားတို့မှလည်း အကောင်အထည်ဖော်မှုလုပ်ငန်းများတွင် လိုက်ပါဆောင်ရွက်နိုင်ရမည်ဖြစ်သည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေအရ **“ပတ်ဝန်းကျင်ဆိုသည်မှာ မြေထု၊ လေထု၊ ရေထု၊ ရာသီဥတု၊ အသံ၊ အနံ့၊ အရသာတို့ပါဝင်သည့် ရုပ်ပိုင်းဆိုင်ရာ အကြောင်းအချက်များကိုလည်းကောင်း၊ တိရစ္ဆာန်နှင့် အပင်အမျိုးမျိုးတို့၏ သက်ရှိဇီဝဆိုင်ရာ အကြောင်းအချက်များကိုလည်းကောင်း၊ သမိုင်း၊ ယဉ်ကျေးမှု၊ လူမှုရေးနှင့် ပသာဒအလှအပဆိုင်ရာ အကြောင်းအချက်များကိုလည်းကောင်းဆိုလိုသည်”** ဟု ဖော်ပြပါရှိပြီး အခြေခံအားဖြင့် လူမှုပတ်ဝန်းကျင်(Man-made Environment)နှင့် သဘာဝပတ်ဝန်းကျင်(Natural Environment) ဟူ၍ နှစ်မျိုးရှိသည်။ ရုပ်ပိုင်းဆိုင်ရာနှင့် သက်ရှိဇီဝဆိုင်ရာအကြောင်းအချက်များသည် သဘာဝပတ်ဝန်းကျင်များဖြစ်ပြီး လူမှုစီးပွား၊ သမိုင်း၊ ယဉ်ကျေးမှုဆိုင်ရာ အကြောင်းအချက်များသည်

**နိုင်ငံတစ်နိုင်ငံ၏ စစ်မှန်သောသာယာဝပြောမှု သို့မဟုတ် ချမ်းသာကြွယ်ဝမှုကို စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စသည့်အညွှန်းပေတံများဖြင့် သာမက သဘာဝပတ်ဝန်းကျင်ညွှန်းပေတံများဖြင့်ပါ တိုင်းတာကြသည်။ သန့်ရှင်းသောရေ၊ သန့်စင်သောလေ၊ ကောင်းမွန်သောမြေ၊ ကြွယ်ဝသောသစ်တောများ စသည့်သဘာဝပတ်ဝန်းကျင်များသည် သာယာသောနိုင်ငံတစ်ခုတည်ဆောက်ရန် အခြေခံအုတ်မြစ်ကောင်းများဖြစ် . . .**

လူမှုပတ်ဝန်းကျင် သို့မဟုတ် လူလုပ်ပတ်ဝန်းကျင်များဖြစ်ကြသည်။ လူမှုပတ်ဝန်းကျင်များ စည်ပင်ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်သကဲ့သို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုလည်း ချန်လှပ်မထားရန် အရေးကြီးသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရန် ကြွေးကြော်တိုက်တွန်းချက်သည် ရည်မှန်းချက်(၁၇)ရပ်ပါဝင်သော ၂၀၃၀ ပြည့်နှစ် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်နှင့်လည်းလျော်ညီသည်။ ရည်မှန်းချက်ပန်းတိုင်များအနက် ပန်းတိုင်(၆)-သန့်ရှင်းသောရေနှင့် မိလ္လာစနစ်ရရှိရေး(Water and Sanitation)၊ ပန်းတိုင်(၇)-သန့်ရှင်းသောစွမ်းအင်ရရှိရေး(Clean Energy )၊ ပန်းတိုင်(၁၃)-ကမ္ဘာမြေအားကာကွယ်ရေး (Protect the Planet)၊ ပန်းတိုင်(၁၄)-အဏ္ဏဝါထိန်းသိမ်းရေး (Life below Water) နှင့် ပန်းတိုင်(၁၅)- သစ်တောသစ်ပင်များထိန်းသိမ်းရေး(Life on Land) စသည်တို့သည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များဖြစ်ကြသည်။ ထို့ပြင် ကြွေးကြော်ချက်သည် မြန်မာနိုင်ငံအမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၏ ရေရှည်မျှော်မှန်းချက်ကိုလည်း ရှင်းလင်းစွာမီးမောင်းထိုးပြနေသည်လည်းဖြစ်သည်။ မူဝါဒ၏ ရေရှည်မျှော်မှန်းချက်သည် “မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသူအားလုံး၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျန်းမာပျော်ရွှင်ရေးတို့အတွက် သန့်ရှင်းသောပတ်ဝန်းကျင်နှင့် ကောင်းမွန်သောဂေဟစနစ်ကိုထိန်းသိမ်းရန်” ဖြစ်သည်။ နိုင်ငံသားတို့၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ခြင်းနှင့်ကျန်းမာပျော်ရွှင်ခြင်းသည် နိုင်ငံတော်သာယာဖွံ့ဖြိုးတိုးတက်ခြင်းပင်ဖြစ်သည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆောင်ရွက်ရန် လိုအပ်သောအကြောင်းအချက်များတွင် ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေးသည် အဓိကအခန်းကဏ္ဍမှပါဝင်မည်ဖြစ်သည်။ မိမိတို့၏ ဘိုးဘေးဘီဘင်များမှ ပေးအပ်ခဲ့သော ကောင်းမွန်သည့် ပတ်ဝန်းကျင်အခြေအနေများကို အနာဂတ်မျိုးဆက်များသို့လည်း ကောင်းမွန်သည့်အခြေအနေများအတိုင်း လက်ဆင့်ကမ်းပေးနိုင်ခြင်းဖြင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအား ရေးရှူအပ်ပေသည်။ မူလတန်းအဆင့် မြန်မာဖတ်စာအုပ်တွင် ပြဋ္ဌာန်းသော ခြံစည်းရိုးတွင် သရက်ပင်ပေါက်လေးများကို



စိုက်ပျိုးနေသည့် အသက် ၈၀ အရွယ် အဘိုးအိုနှင့် အိမ်ရှေ့မင်းသားတို့ တွေ့ဆုံသည့် “စေတနာ”ဟု အမည်ရသော ပုံပြင်သည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုသဘောတရားကို ဖော်ပြသည့်ဥပမာကောင်းပုံပြင်တစ်ပုဒ်ဖြစ်သည်။ အသက်ကြီးရင့်ပြီး မိမိခံစားနိုင်ခွင့်မရှိနိုင်သော သရက်ပင်များစိုက်ပျိုးမှုအပေါ် အကျိုးမရှိသောအလုပ်လုပ်ခြင်းသာဖြစ်သည်ဟု အိမ်ရှေ့မင်းသား၏အမြင်အပေါ် အဘိုးအိုမှ အသင်မင်းသား ယခုစားသုံးနေသော သရက်သီးများသည် ကျွန်ုပ်တို့ဘိုးဘေးများစိုက်ပျိုးခဲ့သောကြောင့် စားသုံးနိုင်ခြင်းဖြစ်သည်။ ထို့အတူ ယနေ့ကျွန်ုပ်စိုက်ပျိုးမှုသည်လည်း သားမြေးမြစ်နောင်လာနောက်သားတို့အတွက်ဖြစ်သည်ဟု အဘိုးအို၏ ဖြေဆိုမှုတို့သည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုဆိုင်ရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များ ဖြစ်သည်ဆိုသော်မမှားချေ။

လူသားပယောဂကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများသည်လည်း ပတ်ဝန်းကျင်ထိန်းသိမ်းရန်အတွက် လိုအပ်သောအကြောင်းတစ်ရပ်ဖြစ်သည်။ ဝန်းကျင်ညစ်ညမ်းမှုဖြစ်ရခြင်းသည် သဘာဝဖြစ်စဉ်ကြောင့် ၁၀ ရာခိုင်နှုန်းဖြစ်ပြီး လူသားပယောဂ/ လူလုပ်ဒုက္ခကြောင့် ၉၀ ရာခိုင်နှုန်းဖြစ်သည်ဟု အချက်အလက်များမှဖော်ပြသည်။ ဥပမာအားဖြင့် ကမ္ဘာကြီးပူနွေးမှုသည်သဘာဝဖြစ်စဉ်ဖြစ်ပြီး ကမ္ဘာ့ပျမ်းမျှအပူချိန်တိုးတက်မှုသည် နှစ်ထောင်ပေါင်းများစွာကြာမှ တစ်ဒီဂရီတိုးရမည်ဖြစ်သော်လည်း ယခုအခါ ဆယ်စုနှစ် ကာလအကြာဖြင့် ပျမ်းမျှအပူချိန်များတိုးနေရခြင်းသည် လူသားပယောဂများ၏ သက်ရောက်မှုကြီးမားခြင်းကို ဖော်ပြလျက်ရှိနေသည်။ လွန်ခဲ့သောဆယ်စုနှစ်များတွင် မြစ်ရေ၊ ချောင်းရေများကို သောက်သုံးရေအဖြစ် အသုံးပြုရန် သင့်လျော်ကောင်းမွန်သည့် အရည်အသွေးရှိခဲ့သော်လည်း ယခုအခါမူသေချာသောအရည်အသွေးမရှိတော့ချေ။ ရေသန့်ဘူးယဉ်ကျေးမှုများထွန်းကားလာရခြင်းသည်လည်း လူသားပယောဂကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းလာမှုပြယုဂ်များဖြစ်သည်။ မြေပေါ်မြေအောက်သယံဇာတများ အလွန်အကျွံထုတ်ယူခြင်း၊ ဓာတုဆေးများအလွန်အကျွံသုံးစွဲခြင်း၊ မြေအသုံးချမှုမှားယွင်းခြင်း စသည့် လူလုပ်ဒုက္ခတို့ကြောင့်လည်း ယိုယွင်းပျက်စီးရသည်။ လူသားတို့ကြောင့် ယိုယွင်းပျက်စီးရသော သဘာဝပတ်ဝန်းကျင်များကို လူသားတို့မှပင် ပြန်လည်ထိန်းသိမ်းစောင့်ရှောက်ရပေမည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးသည် ဂေဟစနစ်မျှတမှု၊ လူသားကျန်းမာရေးနှင့်စီးပွားရေးတည်ငြိမ်မှုတို့အတွက် အရေးကြီးသည်။ ပတ်ဝန်းကျင်ညစ်ညမ်းမှုများသည် ဂေဟစနစ်ပျက်ယွင်းမှုနှင့် လူသားကျန်းမာရေးအပေါ် တိုက်ရိုက်သက်ရောက်မှုရှိပြီး ကုန်ထုတ်လုပ်မှုကို ထိခိုက်စေခြင်း၊ လူမှုစီးပွားဆုံးရှုံးစေခြင်းနှင့်အတူ အမျိုးသားဝင်ငွေကို ထိခိုက်စေမည်။ ညစ်ညမ်းမှုများကိုထိန်းချုပ်ခြင်းဖြင့် ကောင်းမွန်သည့်ဂေဟစနစ်နှင့် ကျန်းမာသည့်လူ့အဖွဲ့အစည်းတစ်ရပ်ကိုဖန်တီးနိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံ၏တိုးတက်သာယာမှုကိုလည်း ပံ့ပိုးကူညီပေးနိုင်မည်ဖြစ်သည်။

နိုင်ငံတော်သည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များကို ချမှတ်ပြဋ္ဌာန်းပြီးဖြစ်သကဲ့သို့ မဟာဗျူဟာမူဘောင်နှင့် ပင်မစီမံကိန်းများကိုလည်း ရေးဆွဲအကောင်အထည်ဖော်လျက်ရှိသည်။ မြန်မာနိုင်ငံ၏ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်၊ မြန်မာနိုင်ငံအမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်များကိုလည်း ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များတွင် နိုင်ငံသားတစ်ဦးတစ်ယောက်ချင်းမှစ၍ လိုက်ပါဆောင်ရွက်နိုင်သည်။ "The best policy of natural environmental conservation is saving" ဟုဆိုရိုးနှင့်အညီ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အကောင်းဆုံးလမ်းစဉ်သည် ချွေတာခြင်းပင်ဖြစ်သည်။ အားလုံးနှင့်ကျွမ်းဝင်ထားပြီးဖြစ်သော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရွှေရောင်စည်းမျဉ်းများ သို့မဟုတ် 3Rs/5Rs များသည်လည်း ချွေတာရေးလုပ်ငန်းစဉ်များပင်ဖြစ်သည်။ ရေ၊ မီးချွေတာခြင်း၊ အစားအသောက်ချွေတာခြင်း၊ အသုံးအဆောင်ချွေတာခြင်း၊ မလိုအပ်လျှင်မသုံးခြင်း၊ လျှော့သုံးခြင်း၊ ပြန်သုံးခြင်း စသည်တို့ဖြစ်သည်။ ထို့အတွက် ထိန်းသိမ်းရေးလုပ်ငန်းစဉ်များကို တစ်ဦးတစ်ယောက်မှအစ ရိုးရှင်းစွာဆောင်ရွက်နိုင်သည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၏ သိထိုက်သော အခြားဆိုရိုးတစ်ခုမှာ "Think Globally, Act Locally " “ကမ္ဘာလုံးဆိုင်ရာ စဉ်းစားပါ၊ ဒေသအလိုက်လုပ်ဆောင်ပါ” ဖြစ်သည်။ ကမ္ဘာလုံးဆိုင်ရာပတ်ဝန်းကျင်ပြဿနာများကို ကမ္ဘာနှင့်တန်းတူ သိမြင်နားလည်သင့်သော်လည်း ပြဿနာများကိုဖြေရှင်းရာတွင် မိမိတို့လုပ်နိုင်သည့် ဒေသ၊ ရပ်ရွာ၊ အိမ်၊ ကျောင်း စသည့်လက်တွေ့ကျသောအဆင့်မှလုပ်ဆောင်ရမည်ဟုဆိုလိုရင်းပင်ဖြစ်သည်။

မိမိတို့အတွက် သီးခြားတာဝန်တစ်ခုမဟုတ်ဘဲ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် မဖြစ်မနေလှမ်းရမည့် ခြေလှမ်းတစ်ခုသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပင်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၏ စစ်မှန်သောသာယာဝပြောမှု သို့မဟုတ် ချမ်းသာကြွယ်ဝမှုကို စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊လူမှုရေး စသည့် အညွှန်းပေတံများဖြင့်သာမက သဘာဝပတ်ဝန်းကျင်အညွှန်းပေတံများဖြင့်ပါ တိုင်းတာကြသည်။ သန့်ရှင်းသောရေ၊ သန့်စင်သောလေ၊ ကောင်းမွန်သောမြေ၊ ကြွယ်ဝသောသစ်တောများ စသည့် သဘာဝပတ်ဝန်းကျင်များသည် သာယာသောနိုင်ငံတစ်ခုတည်ဆောက်ရန် အခြေခံအုတ်မြစ်ကောင်းများဖြစ်သည့်အတွက် “နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့” ဟု တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။




### ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
### မြန်မာ့မီးရထား
### အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် |
|---|---|---|
| ၁ | ၃၂၇/မမ/CME/CE | ဒီဇယ်ဆီ(၇၉၈,၀၀၀)ဂါလန် ဝယ်ယူရန် |

တင်ဒါပိတ်မည့်နေ့/အချိန် - (၂၂-၁၂-၂၀၂၅)မွန်းလွဲ(၂:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၈-၁၂-၂၀၂၅)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

**ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း 294352, 291994**

### အမည်မှန်
ကျိုင်းတုံမြို့နယ်၊ မိုင်းခွန်ကျေးရွာအုပ်စု၊ အ.ထ.က(ဝမ်အွယ်) Grade-6 မှ မချမ်းမြေ့ဦး၏အမည်မှန်မှာ မဖူးပြည့်သဇင် ၁၃/ကတန(နိုင်)၂၃၄၇၉၀ ဖြစ်ပါကြောင်း။
**မဖူးပြည့်သဇင်**

### မိဘအမည်မှန်
ကျိုင်းတုံမြို့နယ်၊ မိုင်းခွန်ကျေးရွာအုပ်စု၊ အ.ထ.က(ဝမ်အွယ်) Grade-6 မှ မဖူးပြည့်သဇင်၏မိဘအမည်မှန်မှာ ဦးစန်းမြင့် ၁၃/ကတန(နိုင်)၂၂၈၁၀၀ နှင့် ဒေါ်သဇင်ဦး ၁၃/ရစန(နိုင်)၀၈၂၁၃၉ ဖြစ်ပါကြောင်း။
**ဦးစန်းမြင့်၊ ဒေါ်သဇင်ဦး**

### ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကို သတ်မှတ်နေရာအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့်လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | ဒီဇယ်ဆီ/ပရီမီယံဒီဇယ်ဆီ/ဓာတ်ဆီ | ၅၃၀၀၀၀/၇၉၀၀၀/၄၀၀၀၀ ဂါလန် |
| (ခ) | တာယာ(၃)မျိုး၊ ဘက်ထရီ(၅)မျိုး | ၄၆/၄၉ လုံး |
| (ဂ) | သံချောင်းလုံးအရွယ်စုံ | 1 Lot |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၉-၁၂-၂၀၂၅ ရက်နေ့မှစ၍ ရောင်းချမည်ဖြစ်ပြီး ၂၃-၁၂-၂၀၂၅ ရက်နေ့(၁၂:၀၀)နာရီနောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါပုံစံအား မြို့တော်ခန်းမ(ပထမထပ်)ဘဏ္ဍာရေးနှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနခွဲတွင် ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်-၀၁-၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

### ဘုရား၊ ကျောင်း၊ ရဟန်း ဒါယကာကြီး
### ဗိုလ်ကြီးကျော်ဆန်းမင်း(ငြိမ်း)
### OTS 94
### အသက်(၅၇)နှစ်

ပုသိမ်မြို့၊ ဦးလူလမ်းနေ (ဗိုလ်မှူးကြီးမင်းနောင်)-ဒေါ်ခင်မင်းမြင့်တို့၏ သား၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ တော်ဝင်အိမ်ရာနေ (ဦးခင်မောင်ကြည်)-ဒေါ်စိန်စိန်လှတို့၏သားသမက်၊ ပုသိမ်မြို့နေ (ဦးလူမော်)-ဒေါ်သန်းသန်းဦး၊ (ဒေါ်နှင်းဆီ)၊ ဒေါ်လေးဖြူတို့၏ညီမောင်၊ မော်ဘီမြို့၊ ဘောဂဗလလမ်း၊ သီရိရတနာ၊ စာဖြူစု၊ တပ်ကြီးကုန်းကျေးရွာနေ မရှင်းသန့်နှင်း၏မွေးသဖခင် ကျေးဇူးရှင်၊ ဒေါ်အေးစန္ဒာကြည်(မြဝတီရုပ်မြင်သံကြား)၏ချစ်လှစွာသော ခင်ပွန်း ဗိုလ်ကြီးကျော်ဆန်းမင်း(ငြိမ်း) အသက်(၅၇)နှစ်သည် ၁၃၈၇ ခုနှစ် နတ်တော်လပြည့်ကျော်(၃)ရက် ၇-၁၂-၂၀၂၅ ရက်(တနင်္ဂနွေနေ့)တွင် (၉၆)ပါး သောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်အား ၉-၁၂-၂၀၂၅ ရက်(အင်္ဂါနေ့)မွန်းလွဲ ၁:၀၀ နာရီတွင် မြို့မသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကွယ်လွန်သူအားရည်စူး၍ ၁၃-၁၂-၂၀၂၅ ရက်(စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းသွတ်တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ အောင်ခိုင် အ.ထ.က(ခွဲ)ကျောင်းဝင်အမှတ် ၂၂၀၅ (Grade-9 အောင်)မှ မမြမြဖြိုး၏ဖခင် ဦးအောင်ကျော်စိုး၏အမည်မှန်မှာ ဦးကျော် ၈/တတက(နိုင်) ၁၈၀၈၆၂ ဖြစ်ပါကြောင်း။ **ဦးကျော်**

### ပျောက်ဆုံးကြောင်း
နိုင်မင်းလွင်(ဘ)ဦးကျော်ဇော ၉/မကန(နိုင်) ၁၁၅၄၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

### ပျောက်ဆုံးကြောင်း
ယော်အင်ချို(ဘ)ဦးယော်ကြာဆွယ် ၁၃/မဆတ(နိုင်)၀၈၂၀၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 694301)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

### ပျောက်ဆုံးကြောင်း
အိအိခိုင်(ဘ)ဦးထင်လင်း ၇/ပမန(နိုင်) ၁၁၁၃၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၂၂၅၆၅၂၈

### ပျောက်ဆုံးကြောင်း
တိုးနိုင်(ဘ)ဦးခင်ထွန်း ၈/မကန(နိုင်) ၁၉၉၈၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၆၅၄၃၆၂၇၀

### ပျောက်ဆုံးကြောင်း
အိသန္တာကျော်(ဘ)ဦးကျော်လင်းဆွေ ၁၂/ဥကမ(နိုင်)၂၅၉၂၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 027779)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
ကျော်သူဝင်း(ဘ)ဦးဉာဏ်မြင့် ၁၂/ဥကမ(နိုင်) ၂၅၉၀၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 494185)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၀၃၆၈၃၅၀

### ပျောက်ဆုံးကြောင်း
စန္ဒာရွှေ(ဘ)ဦးဘရွှေ၁၁/ကဖန(နိုင်)၀၆၁၇၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 733486)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၆၅၀၆၀၉၁၄

### ပျောက်ဆုံးကြောင်း
နွဲ့ယဉ်မွန်(ဘ)ဦးတင်မြင့် ၃/ဘအန(နိုင်) ၃၄၆၉၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 508479)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
မောင်ခင်စိုး(ဘ)ဦးစံငွေ ၁၄/ကခန(နိုင်) ၁၀၆၂၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
စုစုအောင်(ဘ)ဦးသန်းထွန်း ၁၄/ဒဒရ(နိုင်) ၁၁၅၄၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၅၆၄၅၀၆၀

### ပျောက်ဆုံးကြောင်း
နန်းမွေခမ်း(ဘ)ဦးကျော်လှိုင် ၁/မညန(နိုင်) ၁၈၅၅၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၆၄၅၉၁၄၆၃

### ပျောက်ဆုံးကြောင်း
ထွန်းနိုင်ဦး(ဘ)ဦးလှဦး ၇/တငန(နိုင်) ၂၃၀၆၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ဦးစိုးသိန်း(ဘ)ဦးငွေသိန်း ၁၂/ဥကတ(နိုင်) ၀၉၆၅၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
လွဲ့ဇင်ဝင်း(ဘ)ဦးနေဝင်း ၁၂/ကမရ(နိုင်) ၀၁၁၄၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ဇင်ကိုဦး(ဘ)ဦးမောင်နေထွန်း ၁၁/စတန(နိုင်)၁၁၃၄၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၄၁၆၉၄၄၃

### ပျောက်ဆုံးကြောင်း
မိသန္တာစိုး(ဘ)ဦးအောင်ဖိုး ၃/ဘအန(နိုင်) ၄၂၄၂၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 028401)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
ယဉ်ပိုထွေး(ဘ)ဦးစန်းလွင် ၇/ညလပ(နိုင်) ၂၀၀၆၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 147086)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
ကျော်မြထွန်း(ဘ)ဦးစိန်ထွန်း ၁၂/ဥကမ(နိုင်) ၁၅၇၁၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
မိုးတင်(ဘ)ဦးတင် ၉/ညဥန(နိုင်)၀၇၀၂၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၂၅၉၄၄၁၆

### ပျောက်ဆုံးကြောင်း
အိအိမွန်(ဘ)ဦးမျိုးသန်း ၅/ဘတလ(နိုင်) ၁၃၀၆၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၄၀၁၄၂၅၂

### ပျောက်ဆုံးကြောင်း
ဒေါ်အုံးမြင့်(ဘ)ဦးထွန်းမောင် ၁၄/မမန(နိုင်) ၀၃၇၇၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၆၆၆၃၀၁၄၈

### ပျောက်ဆုံးကြောင်း
ငြိမ်းငြိမ်းအေး(ဘ)ဦးမျိုးမြင့်စိုး ၉/ညဥန(နိုင်) ၂၅၃၄၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၈၆၇၅၁၀၀

### ပျောက်ဆုံးကြောင်း
မင်းဟိန်းကျော်(ဘ)ဦးမျိုးမင်းထွန်း ၉/ရမသ(နိုင်)၂၄၀၉၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၆၈၀၄၉၄၉၂

### ပျောက်ဆုံးကြောင်း
ခိုင်သဇင်(ဘ)ဦးအောင်သန်းမြင့် ၈/တတက(နိုင်)၂၆၁၁၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၉၃၅၈၁၇၇

### ပျောက်ဆုံးကြောင်း
နေလင်းအောင်(ဘ)ဦးညွန့်ဝင်း ၇/ဖမန(နိုင်) ၂၂၁၀၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 917212)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၉၀၅၀၉၃၇

### ပျောက်ဆုံးကြောင်း
ဝင်းမောင်(ဘ)ဦးအိုက်ဥ ၁၃/နဆန(နိုင်) ၀၈၁၀၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၉၈၃၃၁၄၅

### ပျောက်ဆုံးကြောင်း
အမောင်(ဘ)ဦးလုံး ၃/ကဆက(နိုင်) ၀၇၀၃၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၃၃၉၉၃၈၀

### ပျောက်ဆုံးကြောင်း
မမီး(ဘ)ဦးသန်းအောင် ၃/ကဆက(နိုင်) ၀၅၂၃၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၃၃၉၉၃၈၀

### ပျောက်ဆုံးကြောင်း
မင်းဇော်(ဘ)ဦးထီးရယ် ၂/လကန(နိုင်) ၀၇၅၉၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၁၆၅၅၁၈၃

### ပျောက်ဆုံးကြောင်း
ဗိုလ်သိန်းဌေး(ဘ)မောင်မှတ်ဦး ၁၁/ရဗန(နိုင်)၀၅၂၆၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၀၈၉၉၃၇

## အလိမ္မာစာမှာရှိ

### ပျောက်ဆုံးကြောင်း
နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ငကောင်းကံကျေးရွာအုပ်စု၊ ဇီးကုန်းကျေးရွာနေ မဇင်မာထွေး(ဘ)ဦးလှသန်း ၉/ပမန(နိုင်)၂၅၀၁၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၀၈၅၈၅၁၆

### ပျောက်ဆုံးကြောင်း
သော်တာချမ်းမြေ့(ဘ)ဦးခင်မောင်စိုး ၉/ပဥလ(နိုင်)၀၂၈၀၄၅ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၃၁၃၅၂၃၈

### ပျောက်ဆုံးကြောင်း
တင်သန်း(ဘ)ဦးခင်မောင်အေး ၁၂/ဥကတ(နိုင်)၁၈၃၁၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၈၉၈၃၈၁၅၄၇

### ပျောက်ဆုံးကြောင်း
ဥမ္မာကြည်(ဘ)ဦးအောင်ကြည်ဦး ၁၀/မလမ(နိုင်)၁၂၉၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၈၉၈၃၈၁၅၄၇

### ပျောက်ဆုံးကြောင်း
ဝတ်ရည်ကျော်(ဘ)ဦးမြင့်ကျော် ၇/တငန(နိုင်)၁၃၆၇၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၀၁၁၉၅၇

### ပျောက်ဆုံးကြောင်း
ပိုင်ဒမ္မားလ်(ဘ)ဦးအပွနား ၁၂/မဂတ(ပြု) ၀၀၅၈၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၀၈၀၆၇၁

### ပျောက်ဆုံးကြောင်း
ဧရာဝတီတိုင်းဒေသကြီး၊ ငွေဆောင်မြို့၊ အမှတ်(၁)ရပ်ကွက်၊ ဇီးမှော်လမ်းနေ မကေသီမိုး(ဘ)ဦးအေးသန်း ၁၄/ငဆန(နိုင်) ၀၀၂၅၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၃၀၄၆၁၅၁

### ပျောက်ဆုံးကြောင်း
သနပ်ပင်မြို့၊ ကျိုက်မဲရွာနေ လှမင်းအောင်(ဘ)ဦးတင်လှိုင် ၇/သနပ(နိုင်) ၁၂၆၆၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၁၄၄၃၁၈၁

### ပျောက်ဆုံးကြောင်း
ရန်ကင်းမြို့နယ်၊ (၁)ရပ်ကွက်၊ တိုက်(၃) အခန်း(၁)နေ အေးမျိုးကျော်(ဘ) ဦးခင်မောင်ကျော် ၁/မကန(နိုင်) ၁၀၁၁၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
သဃ်န်းကျွန်းမြို့နယ်၊ စံပြရပ်ကွက်၊ ၆လမ်း၊ (၉၂)နေ မောင်မောင်ဌေး(ဘ)ဦးအာလီအမောက် ၁၂/သဃက(နိုင်)၂၂၉၅၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 356681)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၁၁၇၃၅၉၄

### ပျောက်ဆုံးကြောင်း
မြောက်ဥက္ကလာပမြို့နယ်နေ မောင်မြင့်ဆွေ(ဘ)ဦးယုခင် ၁၂/ဥကမ(နိုင်)၀၃၂၆၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ (၁၀)ရပ်ကွက်၊ စစ်ကိုင်းလမ်း၊ အမှတ်(၂၉၇/ခ)နေ ဦးသန်းတင်(ဘ)မူနီရာမ်သီး(ခ)ဦးတင်လှ၁၂/လသယ(ပြု)၀၀၀၄၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

# သုံးပွဲဆက်ပွဲထွက်ကစားခွင့်ပျောက်ဆုံးပြီးနောက် လီဗာပူးအသင်း၏လုပ်ရပ်အပေါ် ဆာလက်ချ်ဝေဖန်ပြီး အသင်းမှထွက်ခွာရန်ပြင်ဆင်



**လန်ဒန် ဒီဇင်ဘာ ၈**

လီဗာပူးအသင်းတိုက်စစ်ကစားသမား ဆာလက်ချ်က သုံးပွဲဆက်ပွဲထွက်ကစားခွင့်ပျောက်ဆုံးပြီးနောက် အသင်း၏လုပ်ရပ်အပေါ် ဝေဖန်ပြီး လာမည့် ဇန်နဝါရီလ ကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာရန် ပြင်ဆင်နေကြောင်း သိရသည်။

ဆာလက်ချ်သည် ၂၀၁၇ ခုနှစ်က ရိုးမားအသင်းမှ လီဗာပူးအသင်းသို့ ပြောင်းရွှေ့ကစားပြီးနောက် ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ကာ လီဗာပူးအသင်းနှင့်အတူ ဆုဖလားများစွာ ဆွတ်ခူးနိုင်သည့်အပြင် တစ်ဦးချင်းဆုတံဆိပ်များကိုလည်းရရှိကာ မှတ်တမ်းကောင်းများစွာကိုလည်း ပိုင်ဆိုင်နိုင်ခဲ့သူဖြစ်သည်။

သို့သော် ယခုဘောလုံးရာသီတွင် လီဗာပူးအသင်း အနေဖြင့် ရလဒ်မတည်မငြိမ်ဖြစ်ကာ ရုန်းကန်နေရချိန်တွင် ဆာလက်ချ်သည်လည်း ခြေစွမ်းပြနိုင်ခြင်းမရှိသည့်အတွက် နည်းပြဆလော့၏ပွဲထွက်ကစားသမားစာရင်းမှပင် ချန်လှပ်ခံခဲ့ရခြင်းဖြစ်ပြီး နောက်ဆုံးကစားသည့် သုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးခဲ့သည့်အပြင် လိဒ်အသင်းနှင့် လီဗာပူးအသင်းတို့ သရေရလဒ်ထွက်ပေါ်ခဲ့သည့်ပွဲစဉ်တွင်လည်း လူစားဝင်ကစားသမားအဖြစ်ပင် မကစားခဲ့ရခြင်းဖြစ်သည်။

ဆာလက်ချ်က "ကျွန်တော် အသင်းအပေါ် ကာလရှည်အကျိုးပြုခဲ့တာပါ။ အခုလို အသင်းရလဒ်ဆိုးနေချိန်မှာ ကျွန်တော့်ကိုချန်လှပ်ပြီး အသင်းရလဒ်ဆိုးနေတာကို ကျွန်တော့်အပေါ်ပုံချတဲ့ အသင်းရဲ့လုပ်ရပ်က မျှတမှုမရှိပါဘူး။ ကျွန်တော် အရင်က အသင်းအပေါ် ဘယ်လောက်ပေးဆပ်ထားတာ အားလုံးသိပါတယ်။ ကျွန်တော့်အနာဂတ်အတွက် စဉ်းစားဖို့လိုလာပါပြီ"ဟု ပြောသည်။

ဆာလက်ချ်သည် ပြီးခဲ့သည့်ကစားသမားအပြောင်းအရွှေ့ကာလကတည်းက ဆော်ဒီထိပ်တန်းကလပ်အသင်းများနှင့် သတင်းများထွက်ပေါ်ခဲ့ပြီး ၎င်းကိုယ်တိုင်က ဆော်ဒီပရိုလိဂ်ပြိုင်ပွဲထံ ပြောင်းရွှေ့ကစားရန်ကြိုးပမ်းခဲ့သော်လည်း မအောင်မြင်ဘဲ လီဗာပူးအသင်းနှင့် နှစ်နှစ်သက်တမ်းတိုးစာချုပ်သစ်ချုပ်ဆိုခဲ့ကာ ယခုအခါ အသင်းနှင့်လည်း ဆက်ဆံရေးတင်းမာမှုများရှိလာပြီးနောက် လာမည့် ဇန်နဝါရီလ ကစားသမားအပြောင်းအရွှေ့ကာလတွင် ဆော်ဒီပရိုလိဂ်မှ ထိပ်တန်းအသင်းတစ်သင်းထံ ပြောင်းရွှေ့ဖွယ်ရှိကြောင်း သိရသည်။

*Ref;Fabrizio Romano*

# မန်ယူအသင်းမှ လူငယ်ကစားသမား ကိုဘီမိုင်နူးအား အသင်းအများစုက ခေါ်ယူရန်စီစဉ်

**မန်ချက်စတာ ဒီဇင်ဘာ ၈**

မန်ယူအသင်းနှင့် အနာဂတ်မရေမရာဖြစ်နေသည့် လူငယ်ကွင်းလယ်ကစားသမား ကိုဘီမိုင်နူးအား လာမည့်ဇန်နဝါရီလ ကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းအများစုက ခေါ်ယူရန်စီစဉ်နေကြောင်း သိရသည်။

ကိုဘီမိုင်နူးသည် နည်းပြဟောင်း တန်ဟတ်လက်ထက်က အဓိက ကစားသမားတစ်ဦးအဖြစ် ပါဝင်ခဲ့သော်လည်း ယခုဘောလုံးရာသီ နည်းပြအမိုရင်လက်အောက်တွင် ပွဲထွက်ခွင့်မရရှိဘဲ လူစားဝင်ကစားသမားအဖြစ်သာ ဝင်ခွင့်ရရှိနေခြင်းဖြစ်သည်။

ကိုဘီမိုင်နူးကလည်း ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အင်္ဂလန်အသင်း၌ ရွေးချယ်ခံရရန် ကလပ်အသင်းနှင့်အတူ ပွဲထွက်ခွင့်လိုအပ်နေသည့်အတွက် မန်ယူအသင်းတွင် ပွဲထွက်ခွင့်ပျောက်ဆုံးနေသောကြောင့် လာမည့်ဇန်နဝါရီလ ကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာရန်ဆုံးဖြတ်ထားခြင်းဖြစ်သည်။

ကိုဘီမိုင်နူးအား ပရီးမီးယားလိဂ်မှ ချယ်လ်ဆီးအသင်းအပါအဝင် အသင်းအများစုက ခေါ်ယူရန် ပြင်ဆင်နေသကဲ့သို့ စီးရီးအေထိပ်သီး နာပိုလီအသင်းကလည်း ကမ်းလှမ်းရန်စီစဉ်နေကြောင်း သိရသည်။

*Ref;Fabrizio Romano*

# အာဆင်နယ်အသင်းကိုအနိုင်ရရှိပြီး နှစ်ပေါင်း ၁၀၀ ကျော်အတွင်း စံချိန်မှတ်တမ်းကောင်းတစ်ရပ်ကို အက်စ်တွန်ဗီလာအသင်းရရှိ

**လန်ဒန် ဒီဇင်ဘာ ၈**

အက်စ်တွန်ဗီလာအသင်းသည် ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၅)အဖြစ်ကစားသည့် အာဆင်နယ်အသင်းနှင့်ပွဲစဉ်တွင် ၂ ဂိုး- ၁ ဂိုးဖြင့် အနိုင်ရရှိပြီး အသင်းသမိုင်းတစ်လျှောက် နှစ်ပေါင်း ၁၀၀ ကျော်အတွင်း တင်ထားခဲ့သည့် စံချိန်မှတ်တမ်းကောင်းတစ်ရပ်ကိုရရှိခဲ့ကြောင်း သိရသည်။

အက်စ်တွန်ဗီလာအသင်းသည် အာဆင်နယ်အသင်းကိုအနိုင်ရရှိပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ နောက်ဆုံးကစားသည့် ၁၀ ပွဲတွင် ကိုးပွဲအနိုင်ရရှိသည့်မှတ်တမ်းကောင်းတစ်ရပ်ကို ပြန်လည်ရရှိခဲ့ခြင်းဖြစ်သည်။

အက်စ်တွန်ဗီလာအသင်းသည် ၁၉၁၉ ခုနှစ်က ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ နောက်ဆုံးကစားသည့် ၁၀ ပွဲတွင် ကိုးပွဲအနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခြင်းဖြစ်ပြီး ယခုအခါ အာဆင်နယ်အသင်းကို အနိုင်ရရှိပြီးနောက် နှစ်ပေါင်း ၁၀၀ ကျော်အတွင်း တင်ထားသည့် စံချိန်မှတ်တမ်းကောင်းတစ်ရပ်ကို ပြန်လည်ရရှိခဲ့ခြင်းဖြစ်သည်။

အက်စ်တွန်ဗီလာအသင်းသည် ယခုဘောလုံးရာသီအစပိုင်းက ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ငါးပွဲဆက်နိုင်ပွဲပျောက်ဆုံးသည်အထိ ရုန်းကန်ခဲ့ရသော်လည်း နောက်ပိုင်းပွဲစဉ်များတွင် ရလဒ်များပြန်လည်ကောင်းမွန်ခဲ့သည်။ အက်စ်တွန်ဗီလာအသင်းသည် ပရီးမီးယားလိဂ်နောက်ဆုံး ၁၀ ပွဲတွင် လီဗာပူးအသင်းကိုသာ ရှုံးနိမ့်ပြီး ကျန်ကိုးပွဲစလုံးကို အနိုင်ရရှိအောင် စွမ်းဆောင်နိုင်ကာ အမှတ်ပေးဇယားထိပ်ဆုံးမှ ဦးဆောင်နေသည့် အာဆင်နယ်အသင်းနှင့် သုံးမှတ်ကွာ၊ မန်စီးတီးအသင်းနှင့် တစ်မှတ်ကွာဖြင့် အဆင့်(၃)နေရာ၌ ရပ်တည်နေကြောင်း သိရသည်။

*Ref;Fotmob*



# ဘာစီလိုနာအသင်းက တိုက်စစ်ကစားသမား လီဝန်ဒေါစကီးအား သက်တမ်းတိုးစာချုပ်သစ်ချုပ်ဆိုရန်ဆုံးဖြတ်ထား

**ဘာစီလိုနာ ဒီဇင်ဘာ ၈**

ဘာစီလိုနာအသင်းက အစောပိုင်းက အသင်းမှ ဝါရင့်တိုက်စစ်ကစားသမား လီဝန်ဒေါစကီးအား ယခုဘောလုံးရာသီအကုန်တွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် လက်လွှတ်ရန်စီစဉ်ခဲ့သော်လည်း ယခုအခါ ဆုံးဖြတ်ချက်ကို ပြန်လည်ပြင်ဆင်ပြီး ရာသီမကုန်မီ သက်တမ်းတိုးစာချုပ်သစ်ချုပ်ဆိုရန်ဆုံးဖြတ်ထားကြောင်း သိရသည်။

အသက် ၃၇ နှစ်အရွယ်ရှိ လီဝန်ဒေါစကီးသည် ၂၀၂၂ ခုနှစ်က ဘိုင်ယန်မြူးနစ်အသင်းမှ ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ကာ လက်ရှိအချိန်ထိ သွင်းဂိုးများသွင်းယူနိုင်ခဲ့ပြီး အဓိက ကစားသမားအဖြစ် ပါဝင်နေသူဖြစ်သည်။

ဘာစီလိုနာအသင်းက အစောပိုင်းက လီဝန်ဒေါစကီး၏ လက်ရှိအသက်အရွယ်အပိုင်းအခြားကြောင့် ရာသီအကုန်တွင် အသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သည့်အတွက် အလွတ်ပြောင်းရွှေ့ကြေးဖြင့် လက်လွှတ်ရန်ဆုံးဖြတ်ခဲ့ပြီး ၎င်း၏နေရာ၌ အက်သလက်တီကိုအသင်းမှ အယ်ဗာရက်နှင့်အစားထိုးရန် ပြင်ဆင်နေခြင်းဖြစ်သည်။

သို့သော် အယ်ဗာရက်သည် ယခုဘောလုံးရာသီတွင် အက်သလက်တီကိုအသင်းနှင့်အတူ ခြေစွမ်းပြနိုင်ရန် ရုန်းကန်နေရပြီး သွင်းဂိုးများလည်း သွင်းယူနိုင်ခြင်းမရှိသည့်အတွက် ဘာစီလိုနာအသင်းက အယ်ဗာရက်အား ခေါ်ယူမည့်အစီအစဉ်ကို လက်လျှော့ခဲ့ကာ လီဝန်ဒေါစကီးကိုသာ သက်တမ်းတိုးစာချုပ်သစ်ချုပ်ဆိုပြီး အသင်းတွင် နှစ်အနည်းငယ်ထိန်းထားရန်ပြင်ဆင်လာခြင်းဖြစ်သည်။

လီဝန်ဒေါစကီးသည် ဘာစီလိုနာအသင်းနှင့်အတူ ဘောလုံးရာသီလေးရာသီအတွင်း ပြိုင်ပွဲစုံ ၁၆၃ ပွဲ ကစားထားပြီး သွင်းဂိုး ၁၀၉ ဂိုးသွင်းယူထားနိုင်သကဲ့သို့ ယခုဘောလုံးရာသီတွင်လည်း ပြိုင်ပွဲစုံ ရှစ်ဂိုးသွင်းယူထားကြောင်း သိရသည်။

*Ref;Goal.com*

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ကြက်သွန်(အဖြူ အနီ) ဧက ၁၁၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်

ပွင့်ဖြူ ဒီဇင်ဘာ ၈

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ကြက်သွန်(အဖြူ အနီ) ဧက ၁၁၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ကြက်သွန်နီ ၁၁၂၅ ဧက၊ ကြက်သွန်ဖြူ ၂၈ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ်အောက်တိုဘာလမှ စတင်စိုက်ပျိုးရာ လက်ရှိတွင် ကြက်သွန်နီ ၁၁၃၅ ဧကနှင့် ကြက်သွန်ဖြူ ၃၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကာ လျာထားဧကထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။



"ပွင့်ဖြူမြို့နယ်အတွင်း ဒီနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဒေသတွင်း စားရေရိက္ခာဖူလုံစေဖို့နဲ့ တောင်သူတွေ သီးနှံဝင်ငွေတိုးပွားစေဖို့ ကြက်သွန်(အဖြူ အနီ) ၁၁၅၃ ဧက လျာထားစိုက်ပျိုးခဲ့တာ ၁၁၇၃ ဧကအထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ကြက်သွန်တွေ အထွက်နှုန်းတိုးတက်စေဖို့၊ အရည်အသွေးကောင်းမွန်စေဖို့ လိုအပ်တဲ့စိုက်ပျိုးရေးနည်းပညာပေးတာတွေကို မြေပြင်ကွင်းဆင်းပြီး ဆောင်ရွက်နေပါတယ်။ ကြက်သွန်နီ ဈေးပြန်ကောင်းလာတဲ့အတွက် ဒီနှစ်မှာ တောင်သူတွေက ပိုမိုစိုက်ပျိုးလာကြပါတယ်" ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် တောင်သူများ စိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များရရှိရေး၊ စိုက်နည်းစနစ်များမှန်ကန်စေရေး၊ မြေဩဇာနှင့်သွင်းအားစုများ စနစ်တကျသုံးစွဲရေး၊ ပိုးမွှားရောဂါကင်းရှင်းရေး စသည့်တောင်သူအသိပညာပေးလုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကြက်သွန်ကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေတိုးပွားပြီး တောင်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကြက်သွန်ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

# ဆောင်းသီးနှံနေကြာမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်း မျိုးစေ့ချကိရိယာများပေးအပ်ခြင်းနှင့် နှမ်းစပါးကို မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးပြသ



ရန်ကုန် ဒီဇင်ဘာ ၈

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် တွံတေးမြို့နယ်၌ ဆောင်းသီးနှံနေကြာမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်း၊ မျိုးစေ့ချကိရိယာများပေးအပ်ခြင်းနှင့် နှမ်းစပါးကို မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးပြသခြင်း အခမ်းအနားကို ဒီဇင်ဘာလ ၇ ရက်က ကံဘဲ့ကျေးရွာအုပ်စု ကဘင်းကျေးရွာ ကွင်းအမှတ် (၁၁၂) ဦးပိုင်အမှတ် (၂/၂) တောင်သူ ဦးအောင်မျိုးသူ၏ လယ်ယာမြေနှင့် ဘုရားငုတ္တို(မ)ကျေးရွာ ကွင်းအမှတ် (၁၅၀) ဦးပိုင်အမှတ် (၃၈/ ၁၊ ၃၇/ ၃) ဒေါ်ခင်မာချိုနှင့် ဦးသိန်းငွေတို့၏လယ်ယာမြေ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးတင့်နိုင်နှင့် တွံတေးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးညွှန့်နွယ်တို့က အဖွင့်အမှာစကားများပြောကြားကြသည်။ ယင်းနောက် တိုင်းဒေသကြီးဦးစီးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက တောင်သူများထံ နေကြာမျိုးစေ့၊ ပျားပုံးများနှင့် တိုက်ရိုက်မျိုးစေ့ချကိရိယာများပေးအပ်သည်။ ဆက်လက်၍ ဘုရားငုတ္တို(မ)ကျေးရွာ တောင်သူ ဒေါ်ခင်မာချိုနှင့် ဦးသိန်းငွေတို့၏ လယ်ယာမြေ၌ ဆောင်းသီးနှံနေကြာမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်းနှင့် ကံဘဲ့ကျေးရွာအုပ်စု ကဘင်းကျေးရွာရှိ တောင်သူ ဦးအောင်မျိုးသူ၏ လယ်ယာမြေ၌ တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် နှမ်းစပါးစိုက်ပျိုးခြင်းတို့အား ကြည့်ရှုအားပေးကြသည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးတင့်နိုင်နှင့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တောင်သူများ တက်ရောက်ကြကြောင်း သိရသည်။

မျိုးလှိုင်(တွံတေး)

# အခြေခံပညာအထက်တန်းကျောင်း(ထန်းတပင်)၌ လူငယ်စကားဝိုင်းဆွေးနွေးပွဲကျင်းပ

ထန်းတပင် ဒီဇင်ဘာ ၈

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ထန်းတပင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းပြီး ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်နှင့်ပြည့်စုံစေရန်၊ လူအများရှေ့တွင် ရဲဝံ့စွာပြောဆိုတတ်စေရန်နှင့်လူငယ်အချင်းချင်း အသိပညာ ဗဟုသုတများ ဖလှယ်တတ်စေရန်ရည်ရွယ်၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ဒီဇင်ဘာလ ၈ ရက်တွင် အခြေခံပညာအထက်တန်းကျောင်း(ထန်းတပင်) ပင်လုံခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ညိုညိုလှိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းထွန်းအောင်က လူငယ်စကားဝိုင်း ကျင်းပရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းထွန်းအောင်ကဦးဆောင်ဆွေးနွေးသူအဖြစ်ဆောင်ရွက်ပြီး Grade –11(A)မှ မောင်လင်းမြတ်ဟိန်းက လူငယ်နှင့်စာရိတ္တ ၊ Grade – 10(A) မှ မောင်ကောင်းမြတ်မင်းက လူငယ်နှင့်အားကစား ၊ Grade – 10(B) မှ မလင်းလက်မွန်က လူငယ်နှင့်စာကြည့်တိုက်၊ မချစ်စုပပအောင်က လူငယ်နှင့်စည်းကမ်းခေါင်းစဉ်တို့ဖြင့် အသီးသီးဆွေးနွေးခဲ့ကြပြီး ဆွေးနွေးမှုအပေါ် သိရှိလိုသည့်မေးခွန်းများကို ကျောင်းသား၊ ကျောင်းသူများက မေးမြန်းကြရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားကြသည်။

အဆိုပါ လူငယ်စကားဝိုင်းဆွေးနွေးပွဲသို့ အခြေခံပညာအထက်တန်းနှင့် အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၂၀၀ ဦး တက်ရောက်ကြပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အသိပညာပေး နံရံကပ်စာစောင်နှင့် သုတ၊ ရသ စာအုပ်စာစောင်များခင်းကျင်းပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာကြည့်ရှုလေ့လာကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မြဝတီ ကာတွန်း



# ပဲခူးတိုင်းဒေသကြီးသို့ ယခုနှစ် ၁၀ လတာကာလအတွင်း ပြည်တွင်းပြည်ပခရီးသွားဧည့်သည် ၃၉၀၀၀၀ ခန့် ဝင်ရောက်လည်ပတ်ခဲ့



**ပဲခူး ဒီဇင်ဘာ ၈**

ပဲခူးတိုင်းဒေသကြီးသို့ ယခုနှစ်ဇန်နဝါရီလမှ အောက်တိုဘာလအထိ ၁၀ လတာကာလအတွင်း ပြည်တွင်းပြည်ပခရီးသွားဧည့်သည် ၃၉၀၀၀၀ ခန့် ဝင်ရောက်လည်ပတ်ခဲ့ပြီး ၂၀၂၄ ခုနှစ်ကာလတူထက် ခရီးသွားဧည့်သည် ၃၀၀၀၀ ကျော် ပိုမိုဝင်ရောက်ခဲ့ကြောင်း ပဲခူးတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

ပဲခူးတိုင်းဒေသကြီးသို့ ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအထိ ၁၀ လတာကာလအတွင်း ပြည်တွင်းပြည်ပခရီးသွားဧည့်သည် ၃၆၀၀၀၀ ခန့် ဝင်ရောက်ခဲ့ပြီး ယခုနှစ်တွင် ပြည်တွင်းပြည်ပခရီးသွား ဧည့်သည် ၃၉၀၀၀၀ ခန့်ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။

"ပဲခူးတိုင်းဒေသကြီးအတွင်းမှာ ဘုရားစေတီပုထိုးတွေ အများအပြားတည်ရှိပြီး ခရီးသွားဧည့်သည်တွေ လာရောက်လည်ပတ်မှုများပါတယ်။ သီတင်းကျွတ်၊ တန်ဆောင်တိုင်ပွဲတော်ကာလတွေမှာဆိုရင် ဟိုတယ်တွေနဲ့ တည်းခိုရိပ်သာတွေမှာ ခရီးသွားဧည့်သည်တွေ ပြည့်လျှံတဲ့အပြင် ဘုန်းကြီးကျောင်းတွေနဲ့ ကျန်တဲ့ နေရာတွေမှာပါ တည်းခိုခဲ့ကြတာကို တွေ့ရပါတယ်" ဟု ပဲခူးတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလင်းဇော်ထွဋ်ကပြောသည်။

လက်ရှိ ပဲခူးတိုင်းဒေသကြီးအတွင်း ဘုရားဖူးခရီးစဉ် ၃၂ ခု၊ Eco Tourism ရှစ်ခုနှင့် ယဉ်ကျေးမှုခရီးသွားနေရာနှစ်ခု စုစုပေါင်းခရီးစဉ်နေရာဒေသ ၄၂ ခု ဖော်ဆောင်ထားပြီး အများအားဖြင့် ခရီးသွားဧည့်သည်များသည် ပဲခူးမြို့ရှိ ကမ္ဘောဇသာဒီရွှေနန်းတော်၊ ရွှေမော်ဓောစေတီနှင့် ကျိုက်ပေါ်စေတီ စသည့် နေရာများသို့ သွားလာလည်ပတ်ကြသကဲ့သို့ တခြားခရီးစဉ်ဒေသများသို့လည်း သွားရောက်လည်ပတ်မှုများကြောင်း သိရသည်။ **ဆောင်းဦး**

# ပန်းတောင်းမြို့နယ် အခြေခံပညာကျောင်းများ၌ နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်ပြပွဲ ဓာတ်ပုံပြပွဲနှင့် အသိပညာပေးဟောပြောပွဲကျင်းပ



**ပန်းတောင်း ဒီဇင်ဘာ ၈**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သင်းသင်းအေးနှင့်ဝန်ထမ်းများက ဒီဇင်ဘာလ ၈ ရက်တွင် အခြေခံပညာမူလတန်းကျောင်း (ဘဂ်) နှင့် အခြေခံပညာမူလတန်းကျောင်း (ယင်းရွာ) ကျောင်းများ၌ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်ပြပွဲ၊ ဓာတ်ပုံပြပွဲနှင့် အသိပညာပေးဟောပြောပွဲကျင်းပသည်။

အဆိုပါအသိပညာပေးဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သင်းသင်းအေးက ဗလငါးတန်နှင့်ပြည့်စုံသော လူတော်၊ လူကောင်းများပေါ်ထွန်းလာစေရန် ကျောင်းစာအပြင် ပြင်ပဗဟုသုတရရှိစေမည့် စာအုပ်စာပေများကို လေ့လာဖတ်ရှုမှတ်သားကြရန်၊ တိုးတက်လာသောခေတ်ရေစီးကြောင်းနှင့်အညီ အင်တာနက်ကို အကျိုးရှိစွာအသုံးချတတ်စေရန်နှင့် အင်တာနက်အသုံးပြုမှု၏ဆိုးကျိုးများကို အသိပညာပေးဟောပြောသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများအား ရုပ်ပြပုံပြင်များပြောခြင်း၊ ကိုယ်ကာယလှုပ်ရှားမှုလုပ်ငန်းစဉ်များ လိုက်ပါဆောင်ရွက်စေခြင်းများပြုလုပ်ပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော စာအုပ်စာစောင်များ၊ ကလေးအလုပ်သမားပပျောက်ရေး နံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့လာကြောင်း သိရသည်။

**လပြည့်လင်း(ပြန်/ဆက်)**

# ထားဝယ်မြို့၌ အကျိုးဆောင်တောင်သူများအား မျိုးစေ့ပေးအပ်ခြင်း အခမ်းအနားကျင်းပ

**ထားဝယ် ဒီဇင်ဘာ ၈**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် (မတ်ပဲ၊ အစေ့ထုတ်ပြောင်း၊ မြေပဲ၊ နေကြာ) စိုက်ပျိုးမည့် အကျိုးဆောင်တောင်သူများအား မျိုးစေ့ပေးအပ်ခြင်းအခမ်းအနားကို ဒီဇင်ဘာလ ၇ ရက်က ကျင်းပသည်။

ရှေးဦးစွာ ထားဝယ်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ဇေယျက တောင်သူများအတွက် မတ်ပဲတစ်ကေလျှင် ခြောက်ပြည်နှုန်းပေးအပ်ခြင်းဖြစ်ကြောင်းနှင့် ဆီထွက်သီးနှံများအထွက်နှုန်းကောင်းမွန်စေရေးအတွက် တောင်သူများအနေဖြင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်းစိုက်ပျိုးရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးတင်ထက်နောင်က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဦးထွန်းထွန်းက ထားဝယ်မြို့နယ်၌ မိုးစပါးရိတ်သိမ်းပြီး စိုက်ပျိုးရန်လျာထားသော ဆောင်းသီးနှံ မတ်ပဲ ၁၀၁၄ ဧက ပြည့်မီကျော်လွန်ရေး ဆောင်းသီးနှံ မြေပဲ၊ နေကြာ၊ အစေ့ထုတ်ပြောင်းစိုက်ပျိုးသော အကျိုးဆောင်တောင်သူများအား မျိုးစေ့ပေးအပ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တာဝန်ရှိသူများက ဇဟာကျေးရွာ၊ သပြေချောင်းကျေးရွာ၊ ဇလွန်းကျေးရွာ၊ တလိုင်းတောင်ကျေးရွာ၊ ကျောက်မော်ကျေးရွာတို့မှ တောင်သူများကို မတ်ပဲ ၁၃၅ တင်း၊ မြေပဲခြောက်တင်း၊ အစေ့ထုတ်ပြောင်း ၁၅ တင်း၊ ဆင်းရွှေနေကြာမျိုး (၂)-၉၀ Kg ကို ပေးအပ်ကြောင်း သိရသည်။ **ငွေဇင်ယော်(ထားဝယ်)**

# မြောင်းမြမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲတီစိမ်းဧက ၈၂၀၀ ကျော် စိုက်ပျိုးလျက်ရှိ

**မြောင်းမြ ဒီဇင်ဘာ ၈**



ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲတီစိမ်းဧက ၈၂၀၀ ကျော် လျာထားစိုက်ပျိုးလျက်ရှိကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်းမြမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲတီစိမ်းဧက ၈၂၂၀ ကို နိုဝင်ဘာလတတိယပတ်မှ စတင်စိုက်ပျိုးလျက်ရှိကြောင်း၊ အဆိုပါပဲတီစိမ်းများ လျာထားချက်ပြည့်မီအောင်စိုက်ပျိုးနိုင်ရေး တောင်သူများနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပဲတီစိမ်းဧက ၈၂၂၀ အထိ လျာထားစိုက်ပျိုးမှာပါ။ လက်ရှိစိုက်ပျိုးထားတဲ့ ပဲတီစိမ်းတွေ ပိုးမွှားအန္တရာယ်ကင်းရှင်းဖို့ နည်းပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်။ ဒီနှစ်ဆောင်းသီးနှံတွေ အခက်အခဲမရှိစိုက်ပျိုးနိုင်ဖို့အတွက် တောင်သူတွေနဲ့ သက်ဆိုင်ရာဌာနတွေ ပူးပေါင်းဆောင်ရွက်နေပါတယ်" ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်ကပြောသည်။

မြောင်းမြမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲတီစိမ်းလျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းတိုးတက်ကောင်းမွန်စေရေး၊ အရည်အသွေးကောင်းပဲများ စနစ်တကျစိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး စသည့်တောင်သူနည်းပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သုတကျော်**


ISO 9001:2008 Cert. No.683099
ဘေးကင်းစိတ်ချ လုံခြုံမှုရစေတာ
SIGMA
CABLE & WIRE
COPPER 99.99%
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၃၃၆၃၃၉၉၊ ၀၉ ၄၅၀၀၁၈၉၆၂
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀


အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .
DAGON
'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'
YANGON
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


Smart®
GENTLEMEN FASHION
Ph : 033-60337~8 , 09-5022324
Fax : 033-60339
E-mail : mehlgarment.pol@gmail.com
Facebook : Smart Smart
Viber : +95-9777585772
Address : Pyin Oo Lwin


ကြံတောင်သူစီးပွား ၊ ပြည်တွင်းသကြား ၊
ဝယ်ယူအားပေးကြပါစို့။
FDA- ၈၅/ ၂၁၃၄၉/ ထလ
canesugarokt7 @gmail.com
အုတ်တွင်းသကြားစက်

❖ အတန်းပညာကောင်းမွန်မှသာလျှင် အတတ်ပညာများသင်ယူရာ၌ ပိုမိုလွယ်ကူနိုင်မည်ဖြစ်...

❖ ပညာရေးကောင်းမွန်အောင်ဆောင်ရွက်ခြင်းသည် နောင်တစ်ချိန်အတွက် ရင်းနှီးမြှုပ်နှံမှုများဖြစ်ပြီး နိုင်ငံ၏အနာဂတ်အတွက်စိတ်ချရအောင် ပညာရေးကို စနစ်တကျဖြင့် အလေးပေးဆောင်ရွက်သွားကြရမည်ဖြစ် . . .

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့တွင် ပြုလုပ်သော တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ရှိဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု(ခ)ပွဲစဉ်တွင် မြန်မာအမျိုးသမီးဘောလုံးအသင်းက မလေးရှားအမျိုးသမီးဘောလုံးအသင်းအား သုံးဂိုးပြတ်ဖြင့်အနိုင်ရရှိ

နေပြည်တော် ဒီဇင်ဘာ ၈

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု(ခ)ပွဲစဉ်တွင် မြန်မာအသင်းအတွက် ဒုတိယပွဲစဉ်အဖြစ် မြန်မာအမျိုးသမီးဘောလုံးအသင်းနှင့် မလေးရှားအမျိုးသမီးဘောလုံးအသင်းတို့သည် ယနေ့မွန်းလွဲပိုင်းတွင် ထိုင်းနိုင်ငံ၊ ချွန်ဘူရီမြို့ရှိ TNSU Chonburi Stadium (Chonburi)၌ အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြရာ မြန်မာအမျိုးသမီးဘောလုံးအသင်းက မလေးရှားအမျိုးသမီးဘောလုံးအသင်းကို သုံးဂိုးပြတ်ဖြင့်

စာမျက်နှာ ၁၅ ကော်လံ ၁ ➔



မြန်မာအမျိုးသမီးဘောလုံးအသင်းနှင့် မလေးရှားအမျိုးသမီးဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

# တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ ဘိုကလေးမြို့နယ်နှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



နေပြည်တော် ဒီဇင်ဘာ ၈

တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူ ဘိုကလေးမြို့နယ်သို့ ရောက်ရှိနေသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဘိုကလေးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌အခြေပြု၍ ဒေသခံပြည်သူ ၇၃၃ ဦးအား

စာမျက်နှာ ၁၂ ကော်လံ ၁ ➤

တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

## KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများ ကျူးလွန်ရာတွင်အသုံးပြုသည့် အဆောက်အအုံများ ဆက်လက်ဖြိုချဖျက်ဆီး၊ မြဝတီမြို့အနီး၌ တရားမဝင်ပြည်ပနိုင်ငံသား ၂၃၂ ဦး ထပ်မံဖမ်းဆီးရမိ

စာ – ၂၂ သို့